# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# နဝမပုံမှန်အစည်းအဝေး
# (၁၁) ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | မြို့နယ်မြေစာရင်း၊ စာရင်းအင်းဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်နေရသော ရပ်/ကျေး မြေစာရင်းမှူးများကို ပိုမို တိုးချဲ့ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | ညောင်တုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ကွင်းအမှတ်(၄) အုတ်သျှစ်လှဘုရားကုန်းဦးပိုင်အမှတ်(၅၈) အတွင်းရှိ မြေပေါ်တွင်အသုံးမပြုဘဲပစ်ထားသော စိုက်ပျိုးရေးဦးစီးဌာနပိုင် ဂိုဒေါင်(၂)လုံးအား ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် မြေနေရာလိုအပ်နေပါသဖြင့် မြို့နယ်စည်ပင်သာယာရေးပိုင်မြေပေါ်မှ ဖယ်ရှားပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၇ | မိုင်းပန်မြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော နမ့်ပန်ချောင်းသည် နှစ်စဉ်ရေကြီးမှုကြောင့် မြို့နယ်အတွင်းရေကြီး ရေလျှံမှုများ မကြာခဏ ဖြစ်ပေါ်နေပါသဖြင့် နမ့်ပန်ချောင်း၏ ဟွေ့ကျောင်းချောင်း ဆုံနေရာမှ ကန်မောက်လျှံရွာအထိ ပေ ၃ သောင်းခန့်၊(၅.၅၃) မိုင်ရေတိမ်ကောမှုအား သဲနုန်း တူးဖော်ခြင်း၊ ချောင်းဖြောင့်ခြင်း၊ ချောင်းချဲ့ခြင်းတို့အား လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးရန် အစီ အစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၈ | လှိုင်သာယာ-ဟင်္သာတရထားလမ်းပိုင်းသည် စီမံကိန်းပြီးစီးသွားသော်လည်း ပေးဆွဲခြင်းမပြုတော့သည့် အတွက် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားဖြစ်ထွန်းစေရန် ကောင်းမွန်၍စနစ်ကျသော စီမံခန့်ခွဲမှုများဖြင့် မည်သည့်အချိန်တွင် မည်ကဲ့သို့ပြန်လည် ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၉ | ရန်ကုန်မြို့၊ မြို့ပတ်ရထားလမ်း၏ မင်္ဂလာဒုံဘူတာနှင့် မင်္ဂလာဒုံဈေးဘူတာကြား မီးရထားလမ်းသည် မြေသားတမံသဖွယ်ရေစီးဆင်းမှုအား ပိတ်ဆို့နေသည့်အတွက် ရပ်ကွက်(၇)ရပ်ကွက်မှ ပြည်သူသုံးသောင်းခန့် နှစ်စဉ်ရေဝပ်သည့်ဒဏ်ကို ခံစားနေရပါ၍ ခရေပင်လမ်းမကြီး၏ တောင် | ၁၇ |

| | | |
|---|---|---|
| | ဘက်နှင့်မြောက်ဘက် တစ်ဖက်စီတွင် မီးရထားလမ်းအောက်မှ ရေထွက် အားကောင်းမွန်သည့် မြောင်းများဖောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်း သည့်မေးခွန်း | |
| ၁၀ | အသိပညာ၊ အတတ်ပညာနှင့်စာတမ်းများ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မှီငြမ်းမှုများ ရယူဆောင်ရွက်နိုင်သည့် e-Learning အတွက် Internet Access ကို အဆင်ပြေပြေကုန်ကျစရိတ် နည်းပါးစွာနှင့် ရရှိအောင် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၂ |
| ၁၁ | ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက ၂၀၁၈ ခုနှစ်၊ လောင်းကစား ဥပဒေကြမ်းကို တင်သွင်းခြင်း | ၂၆ |
| ၁၂ | ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း | ၂၈ |
| ၁၃ | ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသည့် ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာခြင်း | ၃၉ |
| ၁၄ | ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ်က တင်သွင်းသည့် မြန်မာ့ သစ်သီးဝလံစိုက်ပျိုး ထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသအလိုက် စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်နေကြသော နှစ်ရှည်သီးပင် ဥယျာဉ်ခြံလုပ်ငန်း များ၏ အဓိကလိုအပ်ချက် ပင်မအရင်းအမြစ်များအပေါ် ထောက်ပံ့ကူညီပေး နိုင်သည့် စီမံကိန်းမျိုးကို ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ခွဲဝေချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၃၉ |
| ၁၅ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက် မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၆၀ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး

## (၁၁) ရက်မြောက်နေ့ အစီအစဉ်

## [ ၂၁–၈–၂၀၁၈ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါက်တာဦးတင်ဋ္ဌေးအောင်၊ ရေစကြို မဲဆန္ဒနယ်၏ **မြို့နယ်မြေစာရင်း၊ စာရင်းအင်းဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်နေရသော ရပ်/ကျေး မြေစာရင်းမှူးများကို ပိုမိုတိုးချဲ့ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးအုန်းလွင်၊ ညောင်တုန်း မဲဆန္ဒနယ်၏ **ညောင်တုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ကွင်းအမှတ်(၄)–အုတ်သျှစ်လှ ဘုရားကုန်း–ဦးပိုင် အမှတ်(၅၈) အတွင်းရှိ မြေပေါ်တွင် အသုံးမပြုဘဲ ပစ်ထားသော စိုက်ပျိုးရေး ဦးစီးဌာနပိုင် ဂိုဒေါင် (၂) လုံးအား ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန် မြေနေရာ လိုအပ်နေပါသဖြင့် မြို့နယ်စည်ပင်သာယာရေးပိုင် မြေပေါ်မှ ဖယ်ရှားပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုင်းကျော်မိုး၊ မိုင်းပန် မဲဆန္ဒနယ်၏ **မိုင်းပန်မြို့နယ်အတွင်း ဖြတ်သန်း စီးဆင်းလျက်ရှိသော နမ့်ပန်ချောင်းသည် နှစ်စဉ် ရေကြီးမှုကြောင့် မြို့နယ်အတွင်း ရေကြီးရေလျှံမှုများ မကြာခဏ ဖြစ်ပေါ်နေပါသဖြင့် နမ့်ပန်ချောင်း၏ ဟွေ့ကျောင်းချောင်းဆုံ နေရာမှ ကန်မောက်လျံရွာအထိ ပေ ၃ သောင်းခန့်၊ (၅.၅၃)မိုင် ရေတိမ်ကောမှုအား သဲနုန်းတူးဖော်ခြင်း၊ ချောင်းဖြောင့်ခြင်း၊ ချောင်းချဲ့ခြင်းတို့အား လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဇော်မင်းသိန်း၊ လေးမျက်နှာ မဲဆန္ဒနယ်၏ **လှိုင်သာယာ–ဟင်္သာတ ရထားလမ်းပိုင်းသည် စီမံကိန်းပြီးစီးသွားသော်လည်း ပြေးဆွဲခြင်း မပြုတော့သည့်အတွက် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွား ဖြစ်ထွန်းစေရန် ကောင်းမွန်၍ စနစ်ကျသော စီမံခန့်ခွဲမှုများဖြင့် မည်သည့်အချိန်တွင် မည်ကဲ့သို့ပြန်လည်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအောင်လှိုင်ဝင်း၊ မင်္ဂလာဒုံ မဲဆန္ဒနယ်၏ **ရန်ကုန်မြို့ မြို့ပတ် ရထားလမ်း၏ မင်္ဂလာဒုံဘူတာနှင့် မင်္ဂလာဒုံဈေးဘူတာကြား မီးရထားလမ်းသည် မြေသားတမံသဖွယ်ရေစီးဆင်းမှုအား ပိတ်ဆို့ နေသည့်အတွက် ရပ်ကွက် (၇) ရပ်ကွက်မှ ပြည်သူသုံးသောင်းခန့် နှစ်စဉ်ရေဝပ်သည့်ဒဏ်ကို ခံစားနေရပါ၍ ခရေပင်လမ်းမကြီး၏ တောင်ဘက်နှင့်မြောက်ဘက် တစ်ဖက်စီတွင် မီးရထားလမ်းအောက်မှ ရေထွက်အား ကောင်းမွန်သည့် မြောင်းများဖောက်လုပ် ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါက်တာဦးစံရွှေဝင်း၊ ရေကြည် မဲဆန္ဒနယ်၏ **အသိပညာ၊ အတတ်ပညာနှင့် စာတမ်းများ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မှီငြမ်းမှုများ ရယူဆောင်ရွက်နိုင်သည့် e-Learning အတွက် "Internet Access"ကို အဆင်ပြေပြေ ကုန်ကျစရိတ်နည်းပါးစွာနှင့် ရရှိအောင် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက **"၂၀၁၈ ခုနှစ်၊ လောင်းကစား ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၇။ **"၂၀၁၈ ခုနှစ်၊ လောင်းကစား ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသည့် **"၂၀၁၈ ခုနှစ်၊ လောင်းကစား ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်က တင်သွင်းသည့် **"မြန်မာ့သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသအလိုက်စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်နေကြသော နှစ်ရှည်သီးပင် ဥယျာဉ်ခြံလုပ်ငန်းများ၏ အဓိကလိုအပ်ချက် ပင်မအရင်းအမြစ်များအပေါ် ထောက်ပံ့ကူညီပေးနိုင်သည့် စီမံကိန်းမျိုးကို ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ခွဲဝေချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"**အဆိုကို အောက်ပါလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးအောင်ကြည်သိန်း၊ ချောင်းဆုံ မဲဆန္ဒနယ်၊

(ခ) ဦးစောထွန်းမြအောင်၊ ဖာပွန် မဲဆန္ဒနယ်၊

(ဂ) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၊

(ဃ) ဦးနန်မွန်ထင်၊ မချမ်းဘော မဲဆန္ဒနယ်၊

(င) ဦးခမ်ခန့်ထန်၊ တွန်းဇံ မဲဆန္ဒနယ်၊

(စ) ဦးစိုင်းထွန်းစိန်၊ မိုင်းပျဉ်း မဲဆန္ဒနယ်၊

(ဆ) ဦးရန်လင်း၊ ကျိုက်လတ် မဲဆန္ဒနယ်၊

(ဇ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၊

(ဈ) ဒေါ်ဝင့်ဝါထွန်း၊ ရှားတော မဲဆန္ဒနယ်၊

၁၀။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
## (၁၁)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်
## (၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦးရှိသည့်အနက် ၃၈၈ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်

ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၂၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ သြဂုတ်လ ၂၁ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၀ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၈၈ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၃၈ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁၁ ရက်၊
(၂) မိုင်းယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆမ် ခွင့် ၁ ရက်၊
(၃) ဓနုဖြူမဲဆန္ဒနယ်မှ ဦးတင်လှ ခွင့် ၄ ရက်၊
(၄) ဖရူဆိုမဲဆန္ဒနယ်မှ ဦးပဲ့ဒူ ခွင့် ၁ ရက်၊
(၅) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၁ ရက်၊
(၆) ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ခွင့် ၄ ရက်၊
(၇) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့် ခွင့် ၁ ရက်၊
(၈) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၁ ရက်၊
(၉) တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း ခွင့် ၄ ရက်၊
(၁၀) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊
(၁၁) အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး ခွင့် ၁ ရက်၊
(၁၂) ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ခွင့် ၁ ရက်၊
(၁၃) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊
(၁၄) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၁ ရက်၊
(၁၅) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး ခွင့် ၄ ရက်၊

မူကြမ်း

(၁၆) မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင် ခွင့် ၁ ရက်၊
(၁၇) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၃ ရက်၊
(၁၈) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော် ခွင့် ၁ ရက်၊
(၁၉) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊
(၂၀) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၄ ရက်၊
(၂၁) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဖိုးမြတ် ခွင့် ၁ ရက်၊
(၂၂) တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၄ ရက်၊
(၂၃) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်၊
(၂၄) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၁ ရက်၊
(၂၅) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၁ ရက်၊
(၂၆) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁ ရက်၊
(၂၇) ပင်းတယမဲဆန္ဒနယ်မှ ဦးစိုးမြင့် ခွင့် ၄ ရက်၊
(၂၈) အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး ခွင့် ၁ ရက်၊
(၂၉) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊
(၃၀) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၁ ရက်၊
(၃၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစောကျော်အောင် ခွင့် ၃ ရက်၊
(၃၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးကိုကို ခွင့် ၃ ရက်၊
(၃၃) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၄ ရက်၊
(၃၄) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၁ ရက်၊
(၃၅) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ ခွင့် ၁ ရက်၊
(၃၆) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၄ ရက်၊
(၃၇) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်နှင့်
(၃၈) ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၄ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၈ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၄၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်

သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ၊ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါ့မယ်။

## မြို့နယ်မြေစာရင်း၊ စာရင်းအင်းဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်နေရသော ရပ်/ကျေး မြေစာရင်းမှူးများကို ပိုမို တိုးချဲ့ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရေစကြိုမဲဆန္ဒနယ်မှ ဒေါက်တာတင်ဌေးအောင် မေးမြန်းဖို့ဖြစ် ပါတယ်။

**ဒေါက်တာတင်ဌေးအောင်(ရေစကြိုမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ ဧည့်သည်တော်ကြီးများနှင့် ကိုယ်စားလှယ် တော်ကြီးများအားလုံး ကိုယ်ရောစိတ်ပါကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ တောင်သူလယ်သမားများအတွက် အရေးပါတဲ့ လယ်ယာမြေစာရင်းဌာနနှင့်ပတ်သက်ပြီး မေးမြန်းသွားမယ့် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမဲဆန္ဒနယ် က ကိုယ်စားလှယ် ဒေါက်တာတင်ဌေးအောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်ရဲ့အခြေခံမူများရဲ့ပုဒ်မ ၂၃ မှာ နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ (က) အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်။ (ခ) စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများသင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်လို့ ပြဋ္ဌာန်းပါရှိပါတယ်။ ဒီပြဋ္ဌာန်းချက်ကို အောင်မြင်အောင် အကောင်အထည်ဖော်ရန်လည်းကောင်း၊ နိုင်ငံတော်ရဲ့ ၆၈ ရာခိုင်နှုန်းရှိတဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးရန်လည်းကောင်း၊ လယ်ယာမြေ နှင့် စာရင်းအင်းဌာနတွေဟာ အလွန်အရေးပါတဲ့ကဏ္ဍမှာပါရှိနေပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ခေတ်အမျိုးမျိုး၊ စနစ်အမျိုးမျိုး၊ လုပ်ထုံးအမျိုးမျိုးတွေရှိခဲ့တာကြောင့် ပြည်သူအများစုဖြစ်တဲ့ တောင်သူလယ်သမားများရဲ့ မြေယာလုပ်ပိုင်ခွင့်နှင့် စီမံခန့်ခွဲမှုများဟာ နက်နဲရှုပ်ထွေးခဲ့ပါတယ်။ ရှုပ်ထွေးနေဆဲလည်းပဲဖြစ်ပါတယ်။ ဒီမိုကရေစီအစိုးရအပြောင်းအလဲမှာ တောင်သူလယ်သမားများရဲ့ မြေယာလုပ်ပိုင်ခွင့်များကို မှန်ကန်ကောင်းမွန်အောင် နည်းမျိုးစုံနှင့် ကျိုးပမ်းနေသော်လည်းပဲ အခြေခံ ဒေသတွေမှာ လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာပြဿနာတွေ၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်း

ခံမှုပြန်လည်စိစစ်ရေးပြဿနာတွေဟာ ယနေ့တိုင် မပြီးမပြတ်နိုင်ဖြစ်နေပါတယ်။ ဒီလို အစည်းအဝေး လုပ်တဲ့အခါမှာ လယ်စီအစည်းအဝေးတွေ၊ လယ်ယာပြန်စစ်အစည်းအဝေးများလုပ်တဲ့အခါ မြေပြင်ကို ကွင်းဆင်းစစ်ဆေးဖို့လိုတဲ့အခါမှာ ဒီဌာနတွေက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကွင်းတာဝန်ခံများကို ဖိတ်ခေါ်တဲ့အခါမှာ ဗဟိုတိုင်း/ခရိုင်အစည်းအဝေးများတက်ရောက်နေရခြင်း၊ ဝန်ထမ်းအင်အား နည်းပါးခြင်းစတဲ့ အခက်အခဲများကြောင့် အစည်းအဝေးများ မကြာခဏပျက်ပြီးတော့ ရွှေ့ရောက်မှု နည်းနေပါတယ်။ နှောင့်နှေးနေရမှုဖြစ်ပါတယ်။ တချို့ယာမြေတော်တော်များများကိုလည်း ပုံစံခွန် ထုတ်ပေးနိုင်မှုမရှိသေးပါဘူး။ ဝန်ထမ်းအင်အားနည်းပါးတယ်လို့သိရပါတယ်။ ကျွန်တော့်မဲဆန္ဒနယ် မှာပဲ စာရေးတစ်ဦးတည်းကနေ အုပ်စု ၆ ခုထိ တာဝန်ယူနေရတဲ့အဆင့်ရှိပါတယ်။ အချိန်နှင့်အမျှ တိုးတက်လာတဲ့ လူဦးရေအခြေအနေအရ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးဖို့ လိုအပ်လာရင် နိုင်ငံတော်ရဲ့အနေအထားအရ စိုက်ပျိုးမြေတိုးချဲ့ဖန်တီးပေးခြင်း၊ အရင်းအနှီး နည်းပညာနှင့် သွင်းအားစုပံ့ပိုးပေးခြင်းတို့ကို စနစ်တကျစီမံခန့်ခွဲပေးဖို့ ဥပဒေ၊ နည်းဥပဒေများနှင့် ရည်ရွယ်ချက် များလည်း ရှိထားပြီးဖြစ်ပါတယ်။ ဒီလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ လည်းပဲ လယ်ယာမြေနှင့်စာရင်းအင်းဌာနတွေဟာ မပါအဖြစ် အရေးကြီးတဲ့နေရာမှာ ရှိနေကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ တောင်သူလယ်သမားတွေ အရေးကြီးတာဝန်တွေကို ထဲထဲဝင်ဝင် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် လယ်ယာမြေနှင့်စာရင်းအင်းဌာနဝန်ထမ်းများ တိုးချဲ့ ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးပါမည်နည်း မေးခွန်းအား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ် ပါတယ်။

## ဖြေကြားချက်

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေး တိုင်းဒေသကြီး၊ ရေစကြိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်ဌေးအောင်ရဲ့ မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော် ဦးလှကျော်မှ ပြန်လည်ဖြေကြားပေးပါ့မယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မိမိဝန်ကြီးဌာန အောက်မှာရှိတဲ့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရဲ့ ဝန်နှင့်အားမမျှတတဲ့ အနေအထားပေါ်မှာထောက်ရှုပြီး ဒီမေးခွန်းကိုမေးမြန်းတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ကိုလည်း များစွာကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနဟာ ယခင် ကြေးတိုင် နှင့် မြေစာရင်းဦးစီးဌာနအဖြစ် ၁၉၀၆ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့ကတည်းက စတင်ဖွဲ့စည်း တည်ထောင်ခဲ့တဲ့ဌာနတစ်ခုဖြစ်ပါတယ်။ မူလဖွဲ့စည်းစဉ်က ဌာနရဲ့အဓိကလုပ်ငန်းတာဝန်တွေဟာ

မြေခွန်တော်စည်းကြပ်ခြင်းနှင့် လယ်ယာကဏ္ဍစာရင်းအင်းများပြုစုခြင်း၊ ကြေးတိုင်လုပ်ငန်းများ ဆောင်ရွက်ခြင်းလုပ်ငန်းများဖြစ်ကြပါတယ်။ နောက်ပိုင်းကာလတွေမှာ နိုင်ငံတော်ရဲ့လိုအပ်ချက်အရ မြေအသုံးချမှုဆိုင်ရာ စာရင်းများ၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာစာရင်းများနှင့် မြေယာပိုင်ဆိုင်မှု စာရင်းတွေကို မှတ်တမ်းတင်ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ရေခွန်၊ တာတမံခွန်စည်းကြပ်နိုင်ရေး စာရင်းပြုလုပ်ငန်းများနှင့် စာချုပ်စာတမ်းများ မှတ်ပုံတင်ပေးခြင်းလုပ်ငန်းတွေကို ဆောင်ရွက်လာရတဲ့ အပြင် ဒေသအလိုက်အုပ်ချုပ်ရေးပိုင်းက တာဝန်ပေးတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာလည်းပဲ ဆောင်ရွက်မှုရှိလာတဲ့ဌာနတစ်ခုဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်မှာ ပြည်ထောင်စုလွှတ်တော်ကနေ ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ်(၁၁)အဖြစ် လယ်ယာမြေဥပဒေကိုပြဋ္ဌာန်းခဲ့ပါတယ်။ အဆိုပါ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ ပုဒ်မ ၁၇ ပါပြဋ္ဌာန်းချက်တွေနှင့်အညီ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များနှင့် ယင်းအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်ပြဋ္ဌာန်းထုတ်ပြန်ပေးမှုနှင့်အညီ ကြေးတိုင်နှင့်မြေစာရင်းဦးစီး ဌာနမှ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများနှင့် ရပ်ကွက်/ကျေးရွာအုပ်စုတာဝန်ခံ မြေတိုင်းစာရေးများအားလုံးအနေနဲ့ ဌာနရဲ့ မူလလုပ်ငန်းတာဝန်များအပြင် လယ်ယာမြေစီမံခန့်ခွဲမှု အဆင့်ဆင့်ရဲ့ အတွင်းရေးမှူးတာဝန်ကိုပါ ထမ်းဆောင်ကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း များစီမံခန့်ခွဲရေးဥပဒေပါ ပြဋ္ဌာန်းချက်ပါ လုပ်ငန်းတာဝန်တွေကို ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ တာဝန်ယူထမ်းဆောင်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ အတည်ပြုချက်အရ ၁-၆-၂၀၁၅ ရက်နေ့မှစပြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအဖြစ် အမည်ပြောင်းလဲပြင်ဆင် ခဲ့ပြီးတဲ့နောက် ဌာနအမည်နှင့်လိုက်လျောညီထွေရှိတဲ့ လုပ်ငန်းတာဝန်တွေကို ပြန်လည်ရေးဆွဲပြီး ဌာနရဲ့ဖွဲ့စည်းပုံ ပြင်ဆင်ရေးဆွဲလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေရေးဆွဲစဉ်အချိန် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ ဝန်ထမ်း ဖွဲ့စည်းပုံခွင့်ပြုအင်အားဟာ ၁၄၃၃၃ ဦးဖြစ်ပါတယ်။ အဆိုပါ ဖွဲ့စည်းပုံခွင့်ပြုအင်အားမှာ ရပ်ကွက်/ကျေးရွာအုပ်စုတာဝန်ခံ မြေတိုင်းစာရေးခွင့်ပြုအင်အားဟာ ၇၃၈၈ ဦးသာလျှင် ခွင့်ပြုထားမှု ရှိပါတယ်။ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေအရ တစ်နိုင်ငံလုံး ရပ်ကွက်/ကျေးရွာအုပ်စု ပေါင်း ၁၆၈၇၅ ဦး ရှိတဲ့အတွက် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ ဖွဲ့စည်းထားတဲ့ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အစည်းတွေမှာ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ဖို့အတွက် ရပ်ကွက်/ကျေးရွာအုပ်စုတာဝန်ခံမြေတိုင်းစာရေး ၁၆၈၇၅ ဦး ခန့်အပ်တာဝန်ပေးဖို့ လိုအပ်လာမှာ ဖြစ်ပါတယ်။ အဆိုပါလိုအပ်ချက်အပေါ်မှာအခြေခံပြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီး ဌာန၏ ဖွဲ့စည်းပုံကို ပြင်ဆင်ရေးဆွဲလျက်ရှိရာမှာ လက်ရှိလုပ်ငန်းတာဝန်များနှင့် လိုက်လျောညီထွေ ဖြစ်စေနိုင်မည့် ဝန်ထမ်းအင်အား ၂၀၇၀၂ ဦးပါတဲ့ ဌာနရဲ့ဝန်ထမ်းအင်အား ဖွဲ့စည်းပုံအသစ်ကို အဆိုပြုရေးဆွဲတင်ပြခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ ဖွဲ့စည်းပုံအသစ်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်

ဆည်မြောင်းဝန်ကြီးဌာနမှ ၁၅-၈-၂၀၁၇ ရက်နေ့မှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန၊ စီမံကိန်းနှင့် ဖွံ့ဖြိုးပုံစိစစ်ရေးအဖွဲ့ကို တင်ပြဆောင်ရွက်ထားရှိပြီးလည်းဖြစ်ပါတယ်။

အဆိုပါ ရေးဆွဲတင်ပြထားတဲ့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရဲ့ ဖွဲ့စည်းပုံ အသစ်မှာ တာဝန်နည်းပါးတဲ့ ကျေးရွာအုပ်စုအချို့မှာ နှစ်အုပ်စုမှာ မြေတိုင်းစာရေး တစ်ဦးနှုန်း၊ တာဝန် များပြားတဲ့ ကျေးရွာအုပ်စုတွေမှာ မြေတိုင်းစာရေးတစ်ဦးနှုန်းဖြင့် နိုင်ငံတော်ရဲ့ဘဏ္ဍာငွေ ခြိုးခြံချွေတာ ရေးနှင့် ဖွဲ့စည်းပုံအင်အား ဖောင်းပွမှုမရှိစေရေးအတွက် စနစ်တကျတွက်ချက်ရေးဆွဲထားခြင်း ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့မေးမြန်းချက်နှင့် ပတ်သက်ပြီး ရပ်/ကျေး မြေစာရင်းမှူးများကို ပိုမိုတိုးချဲ့ခန့်ထားနိုင်ရေးအတွက် လက်ရှိ လယ်ယာမြေစီမံခန့်ခွဲရေး နှင့် စာရင်းအင်းဦးစီးဌာနရဲ့ဖွဲ့စည်းပုံကို ဝန်ထမ်းအင်အား ၂၀၇၀၂ ဦးပါတဲ့ ဖွဲ့စည်းပုံအသစ်ဖြင့် ပြင်ဆင်ရေးဆွဲတင်ပြထားမှုရှိတဲ့အလျောက် နိုင်ငံတော်ရဲ့ခွင့်ပြုချက်ရရှိလာတာနှင့်အမျှ လုပ်ငန်း တာဝန်များပြားတဲ့ ရပ်ကွက်/ကျေးရွာအုပ်စုတစ်စုမှာ တာဝန်ခံမြေတိုင်းစာရေး တစ်ဦးနှုန်း၊ လုပ်ငန်း တာဝန်နည်းပါးတဲ့ ရပ်ကွက်/ကျေးရွာအုပ်စု နှစ်အုပ်စုမှာ တာဝန်ခံမြေတိုင်းစာရေး တစ်ဦးနှုန်းနဲ့ ဘဏ္ဍာငွေခွဲဝေရရှိမှုနှင့်အညီ ခန့်အပ်တာဝန်ပေးအပ်သွားနိုင်မည်ဖြစ်ပါကြောင်းနှင့် ဌာနရဲ့ လုပ်ငန်း တာဝန်တွေကို ယခုထက် ပိုမိုလျင်မြန်သွက်လက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ညောင်တုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ကွင်းအမှတ်(၄) အုတ်သျှစ်လှဘုရားကုန်း ဦးပိုင်အမှတ်(၅၈) အတွင်းရှိ မြေပေါ်တွင်အသုံးမပြုဘဲပစ်ထားသော စိုက်ပျိုးရေးဦးစီးဌာနပိုင် ဂိုဒေါင်(၂)လုံးအား ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် မြေနေရာလိုအပ်နေပါသဖြင့် မြို့နယ်စည်ပင်သာယာရေးပိုင်မြေပေါ်မှ ဖယ်ရှားပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအုန်းလွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအုန်းလွင်(ညောင်တုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ ညောင်တုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းလွင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ကွင်းအမှတ်(၄) အုတ်သျှစ်လှဘုရားကုန်း ဦးပိုင်အမှတ်(၅၈)အတွင်းမှာရှိတဲ့ မြို့နယ်မြူနီစပယ်သာယာရေးပိုင်မြေပေါ်မှာ စိုက်ပျိုးရေးဦးစီးဌာနပိုင် ၃၂ ပေ x ၁၀၀ ပေအကျယ်ရှိတဲ့ သစ်သားဂိုဒေါင်တစ်လုံးနဲ့ ၂၀ ပေ x ၃၀ ပေအကျယ်ရှိတဲ့ အုတ်နံရံကာ ဂိုဒေါင်တစ်လုံးကို ၁၉၉၂ ခုနှစ်ကတည်းက ဆောက်လုပ်ထားပါတယ်။ ယခုအခါ ယင်းစိုက်ပျိုးရေးဦးစီးဌာနပိုင် ဂိုဒေါင်များ အသုံးမပြုတာလည်းကြာပါပြီ။ သစ်သားဂိုဒေါင်များမှာလည်း ယိုယွင်းပျက်စီးနေပြီးတော့ ဘေးပတ်လည်မှာလည်း ခြုံနွယ်ပိတ်ပေါင်းများနဲ့ပိတ်ဆို့နေပါတယ်။ နောက် ယခင် လမ်းစဉ်ပါတီ လက်ထက်ကလည်း ဒါတွေကို ဓာတ်မြေဩဇာတွေထားသွားတဲ့အတွက် ညစ်ပတ်ပြီးတော့ အနံ့အသက် လည်း မကောင်းပါဘူး။

ကျွန်တော့်အား ပိုမိုရှင်းလင်းစေရန် Power Point အသုံးပြုခွင့်ပြုပါရန် မေတ္တာရပ်ခံ ခွင့်တောင်းခံအပ်ပါတယ်။ ဒါကတော့ လက်ရှိဂိုဒေါင်နှစ်လုံးတည်ရှိနေတဲ့ မြေစာရင်းပုံစံ(၁၀၅)ဖြစ်ပါတယ်။ ဒါကတော့ အခု ကျွန်တော်တင်ပြတဲ့ ၃၂ ပေ x ၁၀၀ ပေရှိတဲ့ ဂိုဒေါင်လေးဖြစ်ပါတယ်။ ဒါက ဂိုဒေါင်အသေးဖြစ်ပါတယ်။ သူကတော့ ပေ ၂၀ x ပေ ၃၀ အသေးလေးပါ။ ဒါက နောက်ဘက်မှာ ခြုံနွယ်ပိတ်ပေါင်းတွေနဲ့ သစ်သားအကာတွေက ယိုယွင်းပျက်စီးနေပါတယ်။ ဒါလည်း ခြုံနွယ်ပိတ်ပေါင်းတွေနဲ့ အဲဒီဂိုဒေါင်ကြီးကို ပိတ်ဆို့နေတဲ့ပုံပါ။ ဒါလည်း ပိတ်ဆို့နေတဲ့ပုံပါပဲ။ အထဲမှာ နွယ်တွေ တက်နေပါတယ်။ ဒါက ဂိုဒေါင်နှစ်လုံးစလုံးမှာ ခြုံနွယ်ပိတ်ပေါင်းတွေနဲ့ပိတ်ဆို့ပြီးတော့ အသုံးမပြုဘဲ အလဟဿပစ်ထားသလိုဖြစ်နေပါတယ်။ နောက် ဒီပုံကလည်း ကျွန်တော်ခွေခေါင်ခေါင်မှာရိုက်ထားတဲ့ ပုံပါ။ ထို့ကြောင့် မြို့နယ်အတွက် အလွန်လိုအပ်လျက်ရှိတဲ့ ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် လိုအပ်နေပါသဖြင့် အသုံးမပြုဘဲ ပစ်ထားသလိုဖြစ်နေတဲ့ စိုက်ပျိုးရေးဦးစီးဌာနပိုင် ဂိုဒေါင်နှစ်လုံးအား မြို့နယ် စည်ပင်သာယာရေးမြေမှ ဖယ်ရှားပေးနိုင်ခြင်းရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းလွင်ရဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ကွင်းအမှတ်(၄) အုတ်သျှစ်လှဘုရားကုန်း ဦးပိုင်အမှတ်(၅၈)အတွင်းမှာရှိတဲ့ မြို့နယ်မြူနီစပယ်သာယာရေးပိုင်မြေပေါ်မှာ အသုံးမပြုဘဲ ပစ်ထားတဲ့ စိုက်ပျိုးရေးဦးစီးဌာနပိုင် ဂိုဒေါင်နှစ်လုံးကို ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် မြေနေရာ လိုအပ်နေတဲ့အတွက် မြို့နယ်စည်ပင်သာယာရေးပိုင်မြေပေါ်မှ ဖယ်ရှားပေးနိုင်ခြင်းရှိ/မရှိမေးခွန်းနှင့် စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားပေးပါ့မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ကွင်းအမှတ်(၄) အုတ်သျှစ်လှဘုရားကုန်း ဦးပိုင်အမှတ်(၅၈)ပေါ်မှာ စိုက်ပျိုးရေးဦးစီးဌာနပိုင် ပေ ၁၀၀ x ပေ ၃၀ x ၁၈ ပေအရွယ်အစားရှိတဲ့ သွပ်မိုး၊ ပျဉ်ကာ၊ ကွန်ကရစ်ခင်း မျိုးထွန်သိုလှောင်ရုံတစ်လုံးနှင့် ပေ ၃၀ x ပေ ၂၀ x ၁၄ ပေအရွယ်အစားရှိတဲ့ ကျောက်ပြားမိုး၊ အုတ်ညှပ်၊ ကွန်ကရစ်ခင်း ပိုးသတ်ဆေးသိုလှောင်ရုံတစ်လုံး တည်ရှိပါတယ်။ ဒီသိုလှောင်ရုံတွေကို ၁၉၈၁ ခုနှစ်ကတည်းက ဆောက်လုပ်ခဲ့တာဖြစ်ပါတယ်။ သိုလှောင်ရုံဆောက်လုပ်ထားတဲ့ မြေနေရာဟာ မြို့နယ်စည်ပင် သာယာရေးပိုင်မြေ ဖြစ်ပါတယ်။ ညောင်တုန်းမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ၁၈-၂-၂၀၁၅ ရက်နေ့မှာ စိုက်ပျိုးရေးဦးစီးဌာနပိုင်မြေအဖြစ် လွှဲပြောင်းရရှိဖို့ မြို့နယ်စည်ပင်သာယာရေးကော်မတီကို

တင်ပြတောင်းခံခဲ့ရာမှာ မြို့နယ်စည်ပင်သာယာရေးကော်မတီက ၎င်းမြေကိုစွန့်လွှတ်ပေးနိုင်ခြင်း မရှိပါကြောင်းပြန်ကြားခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနပိုင် သိုလှောင်ရုံနှစ်လုံးအနက် ပေ ၃၀ x ပေ ၂၀ x ၁၄ ပေ အရွယ်အစား ကျောက်ပြားမိုး၊ အုတ်ညှပ်၊ ကွန်ကရစ်ခင်း ပိုးသတ်ဆေးသိုလှောင်ရုံဟာ အမိုးများ ပေါက်ပြဲလျက်ရှိပါတယ်။ လက်ရှိမှာ အသုံးပြုထားခြင်းမရှိပါကြောင်းတင်ပြအပ်ပါတယ်။ ပေ ၁၀၀ x ပေ ၃၀ x ၁၈ ပေအရွယ်အစားရှိတဲ့ သွပ်မိုး၊ ပျဉ်ကာ၊ ကွန်ကရစ်ခင်း မျိုးထွန်သိုလှောင်ရုံ ကတော့ ပျက်စီးခြင်းမရှိတဲ့အတွက် လက်ရှိမှာ ညောင်တုန်းမြို့နယ်၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဦးစီးဌာနက ခေတ္တယာယီဖွင့်လှစ်ပြီး ဌာနပိုင်ထောက်ပံ့ရေးပစ္စည်းများသိုလှောင်ရုံ ထားရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါသိုလှောင်ရုံနှစ်လုံးမြေနေရာကို ဝန်ထမ်းပေါင်းစုံအိမ်ရာအဖြစ် ဆောက်လုပ်အသုံးပြုမယ်ဆိုပါက သင့်လျော်တဲ့အစီအစဉ်ဖြစ်တဲ့အလျောက် စိုက်ပျိုးရေးဦးစီးဌာန အပါအဝင် ဌာနပေါင်းစုံမှ ဝန်ထမ်းများအတွက် နေအိမ်အခက်အခဲကို ဖြေရှင်းပေးနိုင်မှာဖြစ်တဲ့ အတွက် မိမိဝန်ကြီးဌာနအနေနဲ့ သိုလှောင်ရုံနှစ်လုံးကို ဖယ်ရှားရှင်းလင်းစွန့်လွှတ်ပေးနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ သို့သော်လည်းပဲ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်မှာ ဝန်ထမ်း အိမ်ရာဆောက်လုပ်မယ့် အစီအစဉ်ကိုဖော်ပြထားခြင်းမရှိဘဲ အဆိုပါသိုလှောင်ရုံတွေကို မြေပေါ်မှ ဖယ်ရှားပေးခြင်းထက် လက်ရှိမှာ ခေတ္တယာယီရုံးဖွင့်လှစ်ပြီး ဌာနပိုင်ပစ္စည်းများ သိုလှောင်ထားတဲ့ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနသို့ လွှဲပြောင်းပေးမယ်ဆိုရင် သင့်လျော်တဲ့အစီအစဉ် ဖြစ်ကြောင်း ဖြေကြားထားမှုရှိပါတယ်။ သို့ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်း ထားတဲ့မြေနေရာမှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကစီမံခန့်ခွဲတဲ့ စည်ပင်သာယာမြေဖြစ်တဲ့ အတွက် ယခုမေးမြန်းထားတဲ့ကိစ္စရပ်အပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ညှိနှိုင်းဆောင်ရွက်သွားသင့် ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မိုင်းပန်မြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော နမ့်ပန်ချောင်းသည် နှစ်စဉ်ရေကြီးမှုကြောင့် မြို့နယ်အတွင်းရေကြီးရေလျှံမှုများ မကြာခဏဖြစ်ပေါ်နေပါသဖြင့် နမ့်ပန်ချောင်း၏ ဟွေ့ကျောင်းချောင်း ဆုံနေရာမှ ကန်မောက်လျှံရွာအထိ ပေ ၃ သောင်းခန့်(၅.၅၃) မိုင်ရေတိမ်ကောမှုအား သဲနုန်း တူးဖော်ခြင်း၊ ချောင်းဖြောင့်ခြင်း၊ ချောင်းချဲ့ခြင်းတို့အား လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးရန် အစီ အစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မိုး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုး ဖြစ် ပါတယ်။ ကျွန်တော့်ဒီကနေ့ တင်ပြမေးမြန်းမယ့် မေးခွန်းကတော့ မိုင်းပန်မြို့နယ်အတွင်း ဖြတ်သန်း စီးဆင်းလျက်ရှိတဲ့ နမ့်ပန်ချောင်းဟာ နှစ်စဉ်မိုးရေကြီးမှုကြောင့် မြို့နယ်အတွင်းရေကြီးရေလျှံမှုများ

မကြာခဏဖြစ်ပေါ်နေပါသဖြင့် နမ့်ပန်ချောင်းအား ဖြောင့်ခြင်း၊ ချဲ့ခြင်းနှင့် သဲနုန်းတူးဖော်ခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မြို့နယ်ဟာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) ဝေးလံတဲ့အစွန်အဖျားဒေသမှာ တည်ရှိတဲ့အတွက် မြို့နယ် အတွင်း တိုင်းရင်းသားအများစုနေထိုင်ကြကာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကိုသာ အဓိက လုပ်ကိုင်ကြပါတယ်။ မြို့နယ်အတွင်းမှာ နမ့်ပန်ချောင်းဟာ မြို့နယ်ရဲ့အရှေ့ဘက်တောင်ပိုင်းသစ်တော ကြိုးဝိုင်းနှင့် နမ့်သောင်းသစ်တောကြိုးဝိုင်းတို့ကနေပြီးတော့ ချောင်းဖျားခံကာ အရှေ့ဘက်မှ အနောက်ဘက်ကို ကွေ့ကောက်ဖြတ်သန်းစီးဆင်းတယ်။ လင်းခေးမြို့နှင့် နမ်တိမ်းချောင်းအတွင်းကို စီးဝင်သွားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပေးရန် တင်ပြအပ်ပါ တယ်ခင်ဗျား။ တင်ပြပါ နမ့်ပန်ချောင်းဟာ လင်းခေး-မိုင်းပန် ပြည်ထောင်စုလမ်းမကြီးဘေးချင်းယှဉ် လျက်စီးဆင်းပြီးတော့ ချောင်းစီးဆင်းရာမြေပြန့်တစ်လျှောက် ဒေသခံတောင်သူများရဲ့ ယာမြေစိုက်ပျိုး မြေဧရိယာ ၁၀၀၀ ကျော်တည်ရှိရာ သီးနှံစိုက်ပျိုးမှုများကို များစွာအကျိုးပြုလျက်ရှိပါတယ်။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်ခန့်စတင်ပြီးတော့ သစ်တောများပြုန်းတီးခြင်း၊ ရွှေ့ပြောင်းတောင်ယာများချဲ့ထွင်ခြင်းနဲ့ ရာသီဥတုများ ပြောင်းလဲလာခြင်းတို့ကြောင့် နမ့်ပန်ချောင်းဟာ နှစ်စဉ်မိုးရွာသွန်းမှုများကြောင့် တောင်ကျချောင်းရေများပြားလာပြီး အထူးသဖြင့် ယခင်နှစ်မှာမိုးစပါးနှင့် ကြက်သွန်ဖြူစိုက်ပျိုးရာသီ မှာမိုးမမှန်ခြင်း၊ အချိန်အခါမဟုတ်မိုးရွာသွန်းခြင်းတို့ကြောင့် နမ့်ပန်ချောင်းရေကြီးရေလျှံခြင်းတို့ ဖြစ်ပေါ်လာပြီး လယ်ယာမြေများဖုံးလွှမ်းခြင်းခံခဲ့ရတဲ့အတွက် မိုးစပါးနှင့် ကြက်သွန်ဖြူစိုက်ခင်းများ အများအပြား ပျက်စီးကာ ဒေသခံတောင်သူများအတိဒုက္ခရောက်ခဲ့ကြရပါတယ်။ တင်ပြပါပုံကတော့ ဒါနမ့်ပန်ချောင်းရေကြီးမှုကြောင့် မြို့နယ်အတွင်းမှာ မြို့ရဲ့ဝန်းကျင်မှာရေကြီးရေလျှံ ဖြစ်ပေါ် နေတာဖြစ်ပါတယ်။ တင်ပြပါပုံကလည်းပဲ မြို့ဝန်းကျင်မှာ ရေကြီးရေလျှံမှုများ ယခင်နှစ်များ ဖြစ်ပေါ် ခဲ့တာ ဖြစ်ပါတယ်။ ဒါ လယ်ယာစိုက်ပျိုးမြေများ ရေကြီးနစ်မြုပ်နေမှုများဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ နမ့်ပန်ချောင်းရေကြီးရေလျှံစဉ် ချောင်းအဖျားမှ သဲနုန်းများပို့ချလာတဲ့အတွက်ကြောင့် နမ့်ပန်ချောင်းနှင့် ပွေ့ကျောင်းချောင်းဆုံနေရာမှာ ကန်မောက်လျှံကျေးရွာအထိ ပေ ၃ သောင်း ၅.၅၃ မိုင်ခန့် ရေတိမ်ကောလာတာဖြစ်တဲ့အတွက် ရေစီးဆင်းမှုမကောင်းတော့ဘဲ အမြဲရေလျှံခြင်း၊ ရေလမ်း ကြောင်းများ ပြောင်းလဲသွားခြင်း၊ ချောင်းကွေ့ကောက်ခြင်းတို့များ ဖြစ်ပေါ်လျက်ရှိပါတယ်။ ထိုကဲ့သို့ ဖြစ်ပေါ်နေမှုကို ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ အမြန်ဆုံးပြုလုပ်ပေးမှသာ လာမည့်နှစ်များမှာ အထက်ပါရေဘေးအန္တရာယ်များ ကာကွယ်သွားနိုင်မှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ မိုင်းပန်မြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိတဲ့ နမ့်ပန်ချောင်းဟာ ရေကြီးရေလျှံမှုကြောင့် မြို့နယ်အတွင်းရေကြီးရေလျှံမှုများ မကြာခဏဖြစ်ပေါ်နေပါသဖြင့် နမ့်ပန် ချောင်းရဲ့ ပွေ့ကျောင်းချောင်းဆုံနေရာမှ ကန်မောက်လျှံရွာအထိ ပေ ၃ သောင်းခန့်ကို ရေတိမ်ကော လာမှုကို သဲနုန်းတူးဖော်ခြင်း၊ ချောင်းဖြောင့်ခြင်း၊ ချောင်းချဲ့ခြင်းတို့ကို လိုအပ်သလို စီစဉ်ဆောင်ရွက် ပေးရန် အစီအစဉ်ရှိ/မရှိကို ဒေသခံပြည်သူများကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဒုတိယဝန်ကြီးများနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ရှမ်းပြည်နယ်၊ မိုင်းပန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုး၏ မိုင်းပန်မြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိတဲ့ နမ့်ပန်ချောင်းသည် နှစ်စဉ်ရေကြီးမှုကြောင့် မြို့နယ်အတွင်းရေကြီးရေလျှံမှုများ မကြာခဏဖြစ်ပေါ်နေပါသဖြင့် နမ့်ပန်ချောင်း၏ ဟွေ့ကျောင်းချောင်းဆုံနေရာမှ ကန်မောက်လျံရွာအထိ ပေ ၃ သောင်းခန့်၊ (၅.၅၃) မိုင်ရေတိမ်ကောမှုအား သဲနုန်းတူးဖော်ခြင်း၊ ချောင်းဖြောင့်ခြင်း၊ ချောင်းချဲ့ခြင်းတို့အား လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးမှ ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ ၁၂၊ ရှမ်းပြည်နယ်ရုံးမှ ပြည်နယ်ဦးစီးမှူးနှင့် အဖွဲ့တို့ဟာ ၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်နေ့နှင့် ၁၈ ရက်နေ့ညမှာ မိုင်းပန်မြို့နယ်၊ နမ့်ပန်ချောင်းနှင့် ဟွေ့ကျောင်းချောင်းဆုံနေရာမှာ ကန်မောက်လျံရွာ၏ အထက်ဘက်အထိ နမ့်ပန်ချောင်းတစ်လျှောက် ကွင်းဆင်းတိုင်းတာစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့အတိုင်း မိုင်းပန်မြို့နယ်အတွင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးအများစုဟာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသဖြင့် နမ့်ပန်ချောင်းဟာဆိုရင် ချောင်းဝဲ/ယာရှိ တောင်သူများရဲ့ စိုက်ပျိုးမြေဧကများစွာကို အကျိုးပြုလျက်ရှိပြီး ချောင်းတစ်လျှောက်မှာ ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်ထားတဲ့ ဆည်တစ်ခုနှင့် ဒေသအစီအစဉ်ဖြင့်ပြုလုပ်ထားတဲ့ ရေတားဆည်ခြောက်ခု စုစုပေါင်းဆည်ခုနှစ်ခု ရှိကြောင်း တွေ့ရှိရပါတယ်။ အဆိုပါဆည်များဟာ စိုက်ပျိုးမြေဧကများစွာကို အကျိုးပြုသော်လည်း ချောင်းကြမ်းပြင်မြင့်တက်ခြင်းကို ဖြစ်ပေါ်စေသဖြင့် ဆည်များရဲ့အထက်ဘက်မှာ ချောင်းရေကြီးရေလျှံမှုကို ဖြစ်ပေါ်စေနိုင်ပါတယ်။

နမ့်ပန်ချောင်းရေကြီးရေလျှံမှု ဖြစ်ပေါ်ရခြင်းရဲ့ အကြောင်းအရင်းတွေကတော့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့ သစ်တောများပြုန်းတီးခြင်း၊ ရွှေ့ပြောင်းတောင်ယာများချဲ့ထွင်ခြင်း၊ ရာသီဥတုပြောင်းလဲလာခြင်းစသည်တို့အပြင် ချောင်းရဲ့ရေဝေရေလဲဧရိယာအတွင်း မိုးရေနှင့်အတူ မြေဆီလွှာများ သဲချောင်းငယ်များမှတစ်ဆင့် နမ့်ပန်ချောင်းအတွင်း အနည်ပို့ချခြင်း၊ သစ်ပင်သစ်ကိုင်းများ မိုးရေနှင့်အတူပါလာစဉ် ချောင်းအတွင်းပိတ်ဆို့ကာ ရေကာတန်းသဖွယ်ဖြစ်၍ ချောင်းအတွင်းအနည်ပို့ချခြင်းနှင့် ကားလမ်းများချဲ့ရာမှ ထွက်ရှိလာတဲ့ မြေစာများကို ချောင်းဘက်သို့

ချထားခြင်းတို့ကြောင့် ချောင်းကြမ်းပြင်မြင့်တက်၍ ရေစီးရေလာမကောင်းတော့ဘဲ ရေဆန်ဘက်မှာ ရေကြီးရေလျှံမှုများဖြစ်ပေါ်လာကြောင်း လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ တင်ပြခွင့်ပြုပါ။ ဒီဟာကတော့ ကျွန်တော်တို့ စောစောကတင်ပြသွားတဲ့ နမ့်ပန်ချောင်းအတွင်း အနည်ပို့ချနေတဲ့ သဲချောင်းငယ်များတွေ့မြင်ရပုံ ဖြစ်ပါတယ်။ ဒီဟာက ချောင်းအတွင်း ပိတ်ဆို့နေတဲ့ သစ်ပင်၊ သစ်ကိုင်း များကိုတွေ့မြင်ရတဲ့ပုံများဖြစ်ပါတယ်။ ဒီပုံကတော့ ကျွန်တော်တို့ လမ်းချဲ့တဲ့နေရာမှာ ထွက်ရှိလာတဲ့မြေစာတွေဟာ ချောင်းအတွင်းကို ကျရောက်နေတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ဆည်မြောင်းဦးစီးဌာနကနေဆောင်ရွက်နေတဲ့ ရေတားဆည်ကို တွေ့မြင်ရတဲ့ပုံဖြစ်ပါတယ်။ နမ့်ပန်ချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် ချောင်းဖြောင့်ခြင်းနည်းလမ်းဖြင့် ဆောင်ရွက်နိုင်သော်လည်း အဲဒီလို ဆောင်ရွက်ပါက ချောင်းရဲ့ဝဲ/ယာရှိ စိုက်ပျိုးမြေပိုင်ရှင်များဖြင့် ညှိနှိုင်းမှုများပြုလုပ်ရန် လိုအပ်မည်ဖြစ်သဖြင့် အချိန်ကြန့်ကြာပြီး ငွေကုန်ကြေးကျလည်းများမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါနည်းလမ်းဖြင့် မဆောင်ရွက်ဘဲ ပထမဦးစားပေးအနေဖြင့် သစ်ကိုင်းများဖြင့် ပိတ်ဆို့နေတဲ့ နေရာငါးနေရာကို တူးဖော်ရှင်းလင်းဖယ်ရှားခြင်းနှင့် ဒုတိယဦးစားပေးအနေဖြင့် နမ့်ပန်ချောင်းနှင့်ဟွေ့ကျောင်းချောင်းဆုံရာနေရာမှာ ကန်မောက်လျှံရွှာအကြား ချောင်းတစ်လျှောက် ၄.၃၆ မိုင်ကို ချောင်းအတွင်း သဲနုန်းတူးဖော်ခြင်းနှင့် ချောင်းချဲ့ခြင်းများကိုသာ ဆောင်ရွက်သင့်ကြောင်း ကွင်းဆင်းလေ့လာတွေ့ရှိရပါတယ်။

ဒီဟာကတော့ ကျွန်တော်စောစောက တင်ပြသွားတဲ့ လုပ်ငန်းတွေနဲ့ သူတို့ရဲ့ ကုန်ကျစရိတ်ကို ဖော်ပြထားတာ ဖြစ်ပါတယ်။ ပထမဦးစားပေးကတော့ ကျွန်တော်တို့ ငါးနေရာမှာ ပိတ်ဆို့နေတဲ့ဟာတွေ တူးဖော်ရှင်းလင်းဖို့နဲ့ ဒုတိယဦးစားပေးအနေနဲ့ကတော့ နမ့်ပန်ချောင်းနှင့် ဟွေ့ကျောင်းချောင်းဆုံနေရာကနေ ကန်မောက်လျှံရွာကြား ၄.၃၆ မိုင်ကို တူးဖော်ခြင်းဖြစ်ပါတယ်။ အဲဒီလုပ်ငန်းနှစ်ခုစလုံးမှာ ကျွန်တော်တို့ တူးဖော်တဲ့နေရာမှာ အောက်မှာပြထားတဲ့ပုံအတိုင်း ဇလားပုံအတိုင်း ရေစီးရေလာကောင်းဖို့အတွက်ကို တူးဖော်သွားမှာဖြစ်ပါတယ်။ ဒီပုံကတော့ ကျွန်တော်တို့ အနီဝိုင်းလေးတွေနဲ့ ပြထားတာကတော့ ခုနက သစ်ပင်သစ်ကိုင်းတွေကို တူးဖော်ရှင်းလင်းပြီး ချောင်းချဲ့မယ့်နေရာငါးနေရာဖြစ်ပါတယ်။ နောက်တစ်ခုက ဒုတိယဦးစားပေးဆောင်ရွက်မယ့်ဟာကတော့ ညာဘက်က ကျွန်တော်တို့ ဟွေ့ကျောင်းချောင်းနှင့် နမ့်ပန်ချောင်းဆုံတဲ့နေရာကနေ ဘယ်ဘက်ကန်ပေါက်လျှံရွာကြား(A) ကနေ (B) အထိ ၄.၃၆ မိုင် တူးဖော်ရှင်းလင်းသွားမှာဖြစ်ပါတယ်။ တင်ပြပါအတိုင်း နမ့်ပန်ချောင်းနှင့် ဟွေ့ကျောင်းချောင်းဆုံနေရာမှ ကန်ပေါက်လျှံရွာအထိ ရေတိမ်ကောမှုများကို သက်သာစေရန်သစ်ပင်သစ်ကိုင်းများ ရှင်းလင်းဖယ်ရှား၍ ချောင်းချဲ့ခြင်းလုပ်ငန်းနှစ်ခုကို စုစုပေါင်းရန်ပုံငွေ ခုနကတင်ပြသွားတဲ့ဇယားအတိုင်း ၁၆၁.၆၄ သန်းလိုအပ်မှာ ဖြစ်ပါတယ်။ အဲဒီလိုအပ်တဲ့ ရန်ပုံငွေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ငွေလုံးငွေရင်းရန်ပုံငွေမှလည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေတွင်လည်းကောင်း ထည့်သွင်းလျာထားခြင်းမရှိပါ။

နမ့်ပန်ချောင်းရေကြီးရေလျှံမှုရဲ့ အကြောင်းရင်းတစ်ခုဖြစ်တဲ့ ကားလမ်းများချဲ့ရာမှ ထွက်ရှိလာတဲ့ မြေစာများချောင်းအတွင်းသို့ ကျရောက်မှုများ နောင်မဖြစ်ပွားစေရေးအတွက် သက်ဆိုင်သည့် လမ်းဦးစီးဌာနသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ညွှန်ကြားထားရှိပြီးဖြစ်ပါတယ်။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ချောင်းကမ်းပါးပြို ကာကွယ်ရေးလုပ်ငန်းဟာဆိုရင် ရှမ်းပြည်နယ်အတွင်းမှာ များစွာရှိတဲ့အတွက် ဦးစားပေးအစီအစဉ်များအရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် သင့်လျော်ရာဘဏ္ဍာရေးနှစ်မှာ တင်ပြတောင်းခံပြီး ဘဏ္ဍာငွေရရှိမှုပေါ် မူတည်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီဌာန၏ နည်းပညာအကူအညီဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**လှိုင်သာယာ-ဟင်္သာတရထားလမ်းပိုင်းသည် စီမံကိန်းပြီးစီးသွားသော်လည်း ပေးဆွဲခြင်းမပြုတော့သည့်အတွက် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားဖြစ်ထွန်းစေရန် ကောင်းမွန်၍စနစ်ကျသော စီမံခန့်ခွဲမှုများဖြင့် မည်သည့်အချိန်တွင် မည်ကဲ့သို့ပြန်လည်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်မင်းသိန်း(လေးမျက်နှာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ လေးမျက်နှာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်းဖြစ်ပြီးတော့မှ လှိုင်သာယာ-ဟင်္သာတရထား လမ်းပိုင်းနှင့်ပတ်သက်လို့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မြန်မာ့မီးရထား လုပ်ငန်းဟာ ၁၈၇၇ ခုနှစ်၊ မေလ ၁ ရက်နေ့က ရန်ကုန်-ပြည်ရထားလမ်းပိုင်းက စတင်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီကနေ ၁၉၈၈ ခုနှစ်အထိ လမ်းမိုင်ပေါင်း ၂၀၀၀ လောက်ဖောက်လုပ်ခဲ့ပြီးတော့ ၁၉၈၈ ခုနှစ်ကနေ ဒီဘက်ကာလကို လမ်းမိုင်ပေါင်း ၂၀၀၀ လောက် ဆက်လက်တိုးချဲ့ဖောက်လုပ်တဲ့အခါမှာ စုစုပေါင်း မိုင် ၄၀၀၀ လောက်ရှိသွားပါတယ်။ အဲဒီအထဲက တကယ်လက်တွေ့ပြေးဆွဲနေတာကတော့ မိုင်ပေါင်း ၁၆၀၀ လောက်ဖြစ်ပြီးတော့မှ အဲဒီလမ်းပိုင်းတွေထဲက လှိုင်သာယာ-ဟင်္သာတ-ကျော-ဆိပ်ဖြူ-မင်းဘူး၊ ဆိပ်ဖြူ-ကျော-ဂန့်ဂေါ-ဆိုက်ခေါင်-မိုးနဲ စတဲ့လမ်းပိုင်း ၁၃ ပိုင်းရဲ့ လမ်းမိုင်ပေါင်း ၅၆၈.၈၂ မိုင်ဟာ ယနေ့ ပိတ်သိမ်းထားရပါတယ်။ အဲဒီအထဲကမှ လှိုင်သာယာ-ဟင်္သာတရထား လမ်းပိုင်းအကြောင်းကို ဆွေးနွေးလိုပါတယ်။ ဒီလမ်းပိုင်းဟာ ၂၀၁၀ ခုနှစ်၊ မေလ ၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၀)ကနေပြီးတော့ ဥက္ကဋ္ဌကြီးရဲ့ မိမိတို့ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ဟာ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အကျိုးရှိဖွံ့ဖြိုးတိုးတက်မယ့် စီမံကိန်းကြီးများကို စနစ်တကျ လေ့လာပြီးတော့မှ စိစစ်ခွင့်ပြုပေးပါတယ်ဆိုတဲ့မှတ်ချက်နဲ့ စတင်အကောင် အထည်ဖော်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီလမ်းမှာ အဓိကကျတဲ့ ဧရာဝတီမြစ်ကူးတံတား(ညောင်တုန်း)ဖွင့်ပွဲကို ၂၀၁၁ ခုနှစ်၊

နိုဝင်ဘာလ ၂၇ ရက်နေ့မှာ အဲဒီတုန်းက နိုင်ငံတော်သမ္မတကြီးရယ်၊ ပြည်ထောင်စုဝန်ကြီးတွေရယ်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်တို့ ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒီတံတားကြီးဖွင့်ပြီးတော့ လမ်းပိုင်းကို ဆောင်ရွက်နေရင်းနဲ့ ပျက်စီးဆုံးရှုံးမှုတွေကို တွေ့လာရတဲ့အပေါ်မှာ အဲဒီတုန်းက ပုသိမ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်လည်းဖြစ်၊ ယခု လက်ရှိ နိုင်ငံတော်သမ္မတကြီးဖြစ်တဲ့ ဦးဝင်းမြင့်ဟာ လွှတ်တော်မှာ မေးခွန်းမေးမြန်းခဲ့ပါတယ်။ ပထမအကြိမ် နဝမပုံမှန်အစည်းအဝေးမှာ ဒီလမ်းကြီးနဲ့ ပတ်သက်လို့ ကုန်ကျစရိတ်တွေဘယ်လောက်ရှိနေသလဲ။ လမ်းပိုင်းပျက်စီးမှုတွေ ဘယ်လောက်ရှိနေ သလဲ။ ဘယ်တော့ဖွင့်မှာလဲ။ ဖွင့်ခဲ့ရင်ရော ပြည်သူတွေ စိတ်ချလုံခြုံစွာစီးနိုင်ဖို့ ဘယ်လိုဆောင်ရွက် ထားသလဲဆိုတဲ့မေးခွန်း မေးမြန်းခဲ့တာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့မှာ ဒီလမ်းကြီးကို စတင်ပြေးဆွဲခွင့်ပြုလိုက်ပါတယ်။ အဲဒီအခါမှာ ရထားဝန်ကြီးကနေပြီးတော့မှ ဒီလမ်းကြီးဟာ ဧရာဝတီမြစ်အရှေ့၊ အနောက်အပြင် တိုင်းကြီးငါးတိုင်း။ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသ ကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး စတဲ့ တိုင်းငါးတိုင်းက ပြည်သူတွေ ကုန်စည်စီးဆင်းမှုနဲ့ တိုက်ရိုက်ကူးလူးဆက်ဆံမှုတွေကိုရမှာဖြစ်တဲ့အတွက် အင်မတန် အကျိုးရှိမှာဖြစ်တဲ့အတွက် မိမိတို့ရထားဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ရကျိုးနပ်တယ်။ အပင်ပန်း ခံရကျိုးနပ်တယ်လို့ ယုံကြည်ပါတယ်ဆိုပြီးတော့မှ ဒီလမ်းကြီးကို ဖွင့်ပေးခဲ့တာဖြစ်ပါတယ်။ ဖွင့်ပြီး မကြာခင်မှာပဲ စီးမယ့်လူမရှိတဲ့အတွက် ဒီလမ်းကြီးဟာ ပိတ်လိုက်ရပါတယ်။ ဒီလမ်းနဲ့ပတ်သက်လို့ Power Point တင်ပြခွင့်ပြုပါ။ ဒါကတော့ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့(၁/၂၀၁၀) အစည်းအဝေးကျင်းပနေပုံများဖြစ်ပါတယ်။ ဒါကတော့ ဧရာဝတီမြစ်ကူးတံတား(ညောင်တုန်း)ဖွင့်ပွဲမှာ နိုင်ငံတော်သမ္မတကြီးရယ်၊ ဆောက်လုပ်ရေးဝန်ကြီးရယ်၊ ရထားဝန်ကြီးရယ်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့ ဖွင့်ပေးနေတဲ့ပုံတွေဖြစ်ပါတယ်။ ဒါကတော့ ဒီရထားလမ်းပိုင်း စတင်ပြေးဆွဲဖွင့်လှစ်တဲ့ နေ့မှာ သတင်းစာမှာ တွေ့တဲ့ပုံဖြစ်ပါတယ်။ ကျွန်တော်တို့ သတိထားကြည့်လိုက်မယ်ဆိုရင် အဲဒီအထဲက ရထားစီးတဲ့လူ ဒီအထဲမှာ မတွေ့သလောက်ရှိနေတပါတယ်။ ဒါကတော့ ဒီရထားလမ်းပိုင်း မှာပါတဲ့ ဇလွန်ဘူတာရဲ့အခြေအနေနဲ့ ဝန်ထမ်းအိမ်ရာများရဲ့အခြေအနေဖြစ်ပါတယ်။ ကျန်တဲ့ဘူတာ တိုင်း၊ ဘူတာတိုင်းကလည်း အဲဒီလိုအခြေအနေမျိုးဖြစ်နေပါတယ်။ ဒါကတော့ ဧရာဝတီမြစ်ကူးတံတား (ညောင်တုန်း)ရဲ့ ရထားလမ်းအခြေအနေတွေကို တွေ့နေရတာဖြစ်ပါတယ်။ အဲဒီတော့ ဒီလမ်းကြီးမှာ တည်ဆောက်ဖို့အတွက် အချိန်လေးနှစ်လောက်ယူရပါတယ်။ တစ်ခါထပ်ပြီးတော့ ကုန်ကျစရိတ်အနေ နဲ့ ရထားလမ်းနဲ့ပတ်သက်လို့ ၂၈ ဘီလီယံကျော်သုံးစွဲခဲ့တယ်။ အခု တွေ့မြင်နေရတဲ့ပုံကြီးမှာတော့ ဒီတံတားနဲ့ပတ်သက်လို့ ဘီလီယံပေါင်း ၈၉ ကျော် သုံးစွဲခဲ့တယ်။ ယူရိုငွေ ၂၆ သန်း သုံးစွဲခဲ့တယ်လို့ သိရပါတယ်။ လယ်မြေဧကတွေအနေနဲ့ ဧက ၂၀၀၀ လောက် သိမ်းယူပြီးတော့မှ တည်ဆောက်ခဲ့ရ တယ်။ အခုအချိန်အထိလည်း လျော်ကြေးတွေ၊ ပေးလျော်တာမပြီးပြတ်သေးပါဘူး။ အဲဒီတော့ အချိန်တွေ၊ ငွေတွေ၊ လုပ်အားတွေ၊ လယ်ယာမြေတွေ၊ စိုက်ပျိုးထုတ်လုပ်မှုတန်ဖိုးတွေ၊ အင်မတန်မှ နစ်နာဆုံးရှုံးပြီးတော့မှ လက်ရှိလည်း အကောင်အထည်ဖော်ဆောင်ရွက်လို့မရတဲ့ ဒီလမ်းပိုင်းကြီး အပေါ်ကို ကောင်းမွန်၍စနစ်ကျသော ခန့်ခွဲမှုများဖြင့် ဆက်လက်၍ဆောင်ရွက်လို့ရ/မရ သိချင်တဲ့ အတွက် ဒီမေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း၏ လှိုင်သာယာ-ဟင်္သာတရထားလမ်းပိုင်းဟာ စီမံကိန်းပြီးစီးသော်လည်း ပြေးဆွဲခြင်းမပြုတော့တဲ့အတွက် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားဖြစ်ထွန်းစေရန်ကောင်းမွန်၍ စနစ်ကျတဲ့စီမံခန့်ခွဲမှုများဖြင့် မည်သည့်အချိန်တွင် မည်ကဲ့သို့ပြန်လည်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်းအပေါ် ဒုတိယဝန်ကြီး ကျွန်တော်က ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည့်ပြည့်စုံစုံဖြေကြားနိုင်ရေးအတွက်လိုအပ်လာပါက အချိန်ပိုအနည်းငယ်ခွင့်ပြုပေးပါရန် ကြိုတင်တင်ပြထားအပ်ပါတယ်။ လှိုင်သာယာ-ဟင်္သာတရထားလမ်းပိုင်းသည် ၈၉.၇၆ မိုင်အကွာအဝေးရှိပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အတိုင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်၂၀၁၀ ခုနှစ်၊ မတ်လ ၅ ရက်နေ့မှာကျင်းပပြုလုပ်တဲ့ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁/၂၀၁၀) ဆုံးဖြတ်ချက်အရ ယခင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊မြန်မာ့မီးရထားက ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှာ စတင်ဖောက်လုပ်ခဲ့ခြင်းဖြစ်ပါတယ်။

Power Point အသုံးပြု၍ တင်ပြခွင့်ပြုပါခင်ဗျား။ အဆိုပါရထားလမ်းရဲ့ ဟင်္သာတ-ဇလွန်လမ်းပိုင်း ၁၆.၂၅ မိုင်ကို ၂၀-၇-၂၀၁၀ ရက်နေ့မှာလည်းကောင်း၊ ဇလွန်-ညောင်တုန်းလမ်းပိုင်း ၄၆ မိုင်ကို ၂၃-၅-၂၀၁၃ ရက်နေ့တွင်လည်းကောင်း၊ ညောင်တုန်း-လှိုင်သာယာလမ်းပိုင်း ၂၇.၇၅ မိုင်ကို ၂၄-၅-၂၀၁၄ ရက်နေ့တွင်လည်းကောင်း အသီးသီးဖွင့်လှစ်ခဲ့ပြီး စုစုပေါင်း မိုင် ၉၀ အတွက်ကုန်ကျစရိတ်ဘဏ္ဍာငွေမှာ ကျပ် ၂၈.၇ ဘီလီယံဖြစ်ပါတယ်။ လှိုင်သာယာ-ဟင်္သာတရထားလမ်းပိုင်းစီမံကိန်းမှာ ဖောက်လုပ်ပြီးစီးခဲ့တဲ့အပိုင်းအလိုက် လူစီးရထားများ ပြေးဆွဲမှုကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီး ခရီးအစအဆုံးပြေးဆွဲမှုကို ၂၀၁၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ပါတယ်။နေ့စဉ်ပြေးဆွဲခဲ့တဲ့ လူစီးရထားများမှာ ဟင်္သာတမှ လှိုင်သာယာသို့ နံနက်ပိုင်းပြေးဆွဲတဲ့ အမှတ်(၁၇၉)အဆန်ရထားနှင့် လှိုင်သာယာမှ ဟင်္သာတသို့ ညနေပိုင်းပြေးဆွဲသည့် အမှတ်(၁၈၀)အစုန်ရထားတို့ဖြစ်ပါတယ်။ ရထားရဲ့ပျမ်းမျှအမြန်နှုန်းမှာ တစ်နာရီလျှင် ၁၅ မိုင်ခန့်သာရှိသဖြင့် ခရီးအစအဆုံးပြေးဆွဲချိန်မှာ ၆ နာရီ ၃၀ မိနစ်ခန့်ဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ အမှတ်(၁၇၉)အဆန်ရထားဟာ တစ်ရက်ပျမ်းမျှခရီးသည်ခုနစ်ဦး၊ ဝင်ငွေ ၃၆၄၂ ကျပ်နှင့် အမှတ်(၁၈၀)အစုန်ရထားဟာ တစ်ရက်ပျမ်းမျှခရီးသည်ငါးဦး၊ ဝင်ငွေ၂၈၀၀ ကျပ်သာ အသီးသီးရရှိခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာလည်း အမှတ်(၁၇၉)အဆန်ရထားဟာ တစ်ရက်ပျမ်းမျှခရီးသည် ခြောက်ဦး၊ ဝင်ငွေ ၂၉၁၅ ကျပ်နှင့် အမှတ်(၁၈၀) အစုန်ရထားဟာ တစ်ရက်လျှင်ပျမ်းမျှခရီးသည် လေးဦး၊ ဝင်ငွေ ၂၅၅၈ ကျပ်သာ ရရှိခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ရထားပြေးဆွဲမှုရပ်ဆိုင်းခြင်းမပြုမီကာလအထိ အမှတ်(၁၇၉)အဆန်ရထား

သည် တစ်ရက်ပျမ်းမျှခရီးသည် ၁၁ ဦး၊ ဝင်ငွေ ၈၆၁၃ ကျပ်နှင့် အမှတ်(၁၈၀)အစုန်ရထားဟာ တစ်ရက်ပျမ်းမျှခရီးသည် ၁၃ ဦး၊ ဝင်ငွေ ၉၃၃၈ ကျပ်သာ ရရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ Power Point မှာမြင်တွေ့ရတဲ့အတိုင်း ကျွန်တော်တို့ ရရှိတဲ့ တစ်ရက်ပျမ်းမျှဝင်ငွေဟာဆိုရင် တစ်ရက်ပျမ်းမျှ စက်သုံးဆီဖိုးကိုပင် မကာမိဘဲနဲ့ ကျန်တဲ့အသုံးစရိတ်၊ အုပ်ချုပ်မှုစရိတ်တွေလည်း လုံးဝကာမိနိုင်ခြင်းမရှိပါ။ လှိုင်သာယာ-ဟသ်ာတရထားလမ်းပိုင်းဟာဆိုရင် ကားလမ်းနှင့်ယှဉ်လျက်တည်ရှိနေခြင်း၊ ကားဖြင့်အချိန်မရွေးသွားလာနိုင်သည့် ကာလမ်းခရီးဖြင့် ၃ နာရီ ၃၀ မိနစ်သာကြာမြင့်ခြင်း၊ ရထားစီးမယ့်ခရီးသည်များဟာ ရန်ကုန်မြို့တွင်းမှ လှိုင်သာယာအထိ ၁၆.၁ မိုင်ခန့် ခရီးကိုပင်လျှင် ကားဖြင့် ၁ နာရီ ၂၀ မိနစ်ခန့်သွားရောက်ရပြီး တစ်ဖန် လှိုင်သာယာကားဂိတ်မှတစ်ဆင့် ဘူတာသို့ ထပ်မံသွားရောက်ရခြင်း၊ ဟသ်ာတသို့ ညအချိန် ၈း၃၀ နာရီမှသာ ရထားရောက်ရှိခြင်း စတဲ့အချက်များကြောင့် ခရီးသည်များ သွားလာရေးအဆင်မပြေမှုများဖြစ်ပေါ်ပြီး ရထားအသုံးပြုမှု လွန်မင်းစွာနည်းပါးခဲ့ရခြင်းဖြစ်ပါတယ်။ လှိုင်သာယာ-ဟသ်ာတ ရထားလမ်းစီမံကိန်းကို အထက်အာဏာပိုင်များရဲ့ လမ်းညွှန်မှုကြောင့်သာ အကောင်အထည်ဖော်ခဲ့ရခြင်းဖြစ်၍ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု (Feasibility Study) မပြုလုပ်နိုင်ခဲ့ခြင်း၊ ရေဝပ်ဇရိယာများကို ဖြတ်သန်းဖောက်လုပ်ထားသဖြင့် ရထား၏ ပျမ်းမျှအမြန်နှုန်းက ၁ နာရီ ၁၅ မိုင်နှုန်းခန့်သာ ပြေးဆွဲနိုင်၍ ကားလမ်းခရီးနှင့် ယှဉ်ပြိုင်နိုင်မှုမရှိခြင်း၊ ရထားပြေးဆွဲမှု ကုန်ကျစရိတ်မှာ စက်သုံးဆီဖိုးကိုပင်မကာမိနိုင်ခြင်း စတဲ့အကြောင်းများကြောင့် လှိုင်သာယာ-ဟသ်ာတလမ်းပိုင်းမှာ ရထားပြေးဆွဲမှုကို ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့မှာ စတင်ပြီးတော့ ရပ်ဆိုင်းခဲ့ရပါတယ်။

လှိုင်သာယာ-ဟသ်ာတရထားလမ်းပိုင်းမှာ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးဖြစ်ထွန်းစေမည့် ရထားပြေးဆွဲမှုဆောင်ရွက်ပေးနိုင်ရန်အတွက် ရန်ကုန်မြို့တွင်းသို့ တိုက်ရိုက်ရောက်ရှိမည့်ရထားလမ်း သို့မဟုတ် ရန်ကုန်မြို့တွင်းနှင့်ချိတ်ဆက်နိုင်သည့် ရထားလမ်းကွန်ရက် လိုအပ်မည်ဖြစ်ပြီး ရထားလမ်းကိုလည်း ကားလမ်းနှင့်အပြိုင် ပြေးဆွဲနိုင်မည့်အရည်အသွေးသို့မြှင့်တင်ရန် လိုအပ်မည့်အပြင် အခြားသယ်ယူပို့ဆောင်ရေးလမ်းကြောင်းများနှင့် ချိတ်ဆက်မှုရှိသော ဘူတာရုံများ လုံခြုံစိတ်ချရမှုရှိသော အချက်ပြစနစ်များ၊ သွားလာရေးစနစ်များ၊ ခေတ်မီစက်ခေါင်းနှင့် တွဲဆိုင်းများလည်း လိုအပ်မည်ဖြစ်ပါတယ်။ ထိုကဲ့သို့ဆောင်ရွက်ရန်မှာ ရင်းနှီးမြှုပ်နှံမှုများစွာလိုအပ်မည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမည်ဆိုပါကလည်း ခရီးသည်စီးနင်းမှုမှာ စီးပွားရေးတွက်ခြေကိုက်နိုင်သည်အထိ တိုးတက်လာနိုင်ခြေရှိ/မရှိကို အသေးစိတ်လေ့လာဆန်းစစ်မှုများပြုလုပ်ရန် လိုအပ်မှာဖြစ်ပါတယ်။ ဒီသဘောတရားဟာဆိုရင် နိုင်ငံတော်အစိုးရနှင့် ဆောင်ရွက်လျှင်ပင် ပုဂ္ဂလိကဖြင့်ဆောင်ရွက်သည်ဖြစ်စေ၊ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်း၍ ဆောင်ရွက်သည်ဖြစ်စေ၊ ဒီသဘောတရားအတိုင်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။

လှိုင်သာယာ-ဟသ်ာတရထားလမ်းဖောက်လုပ်ရာမှာ ပါဝင်သွားတဲ့ ထန်းတပင်၊ ညောင်တုန်း၊ ဓနုဖြူ၊ ဇလွန်နှင့် ဟသ်ာတမြို့နယ်များအတွင်းရှိ သိမ်းဆည်းမြေများအတွက် မြန်မာ့မီးရထားက လျော်ကြေးငွေများပေးချေခဲ့ပြီးဖြစ်ပါတယ်။ ကျန်ရှိတဲ့ လှိုင်သာယာမြို့နယ်အတွင်းရှိ သိမ်းဆည်းမြေများအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လျော်ကြေးတန်ဖိုး အတည်ပြုချက်ရရှိသည့်အခါ

မြေယာလျော်ကြေးငွေများ ဆက်လက်ပေးချေသွားမှာဖြစ်ပါတယ်။ လှိုင်သာယာ-ဟင်္သာတရထား လမ်းပိုင်းတစ်လျှောက် သိမ်းဆည်းမြေများနှင့် သံလမ်းနှင့် ဆက်စပ်ပစ္စည်းများကို မြန်မာ့မီးရထားက ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြန်မာ့မီးရထားအနေဖြင့် နိုင်ငံတစ်ဝန်းရှိ ရထား လမ်းပိုင်းအားလုံးကို အကြီးစားပြုပြင်တည်ဆောက်သွားရန် လိုအပ်နေသော်လည်း ရထားပို့ဆောင် ရေးအဆောက်အဦတည်ဆောက်ပြုပြင်သည့်လုပ်ငန်းဟာဆိုရင် အရင်းအနှီးကြီးမားသဖြင့် အချိန်ယူ၍ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ လက်ရှိမှာတော့ မြန်မာနိုင်ငံရထားဈေးကွက်ရဲ့ ၈၅ ရာခိုင်နှုန်းကျော်ရှိပြီး ခရီးသည်နှင့် ကုန်စည်များအတွက် အဓိကရထားလမ်းကြောင်းများဖြစ်တဲ့ ရန်ကုန်-မန္တလေး၊ ရန်ကုန်-ပြည်၊ ရန်ကုန်-မော်လမြိုင်-မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်းများကို ပြုပြင်တည်ဆောက်၍ အဆင့်မြှင့်တင်ခြင်းစီမံကိန်းများကို နိုင်ငံခြားချေးငွေဖြင့်လည်းကောင်း၊ နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် လည်းကောင်း ဦးစားပေးပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စား လှယ်ကြီးမေးမြန်းတဲ့ ကောင်းမွန်၍စနစ်ကျတဲ့ စီမံခန့်ခွဲမှုများဖြင့် ဆောင်ရွက်ရေးနှင့်စပ်လျဉ်းပြီးတော့ ပြည်သူလူထုကလိုလားတဲ့ လုံခြုံစိတ်ချ လျင်မြန် အချိန်မှန် သက်တောင့်သက်သာရှိမယ့်ရထားပြေးဆွဲမှု ကို မဖြစ်မနေလိုအပ်လာတဲ့အခါမှာ ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ လက်ရှိပြေးဆွဲနေတဲ့ရထားများ၏ အမြန်နှုန်းထက်မြင့်မားတဲ့ လျှပ်စစ်သုံးရထားများ ပြေးဆွဲနိုင်တဲ့ရထားလမ်းကို လှိုင်သာယာနှင့် ရန်ကုန် ကြား တစ်ဆက်တစ်စပ်တည်းဖောက်လုပ်ပြီး စီးပွားရေးတွက်ခြေကိုက်စွာ ပြေးဆွဲနိုင်မည့်အချိန်တွင် စနစ်တကျစီမံကိန်းချမှတ်ဆောင်ရွက်ဖြစ်ပါကြောင်းနှင့် လက်ရှိမှာတော့ လှိုင်သာယာ-ဟင်္သာတ ရထားလမ်းပိုင်းကို ပြုပြင်တည်ဆောက်ပြီး ရထားပြန်လည်ပြေးဆွဲရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရန်ကုန်မြို့၊ မြို့ပတ်ရထားလမ်း၏ မင်္ဂလာဒုံဘူတာနှင့် မင်္ဂလာဒုံဈေးဘူတာကြား မီးရထားလမ်းသည် မြေသားတမံသဖွယ်ရေစီးဆင်းမှုအား ပိတ်ဆို့နေသည့်အတွက် ရပ်ကွက်(၇)ရပ်ကွက်မှ ပြည်သူသုံးသောင်းခန့် နှစ်စဉ်ရေဝပ်သည့်ဒဏ်ကို ခံစားနေရပါ၍ ခရေပင်လမ်းမကြီး၏ တောင်ဘက်နှင့်မြောက်ဘက် တစ်ဖက်စီတွင် မီးရထားလမ်းအောက်မှ ရေထွက်အားကောင်းမွန်သည့် မြောင်းများဖောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်လှိုင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လှိုင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ မင်္ဂလာဒုံမြို့နယ်မှာ ရေကြီးရေလျှံမှုဖြစ်နေတာနဲ့ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်လမ်းခွဲရဲ့ တောင်နဲ့မြောက်မှာရှိတဲ့ ရပ်ကွက်(၇)ရပ်ကွက်က အခုအချိန်မှာ ဆိုရင် နှစ်စဉ် ရေကြီးရေလျှံမှုဒဏ်ကို ခံနေရပါတယ်။ လမ်းခွဲရဲ့တောင်ဘက်မှာရှိတဲ့ (၁/က)ရပ်ကွက်၊ (၂/ခ)ရပ်ကွက်၊ (၃/က)ရပ်ကွက်၊ (၃/ခ)ရပ်ကွက်၊ (၄)ရပ်ကွက်နဲ့ ခရေပင်လမ်းရဲ့ မြောက်ဘက်မှာရှိတဲ့ (၂/က)ရပ်ကွက်၊ စမ်းကြီးဝရပ်ကွက်နဲ့ တပ်မတော်စံပြရပ်ကွက်တွေဟာ နှစ်စဉ် ရေဝပ်တဲ့ဒဏ်ကို

မိုးရာသီဆိုရင် တော်တော်လေး ခံကြရပါတယ်။ အခုအချိန်မှာဆိုလို့ရှိရင် နွေရာသီမှာလည်း ရေတွေဟာ မစီးဆင်းနိုင်ဘဲနဲ့ ရပ်ကွက်ထဲမှာ ရေတွေဝပ်နေတဲ့အခြေအနေဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ် ၂၀ လောက်ကဆိုလို့ရှိရင် ဒီနေရာတွေဟာ ရေဝပ်တဲ့နေရာတွေမဟုတ်ပါဘူး။ တဖြည်းဖြည်းနဲ့ ရေက မထွက်နိုင်တော့ဘဲနဲ့ မြောင်းတွေမှာပိတ်ဆို့နေပါတယ်။ အဲဒီတော့ ရပ်ကွက်ထဲကမြောင်းတွေကိုလည်း ကျွန်တော်တို့ ဆယ်တာတွေ၊ မြောင်းကိုကောင်းအောင်လုပ်တာတွေ ကျွန်တော်တို့လုပ်ခဲ့ပါတယ်။ သို့သော်လည်း ဒီရေအားလုံးက မီးရထားလမ်းမှာ ထွက်ပေါက်ပိတ်နေတဲ့အခါကျတော့ အဲဒီရပ်ကွက်တွေက ရေကြီးရေလျှံမှုဒဏ်ကို ခံနေရပါတယ်။ အဲဒီခံနေရတဲ့ပြည်သူက စုစုပေါင်းဦးရေဆိုလို့ရှိရင် သုံးသောင်းလောက်ရှိပါတယ်။ အဲဒီထဲမှာ ကျွန်တော်နေတဲ့အိမ်လည်းပါပါတယ်။ ကျွန်တော့်ရပ်ကွက်လည်းပါပါတယ်။ ရထားလမ်းပိတ်ထားတဲ့ဟာကို ဓာတ်ပုံတချို့ကို တင်ပြခွင့်ပြုပါခင်ဗျား။ ဒါက ဒီဘက်ကရထားလမ်းပါ။ ဟိုဘက်က မီးရထားဝန်ထမ်းအိမ်ရာပါ။ အဲဒီမှာ ရထားလမ်းအောက်မှာ အရင်တုန်းကဆိုရင် ပွန်ပေါက်လေးရှိပါတယ်။ အဲဒီပွန်ပေါက်လေးကို မီးရထားဝန်ထမ်းတွေကနေပြီးတော့ ငှားထားတဲ့ ကန်စွန်းစိုက်တဲ့လူတွေက ဝန်ထမ်းသက်သာဆိုပြီးတော့ အဲဒီနားကမြေလေးကို ငှားပါတယ်။ ငှားတဲ့အခါကျတော့ အဲဒီပွန်ပေါက်ကိုပိတ်ပြီးတော့ ရေကိုတောင့်ထားအောင်လုပ်မှ ကန်စွန်းက ကောင်းတဲ့အခါကျတော့ အဲဒီဟာကိုပိတ်ထားတဲ့အတွက် ကျွန်တော်တို့ ဒီရပ်ကွက်တွေက ရေမြုပ်တဲ့ဒဏ်ခံနေရပါတယ်။ နောက်တစ်ပုံပြပါ။ ဒါ မီးရထားဝန်ထမ်းတွေက မီးရထားပိုင်မြေပေါ်မှာ ဝန်ထမ်းသက်သာကန်စွန်းခင်းငှားထားတာ ဖြစ်ပါတယ်။ အဲဒီကန်စွန်းခင်းစိုက်တဲ့လူတွေကြောင့် ဒီပွန်ပေါက်ကို သူတို့က တမင်တကာပိတ်ဆို့အောင်လုပ်ပြီးတော့ ရေကိုပိတ်ထားခြင်းဖြစ်ပါတယ်။ နောက်တစ်ပုံပြပါ။ ဒီမှာဆိုလို့ရှိရင်လည်း ဟိုဘက်က အနီလေးနဲ့ဆိုင်းဘုတ်လေးက မီးရထားလမ်းပါ။ ဒီဘက်က ပွန်ပေါက်ကို လုံးဝပိတ်လိုက်ပါတယ်။ အဲဒီတော့ ဟိုဘက်ခြမ်းရော၊ ဒီဘက်ခြမ်းရော နှစ်ခြမ်းလုံးကရပ်ကွက်ပြည်သူတွေက ဒီ ရေပိတ်တဲ့ဒဏ်ကို ခံစားနေရပါတယ်။ ဒီ မီးရထားလမ်းအောက်ကနေ ဖောက်ဖို့ဆိုတာလည်း ကျွန်တော်တို့က တိုင်းဒေသကြီးအစိုးရတို့၊ မြို့နယ်အဆင့်တို့နဲ့မရတဲ့အခါကျတော့ ပြည်ထောင်စုအစိုးရ စီမံကွပ်ကဲတဲ့နေရာဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ပြည်ထောင်စု ဝန်ကြီးဌာနကိုတင်ပြပြီးတော့ မီးရထားလမ်းအောက်ကနေပြီးတော့ ရေထွက်အား ကောင်းတဲ့ တူးမြောင်း ဟိုဘက်တစ်ခြမ်းရော၊ ဒီဘက်တစ်ခြမ်းရော နှစ်ဘက်လုံးတူးပေးနိုင်ပါမှ ရပ်ကွက်ပြည်သူတွေ ရေကျမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီလို မီးရထားလမ်းအောက်ကနေပြီးတော့ ရေစီးအားကောင်းတဲ့မြောင်းတူးပေးနိုင်တဲ့အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လှိုင်ဝင်း၏ ရန်ကုန်မြို့ မြို့ပတ်ရထားလမ်း၏ မင်္ဂလာဒုံဘူတာနှင့်

မင်္ဂလာဒုံဈေးဘူတာကြား မီးရထားလမ်းသည် မြေသားတမံသဖွယ်ရေစီးဆင်းမှုအား ပိတ်ဆို့နေသည့်အတွက် ရပ်ကွက်(၇) ရပ်ကွက်မှ ပြည်သူသုံးသောင်းခန့် နှစ်စဉ်ရေဝပ်သည့်ဒဏ်ကို ခံစားနေရပါ၍ ခရေပင်လမ်းမကြီး၏ တောင်ဘက်နှင့်မြောက်ဘက် တစ်ဖက်စီမှာ မီးရထားလမ်းအောက်မှ ရေထွက်အားကောင်းမွန်သည့် မြောင်းများဖောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့် ဖောက်လုပ်မည်ဆိုပါက မည်သည့်အချိန်တွင် စတင်နိုင်မည်သိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ဒုတိယဝန်ကြီး ကျွန်တော်ကဖြေကြားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ မင်္ဂလာဒုံဘူတာနှင့် မင်္ဂလာဒုံဈေးဘူတာကြား မီးရထားလမ်းတစ်လျှောက် ရေစီးရေလာအခြေအနေကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့မှာ ကွင်းဆင်းလေ့လာခဲ့ပါတယ်။ Power Point အသုံးပြု၍ ရှင်းလင်းတင်ပြခွင့် ပြုပါခင်ဗျား။ ဒီဟာကတော့ ကျွန်တော်တို့က အောက်ဘက်ညာဘက်မှာ မင်္ဂလာဒုံဘူတာနဲ့ အပေါ်က မင်္ဂလာဒုံဈေးဘူတာ ဖြစ်ပါတယ်။ အလယ်မှာ တံတားအမှတ် ၃၂ ဆိုပြီး ကန်စွန်းခင်းအစိမ်းလေးတွေ့တဲ့ညာဘက် ၃၂ မှာ ရေထွက်ပေါက်ရှိပါတယ်။ အဲဒီလို ကျွန်တော်တို့လေ့လာကြည့်တဲ့အခါမှာ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ တပ်မတော်စံပြရပ်ကွက်၊ စမ်းကြီးဝရပ်ကွက်နှင့် (၂/က)ရပ်ကွက်တို့ဟာ မင်္ဂလာဒုံဈေးဘူတာနှင့် မင်္ဂလာဒုံဘူတာကြား၊ ရန်ကုန်မြို့ပတ်ရထားလမ်းအနောက်ဘက်မှာတည်ရှိပြီး အဲဒီရပ်ကွက်တွေကထွက်တဲ့ရေတွေဟာ ရထားလမ်းတာပေါင်ဘေးတစ်လျှောက်စီးဆင်းပြီး တံတားအမှတ် ၃၂ (ပေ ၁၀ x ၈ ပေ)အကျယ်ရှိတဲ့ ရေထွက်ပေါက်မှတစ်ဆင့် ဒေသခေါ် တဲ့ ခနင်းရိုးချောင်းအတွင်းသို့ စီးဆင်းလျက်ရှိတာ တွေ့ရပါတယ်။

အထက်ပါလူနေရပ်ကွက်များနှင့် ရထားလမ်းကြားမှာ ကန်စွန်းခင်းများတည်ရှိနေပြီး ကန်စွန်းခင်းများမှ ကန်သင်းရိုးအဆင့်ဆင့်ခံ၍ စိုက်ပျိုးနေခြင်း၊ ရေထိန်းထားခြင်း၊ ကန်စွန်းခင်းနှင့် ရထားလမ်းတာပေါင်ကြားတစ်လျှောက် ရေမြောင်းများမှာ အကျယ် ၂ ပေမှ ၅ ပေ ခန့်အတွင်းသာရှိသဖြင့် ကျဉ်းမြောင်းပြီး ကွေ့ကောက်နေခြင်း၊ လူနေရပ်ကွက်များမှ ရေမြောင်းများသည်လည်း ကျဉ်းမြောင်းနေခြင်းတို့ကြောင့် ရေနုတ်အားမကောင်းခြင်း၊ ရေမြောင်းများအတွင်း ရေလက်ကျန်အမြဲရှိနေခြင်းတို့ကြောင့် မိုးသည်းထန်ပြီး အချိန်ကြာမြင့်စွာ ရွာသွန်းတဲ့အချိန်များမှာ ရေကြီးမှုဖြစ်ပေါ်တတ်ကြောင်းနှင့် ရေကြီးမှုအချိန်မှာ ကြာမြင့်ခြင်းမရှိကြောင်း သိရှိရပါတယ်။ မိုးစဲသွားပြီးတော့ မိုးတိတ်သွားတဲ့နောက်ပိုင်းမှာပဲ ရေပြန်ကျသွားတယ်လို့ ရပ်ကွက်ကလူတွေကို မေးမြန်းချက်အရ သိရှိရပါတယ်။ ဒါကတော့ ကန်စွန်းခင်းနဲ့ ရထားလမ်းတာပေါင်ကြားရှိတဲ့ရေမြောင်းတွေကို ပြထားခြင်းဖြစ်ပါတယ်။ ဒီဟာလည်း ကန်စွန်းခင်းနဲ့ ရထားလမ်းကြားရှိတဲ့ရေမြောင်းတွေဖြစ်ပါတယ်။ ဒီဟာ တပ်မတော်စံပြရပ်ကွက်မှ စီးဆင်းလာတဲ့ရေမြောင်းတွေဟာ အတားအဆီးများရှိနေပြီးတော့ ကျဉ်းမြောင်းနေတဲ့ပုံကို ပြထားတာဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ မြန်မာ့မီးရထားရဲ့ တံတားအမှတ်(၃၂)ရဲ့ ရေထွက်ဘက် ခနင်းရိုးချောင်းအတွင်း ရထားလမ်နယ်နိမိတ် Chain Link ခြံစည်းရိုးတိုင်တွေ တည်ရှိနေတဲ့ပုံဖြစ်ပါတယ်။ ဒီဟာကတော့ ခြံစည်းရိုးရဲ့အလယ်တိုင်တွေကို ရေအလယ်မှာရောက်နေတဲ့အတွက် ဒီမှာ အမှိုက်တွေ၊ ပိတ်ဆို့တာလေးတွေ ရှိပါတယ်။ အဲဒီတော့ လောလောဆယ် ရေကြီးမှုမဖြစ်ပေါ်စေရေး၊ ရေများအရှိန်အဟုန်ပြင်း စီးဆင်းနိုင်ရေးနှင့် ရေစီးနှင့် အတူပါလာတဲ့ အမှိုက်သရိုက်များကြောင့် ပတ်ဆို့မှုမဖြစ်ပေါ်စေရေးတို့အတွက် မြန်မာ့မီးရထားက

တံတိုင်းအမှတ် ၃၂ ရေထွက်ဘက်ခြမ်း ခနင်းရိုးချောင်းအတွင်း ပုံမှာမြင်တွေ့ရတဲ့ရထားလမ်း နယ်နိမိတ် Chain Link တိုင်သုံးတိုင်ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့မှာ ဖယ်ရှားပေးခဲ့ပြီး ဖြစ်ပါတယ်။ ထို့အပြင် ရေမြောင်းများတစ်လျှောက် ပိတ်ဆို့နေမှုများကိုလည်း ဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒါကတော့ ကျွန်တော်တို့ ခုနက Chain Link ခြံစည်းရိုး ငုတ်တိုင်တွေကို ဖယ်ရှားပြီးတဲ့ ပုံဖြစ်ပါတယ်။ ကျွန်တော်တို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ မင်္ဂလာဒုံဈေးဘူတာနှင့် မင်္ဂလာဒုံဘူတာ ကြား ရထားလမ်းတာပေါင် မြေနိမ့်ကျွံမှုမဖြစ်စေရေးအတွက် မြန်မာ့မီးရထားအနေဖြင့် မြေသား ပြုပြင်ခြင်း၊ တာပေါင်အခြေမှ ပေ ၅၀ အကွာအထိ အကူတာပေါင်ပြုလုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမှာဖြစ်ပြီး တစ်ဆက်တည်း ရေကြီးနစ်မြုပ်မှု ထပ်မံမဖြစ်ပေါ်စေရေးအတွက် ရထားလမ်းတာပေါင် အနောက်ဘက်ခြမ်း အကူတာပေါင်နှင့် ကန်စွန်းခင်းများကြားမှာ(၈ ပေ x ၆ ပေ) အကျယ် ရေနုတ်မြောင်းတူးဖော်ဆောင်ရွက်ခြင်း၊ မင်္ဂလာဒုံဈေးဘူတာမြောက်ဘက် မိုင်တိုင် အမှတ်(၁၃၀/၀)နှင့် (၁၃၁/၁)ကြား ရထားလမ်းတာပေါင်အောက်မှ ရေထွက်ပေါက်တစ်ခု ထပ်မံ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒီမှာ ကျွန်တော်တို့ ရထားလမ်းနှင့်အပြိုင် အစိမ်းမျဉ်းကြောင်းလေးဟာဆိုရင် ကျွန်တော်တို့ပြောတဲ့ ခုနက အကူတာပေါင်ရဲ့အပြင်ဘက်မှာ ဖောက်လုပ်သွားမည့် ရေမြောင်းဖြစ်ပါတယ်။ နောက် အဲဒီအစိမ်းမျဉ်းရဲ့တည့်တည့်မှာ အနီရောင်လေး တွေ့တဲ့နေရာကတော့ ရထားလမ်းအောက်ကနေပြီးတော့ ရေထွက်ပေါက်ထပ်ပြီးတော့ ဖောက်လုပ်ပေး မှာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီဟာက လောလောဆယ်ဆယ်ကတော့ ရေမြောင်းအရင်လုပ်ပြီးတော့ ဒီဟာကတော့ ရေရှည်စီမံချက်ဖြစ်ပါတယ်။ ၎င်းအပြင် ရေစီးရေလာပိုမိုကောင်းမွန်စေရန်အတွက် လူနေရပ်ကွက်များမှ ထွက်ရှိလာသောရေများ၊ တံတားအမှတ် ၃၂ မှတစ်ဆင့် ခနင်းရိုးချောင်းအတွင်း သို့ တိုက်ရိုက်စီးဆင်းနိုင်ရေးအတွက် ကွန်စွန်းခင်းများအလယ်မှ ပင်မရေနုတ်မြောင်းတစ်ခုကို ဖောက်လုပ်ပေးရန်လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ အဆိုပါလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မင်္ဂလာဒုံမြို့နယ် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများမှ ကန်စွန်းခင်းစိုက်ပျိုးလုပ်ကိုင်သူများကို စည်းရုံးဆောင်ရွက်သွားမည်ဆိုပါက မင်္ဂလာဒုံ ဈေးဘူတာနှင့် မင်္ဂလာဒုံဘူတာကြား ရထားလမ်းဘေးရှိရပ်ကွက်များ နှစ်စဉ်ရေဝပ်သည့် ဒဏ်မှ သက်သာစေနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မိုက်ပေးပါ။

**ဦးအောင်လှိုင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်း မေးခွန်း မေးမြန်းခွင့်ပြုပါ။ အခု စောစောနက ဝန်ကြီးနောက်ဆုံးပြောသွားတဲ့အထဲမှာ ပါပါတယ်။ ဒါ အုပ်ချုပ်ရေးပိုင်းက ပုဂ္ဂိုလ်များ ကန်စွန်းခင်းစိုက်တဲ့လူတွေနဲ့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်ပေးမယ်လို့ ပြောပါတယ်။ သို့သော် ကျွန်တော်တို့ အရင်တုန်းကသွားပြီးတော့ ညှိနှိုင်းပြီးပါပြီ။ ကန်စွန်းခင်းက လူတွေကပြန်ပြီးတော့ ရန်ပြုတဲ့အတွက် ကျွန်တော်တို့အဲဒီမြောင်းကို ဘယ်လိုမှဆည်လို့မရပါဘူး။ အဲဒီ ကန်စွန်းခင်းကို ခွင့်ပြုထားတာ မီးရထားမြေပါ။ မီးရထားဝန်ထမ်းတွေကနေပြီးတော့ သက်သာဆိုပြီး

တော့ပြန်ငှားထားတဲ့ မြေဖြစ်ပါတယ်။ စောနက ကျွန်တော့်ပုံလေးကို တစ်ချက်ပြန်ပြပါ။ ဒုတိယပုံ။ ပုံကို ပြန်ပြပါ။ အဲဒီမှာ ဒီလောက်ရေဝပ်နေတဲ့ဟာကို ကြည့်လို့ရှိရင် ကျွန်တော်တို့ ရပ်ကွက်ထဲခြင်တွေ ပေါက်ပြီးတော့ အဲဒီခြင်လည်းတော်တော်ပေါပါတယ်။ ဒါမီးရထားက ဝန်ထမ်းတွေလုပ်ထားလို့။ အစောနကပြောလို့ အနီရောင်နဲ့ပြထားတယ်ဆိုတဲ့ ဝန်ကြီးပြောတဲ့ဟာက မြောက်ဥက္ကလာပဘက်နေ ရာဖြစ်ပါတယ်။ မြေပုံပေါ်မှာတော့ သိပ်မဝေးပေမယ့်။ အပြင်မှာတော့ တော်တော်ဝေးပါတယ်။ ရေထွက်ပေါက်က အဲလောက်အဝေးကြီးသွားလို့ အဆင်မပြေပါဘူး။ အခု ကျွန်တော်မေးတဲ့မေးခွန်း မှာက တစ်ဖက်တစ်ချက်စီမှာ ရေစီးရေလာကောင်းတဲ့ မြောင်းတူးရန်အစီအစဉ်ရှိ/မရှိမေးခြင်း ဖြစ်ပါ တယ်။ အဲဒီတော့ တူးမှာလား၊ မတူးဘူးလား ကျွန်တော်တို့က ကန်စွန်းခင်းကိုပဲ သွားညှိရမှာလားဆို တော့ ရှင်းရှင်းလင်းလင်းသိလိုတဲ့အတွက် ထပ်ပြီးတော့မေးမြန်းရပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လွှတ်တော် ကိုယ်စားလှယ်ကြီး ဆက်စပ်မေးခွန်းမေးမြန်းတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်။ ဒီတော့ အဲဒီ ၁၁ ရက်နေ့ ဩဂုတ်လကတော့ ကျွန်တော်ကိုယ်တိုင်ဒီရထားလမ်းတစ်လျှောက် လမ်းလျှောက်ပြီးတော့ ကွင်းဆင်းပြီးတော့ လေ့လာခဲ့တာဖြစ်ပါတယ်။ မြင်တွေ့ရတာ လေ့လာတွေ့ရှိတာကတော့ ခုနက ကျွန်တော်တင်ပြသွားတဲ့ တံတားအမှတ်(၃၂) ကဆို အင်မတန်ကျယ်ပြီးတော့ ချောင်းဘက်ထွက်တဲ့ ရေတွေကလည်း ကျယ်ပါတယ်။ ချောင်းကလည်း ကျယ်ပါတယ်။ အဓိကပြဿနာက ကျွန်တော် စောစောက တင်ပြသွားတဲ့အတိုင်း ဒီဘက်နေပြီးတော့ တံတားအမှတ်(၃၂)အောက်ကနေ ရေတွေ တံတားဘေးတစ်လျှောက် ရေစီးရေလာ၊ ရေအဝင်အားမကောင်းတဲ့အတွက်ကို ဟိုဘက်က အထွက်ဘက်ကိုရေမရောက်တာဖြစ်ပါတယ်။ အဲဒီတော့ ခုနက လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသွားသလို ဒီကန်စွန်းခင်းက ပထမမြို့မိမြို့ဖ၊ ရပ်မိရပ်ဖတွေနဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းများနဲ့ ညှိနှိုင်းမယ်ဆိုတာ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားသလို ကျွန်တော့်အနေနဲ့က မြန်မာ့မီးရထား ရဲ့ ဝန်ထမ်းတွေသက်သာဆောင်ရွက်ထားတာဟာ ဖြစ်တယ်ဆိုရင်လည်း ကျွန်တော်က ဒါမြန်မာ့ မီးရထားအနေနဲ့ ဝန်ထမ်းတွေနဲ့ညှိနှိုင်းပြီးတော့ သိရပါတယ်။ ဒါကိုမြောင်းဖောက်ဖို့အတွက်ကို တွန်းအားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်အပေါ်ဘက်မှာရှိတဲ့ ဒီအနီလေးနဲ့ပြထားတဲ့ နေရာကဝေးပေးမယ့်လည်း အဲဒီမှာ ကျွန်တော်ကွင်းဆင်းလေ့လာတဲ့အချိန်မှာ ရပ်ကွက်က ကိုယ်စားလှယ်တွေက တောင်းဆိုတာဖြစ်ပါတယ်။ သူတို့က အဲဒီဘေးနားမှာ ကျွန်တော့်ကိုနောက်ဆုံး ပုံလေးများပြလို့ရမှာလား။ အဲဒီဘေးနားမှာ ကျွန်တော်တို့ ဒီအစိမ်းလေးနှစ်ခုပြထားတဲ့နေရာက ကျွန်တော်တို့အရင်က ရထားလမ်းဟောင်းဖြစ်ပါတယ်။ အဲဒီမှာက ကျွန်တော်တို့ ရေထွက်ပေါက် ရှိပါတယ်။ အဲဒီမှာ ရေထွက်ပေါက်ရှိပေမယ့် ဒီဘက်က ရထားလမ်းလမ်းလွှဲထားတဲ့ ရထားလမ်းသစ် မှာ ရေထွက်ပေါက်မရှိတဲ့ အတွက် အဲဒီဘက်တွေက ရေဝပ်ပြီးတော့ ရေတွေအားလုံးက တံတားအမှတ် ၃၂ ထွက်ပေါက်အထိကို စီးဆင်းလာတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရပ်ကွက်ကိုယ်စားလှယ်တွေက

တောင်းဆိုထားတာပါ။ အဲဒီနေရာမှာ ရထားလမ်းအောက်မှာ ဖောက်ပေးမယ်ဆိုရင် ဒီဟာကျွန်တော်တို့ ရေထွက်ပေါက် တစ်ခု ထပ်ရှိလာမှာဖြစ်ပါတဲ့အတွက် ခုနက ရေဝပ်တဲ့ဒဏ်ကလည်း သက်သာမယ်လို့ မေးမြန်းသိရှိရတာ ဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ကတော့ ဒီဟာကို အဓိကပထမအဆင့် အနေနဲ့ကတော့ အခု အရန်တာပေါင်ကျွန်တော်တို့ ခုနကတင်ပြသွားတဲ့အတိုင်း တည်ဆောက်နေဆဲ ဖြစ်ပါတယ်။ အရန်တာပေါင်ပြုလုပ်ပြီးတဲ့အခါ အဲဒီအပြင်ဘက်မှာ ဒီရထားလမ်းနှင့်အပြိုင် ရေနုတ်မြောင်းလုပ်မှာ ဖြစ်ပါတယ်။ ခုနက နောက်ပြီးတော့ ကန်စွန်းခင်းတွေကနေဖြတ်ပြီးတော့ ရေမြောင်းတူးဖော်ဖို့ ကိစ္စကတော့ ကျွန်တော်တို့မြန်မာ့မီးရထားနဲ့ သက်ဆိုင်မယ်ဆိုလို့ရှိရင်လည်း ကျွန်တော်ဒီဟာကို စီစဉ်ပြီးတော့ ဆောင်ရွက်မှာဖြစ်ပါတယ်ကြောင်း ဖြေကြားအပ်ပါတယ်။

**အသိပညာ၊ အတတ်ပညာနှင့်စာတမ်းများ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မှီငြမ်းမှုများ ရယူဆောင်ရွက်နိုင်သည့် e-Learning အတွက် Internet Access ကို အဆင်ပြေပြေကုန်ကျစရိတ်နည်းပါးစွာနှင့် ရရှိအောင် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစံရွှေဝင်း(ရေကြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်တာဝန်ရှိပုဂ္ဂိုလ်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့မေးသွားမယ့်မေးခွန်းကတော့ အသိပညာ၊ အတတ်ပညာသစ်များရရှိရေး၊ စာတမ်းများ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မှီငြမ်းမှုများရယူဆောင်ရွက်နိုင်တဲ့ Internet Access ကို အဆင်ပြေပြေ ကုန်ကျစရိတ်နည်းပါးစွာနှင့် ရရှိအောင်စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ကျွန်တော့်အနေနဲ့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးအဆင့်မြှင့်တင်နိုင်ရန်အတွက် ပညာရေးဆိုင်ရာတက္ကသိုလ်များမှာရှိနေတဲ့ ဆရာဆရာမများနှင့် ဘွဲ့ကြို၊ ဘွဲ့လွန်ကျောင်းသားကျောင်းသူများအတွက် မှီငြမ်းပြုစာကြည့်တိုက်များ အမှန်တကယ်လိုအပ်တာ ဖြစ်ပါတယ်။ သို့သော်လည်း စာကြည့်တိုက်တစ်ခုဖြစ်ဖို့အတွက် အဆောက်အဦ၊ စာအုပ်စာတမ်းစုဆောင်းခြင်း၊ အရာထမ်း၊ အမှုထမ်းများ ခန့်ထားခြင်းစတဲ့ လုပ်ငန်းတွေများစွာလိုအပ်ပြီးတော့ ဒီစာကြည့်တိုက်ကြီး ပုံမှန်လည်ပတ်ဖို့အတွက်လည်း ကုန်ကျစရိတ်တို့၊ ရင်းနှီးမြှုပ်နှံမှုများစွာ ကုန်ကျတာဖြစ်ပါတယ်။ သို့သော်လည်း ဒီလုပ်ငန်းဟာ လုပ်သင့်လုပ်ထိုက်တာဖြစ်တယ်ဆိုတဲ့အကြောင်းကိုတော့ အမျိုးသားပညာရေးမူဝါဒကော်မရှင်ရဲ့အစီရင်ခံစာအမှတ်(၃)မှာလည်း တက္ကသိုလ်စာကြည့်တိုက်များကို အဆင့်မြှင့်တင်ဆောင်ရွက်ဖို့အတွက် အကြံပြုတင်ပြထားတာ ဖြစ်ပါတယ်။ သို့သော်လည်း ဒီလိုစာကြည့်တိုက်ကြီးများ မဆောင်ရွက်နိုင်ခင်ကာလမှာ ခေတ်ကာလအရ e-Library နဲ့ Online Library များကိုလည်း တက္ကသိုလ်များမှာ မဖြစ်မနေထူထောင်ဖို့ လိုအပ်ကြောင်းကိုလည်း ပညာရေးမူဝါဒကော်မရှင်ရဲ့ အစီရင်ခံစာမှာ ဖော်ပြထားတာဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း e-Learning လို့ခေါ်တဲ့ ဒီလေ့လာ

မှုကနေတစ်ဆင့် လေ့လာမှုပေါင်းများစွာ၊ သင်ကြားမှုပေါင်းများစွာကို ကျွန်တော်တို့ရယူဆောင်ရွက်နိုင်ခဲ့တာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံမှာလည်း ဒါတွေကိုဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ဒီနေရာမှာတော့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ဆွေးနွေးချက်အရဆိုရင် မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တက္ကသိုလ် ၅၁ ခုမှာ e-Library များနဲ့ဆောင်ရွက်နေကြောင်းကို သိရှိရပါတယ်။ သို့သော်လည်း ဒီမှာ သုတေသနစာတမ်းတွေ၊ ပညာရပ်တွေယူတဲ့အခါမှာဆိုရင် Internet Access ကဆိုရင် မြန်နှုန်းမြင့်လှိုင်းနှုန်းတွေကို လိုအပ်တာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့က ကျမ်းကိုးကျမ်းကားတွေယူမယ်ဆိုလို့ရှိရင် အချက်အလက်များ စုပုံပါဝင်နေတဲ့၊ Data တွေအများကြီးပါဝင်နေတဲ့ စာရင်းဇယားတွေယူပါတယ်။ Graph တွေအများကြီးပါတဲ့ စာရင်းဇယားတွေ ယူပါတယ်။ နောက် တခြားသော Images တွေ၊ ဓာတ်ပုံတွေ စသည်ဖြင့် မျိုးစုံတွေယူတဲ့အခါမှာ Internet Access ဟာ မြန်နှုန်းမြင့်လှိုင်းနှုန်းရမှ ကျွန်တော်တို့က အဆင်ပြေမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ရဲ့အတွေ့အကြုံအရပြောရလို့ရှိရင်တော့ ဆေးတက္ကသိုလ်(၁)မှာဆိုရင် Internet Access မြန်နှုန်းဟာ 4 Mbps ပဲ ရှိပါတယ်။ တကယ့်တကယ်လေ့ကျင့်သင်ကြားမှုတွေနဲ့ သုတေသနလုပ်ငန်းများတွေအတွက် ရယူမယ့်ကျမ်းကိုးကျမ်းကားတွေယူမယ်ဆိုလို့ရှိရင် 15 Mbps လောက်မှ သူကရမှာ ဖြစ်ပါတယ်။ 15 Mbps ဆိုလို့ရှိရင်လည်း တစ်နှစ်ကို သိန်း ၆၀ အထက် ကုန်ကျမှာဖြစ်ပါတယ်။ ဒါ တက္ကသိုလ်တစ်ခုတည်းအတွက် ဖြစ်ပါတယ်။ ဒါဟာလည်း စာကြည့်တိုက်တစ်ခုတည်းအတွက်ပဲ ပြောတာဖြစ်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့လည်း နိုင်ငံတကာနှင့်ယှဉ်မယ်ဆိုလို့ရှိရင် Internet Access က ကျွန်တော်တို့အနေနဲ့ သုံးဆလောက် ဈေးကြီးနေတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆင့်မြင့်ပညာရေးကို စာကြည့်တိုက်တွေမထူထောင်ခင်မှာ Internet Access ကနေတစ်ဆင့် e-Library၊ Online Library၊ e-Learning စသည်ဖြင့် ကိစ္စရပ်များကို ရယူဖို့အတွက် Internet Access က အဓိကကျနေတာ ဖြစ်ပါတယ်။ ဒီ Internet Access အဓိကကျတဲ့ကိစ္စကို သက်ဆိုင်ရာ အော်ပရေတာများကို သက်ဆိုင်ရာဝန်ကြီးဌာနကနေပြီးတော့ ညှိနှိုင်းဆောင်ရွက်ပေးလို့ရနိုင်မယ်လို့ ကျွန်တော့်အနေနဲ့ထင်ပါတယ်။ ဒီနေရာမှာ Cooperate Social Responsibility ဆိုတဲ့ ကိစ္စရပ်လည်း ရှိပါတယ်။ ဒီနေရာမှာတော့ အများစုကတော့ Cooperate Social Responsibility အလှူအတန်းပေးခြင်း၊ ပစ္စည်းများထောက်ပံ့ခြင်းဆိုတာမျိုးနဲ့ မြင်ကြတာ ဖြစ်ပါတယ်။ သို့သော် ကျွန်တော့်အနေနဲ့ကတော့ ဒီမှာ CSR လို့ခေါ်တဲ့ Cooperate Social Responsibility ကိုတာဝန်သိတဲ့ စီးပွားရေးလုပ်ငန်းတစ်ခုကို ဆောင်ရွက်ပြီးတော့ အကျိုးစီးပွားမျှဝေခြင်းဆိုတဲ့ ခံယူချက်မျိုးနဲ့ ဆောင်ရွက်ပေးစေချင်ပါတယ်။ ဒါမှလည်းပဲ သက်ဆိုင်ရာအဆင့်မြင့်ပညာဆည်းပူးနေတဲ့ တက္ကသိုလ်က ဆရာဆရာမများ၊ ကျောင်းသူကျောင်းသားများ၊ သုတေသနလုပ်ငန်းများဟာ လုပ်ငန်းတွေကို အောင်အောင်မြင်မြင် ထိထိရောက်ရောက်နဲ့ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုလုပ်တဲ့အခါမှာလည်း သက်ဆိုင်ရာအော်ပရေတာများအပြင် တခြားသော ပညာရေး၊ ကျန်းမာရေး၊ အခြားအခြားသောလုပ်ငန်းများနဲ့ နှီးနွှယ်တဲ့ကုမ္ပဏီများနဲ့ လုပ်ငန်းများနဲ့ ဒါတွေကို ညှိနှိုင်းဆောင်ရွက်လို့ရနိုင်တဲ့ အခြေအနေတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတာကတော့ လက်ရှိတက္ကသိုလ်များမှာရှိတဲ့ Online Library တွေ ကျွန်တော်တို့ထောင်ထားတယ်။ သို့သော်

တကယ့်တကယ် Data တွေ၊ Graph တွေ၊ Images တွေကို Download လုပ်တဲ့အခါမှာ မရောက်လာဘဲနဲ့ ယူလို့မရ၊ ဆွေးနွေးလို့မရ၊ ကြည့်လို့မရဆိုတဲ့အဖြစ်မျိုးကနေပြီးတော့ မြန်နှုန်းမြင့်တဲ့ လိုင်းနှုန်းတွေ ရရှိအောင်အတွက် တက္ကသိုလ်များမှာ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ကျွန်တော့်အနေနဲ့ ဒါကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်း၏ အသိပညာ၊ အတတ်ပညာနှင့် စာတမ်းများ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မှီငြမ်းမှုများ ရယူဆောင်ရွက်နိုင်သည့် e-Learning အတွက် Internet Access ကို အဆင်ပြေပြေကုန်ကျစရိတ် နည်းပါးစွာနှင့် ရရှိအောင် စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်းအပေါ် ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဒုတိယဝန်ကြီး ကျွန်တော်က ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အဆင့်မြင့်ပညာရေးဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များမှာ ကျောင်းသားကျောင်းသူများအတွက် Internet ကို အဓိကသုံးစွဲရန် လိုအပ်သောနေရာများဖြစ်တဲ့ စီမံခန့်ခွဲရေးဌာနများ၊ သင်ကြားရေးဌာနများ၊ ကျောင်းသားကျောင်းသူ နားနေဆောင်များနှင့် e-Library များမှာ Fiber Internet Leased Line, ADSL Line, Sky Net နှင့် IP STAR ကဲ့သို့ Internet ချိတ်ဆက်အသုံးပြုနိုင်သည့်နည်းလမ်းများမှတစ်ဆင့် ကျောင်းသားကျောင်းသူများ Internet Access ရရှိပြီး အဆင်ပြေစွာအသုံးပြုနိုင်ရန် စီစဉ်ထားရှိပါကြောင်း၊ ထို့အပြင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များရဲ့ e-Library များရှိ ကွန်ပျူတာများတွင်လည်း ကျောင်းသားကျောင်းသူများ၏သုံးစွဲရန် လိုအပ်မှုအပေါ်မူတည်ပြီး Internet ကို ချိတ်ဆက်ပေးထားပါကြောင်း ပေါင်းစပ်ဖြေကြားထားပါတယ်။

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များမှာရှိတဲ့ Internet ချိတ်ဆက်အသုံးပြုနေတဲ့ကျောင်းပေါင်း ၁၂၃ ကျောင်းရှိပြီး Internet မချိတ်ဆက်ရသေးတဲ့ကျောင်းပေါင်း ၁၀ ကျောင်းကျန်ရှိကြောင်း၊ e-Library ရှိပြီး အသုံးပြုနေတဲ့ ကျောင်းပေါင်း ၅၅ ကျောင်းရှိပြီး e-Library မရှိတဲ့ကျောင်းပေါင်း ၅၃ ကျောင်း နှင့် e-Library တည်ထောင်ရန်ဆောင်ရွက်ဆဲကျောင်းပေါင်း ၂၅ ကျောင်းရှိကြောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များရဲ့ကျောင်းသားကျောင်းသူအရေအတွက်အပေါ်မူတည်၍ လိုလောက်တဲ့ Internet အမြန်နှုန်းရရှိနိုင်စေရန် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ၏ သက်ဆိုင်ရာငွေစာရင်းခေါင်းစဉ်အလိုက် ထည့်သွင်းလျာထားတောင်းခံဆောင်ရွက်လျက်ရှိပြီး ခွင့်ပြုရန်ပုံငွေအရ Internet Access သုံးစွဲမှုလိုအပ်ချက်အပေါ်မူတည်၍ အမြန်နှုန်းများကို မြှင့်တင်ပေးရေးအတွက် စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်းကိုလည်း ပညာရေးဝန်ကြီးဌာနက ဖြေကြားထားပါတယ်။

မူကြမ်း

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)အနေဖြင့်လည်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ပြည်သူလူထုက အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိရာ မြန်နှုန်းမြင့်အင်တာနက်ဝန်ဆောင်မှုများဖြစ်တဲ့ Fiber၊ ADSL နှင့် Mobile အင်တာနက်ဝန်ဆောင်မှုများကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ အစိုးရအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကများသို့ သင့်လျော်သောနှုန်းထားများဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။

ထို့အပြင် MPT ဟာ နေပြည်တော်ရှိ ဗဟိုရုံးများနှင့်ဝန်ကြီးဌာနများအတွက် ဖိုင်ဘာအင်တာနက်ကို အမြန်နှုန်း 20 Mbps နှင့်အထက် အသုံးပြုလိုပါက ပုံမှန်ကောက်ခံသည့် လစဉ်ကြေးရဲ့ထက်ဝက်ကို အထူးနှုန်းထားဖြင့် ၂၀၁၈ ခုနှစ် ဧပြီလမှစတင်၍ ကောက်ခံဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလားတူအားဖြင့် တက္ကသိုလ်/ကောလိပ်များရှိ e-Learning Center များအတွက်လည်း အမြန်နှုန်း 20 Mbps နှင့်အထက် တပ်ဆင်အသုံးပြုလိုပါက ပုံမှန်ကောက်ခံသည့်လစဉ်ကြေးရဲ့ထက်ဝက်ကို အထူးနှုန်းထားဖြင့် လျှော့ချကောက်ခံ၍ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ထို့အပြင် MPT ဟာ လူမှုအကျိုးပြု CSR လုပ်ငန်းများကို သက်ဆိုင်ရာဌာနအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ပညာရေးကဏ္ဍအတွက် တက္ကသိုလ်/ကောလိပ်/အခြေခံပညာကျောင်း စုစုပေါင်း ၁၈၈ ကျောင်းမှာ Fiber၊ ADSL နှင့် Mobile စနစ်တို့ဖြင့် အင်တာနက်အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ တင်ပြခွင့်ပြုပါ။ အဆိုပါကျောင်း ၁၈၀ ကျောင်းအနက် တက္ကသိုလ် ၁၁ ခုနှင့် ပညာရေးအဖွဲ့အစည်းနှစ်ခုတို့မှာ ၎င်းတို့ငွေရမ်းသုံးစွဲတဲ့ အမြန်နှုန်း(Bandwidth)အပြင် CSR အစီအစဉ်ဖြင့် Bandwidth စုစုပေါင်း 134 Mbps ကို လစဉ်အခမဲ့ သုံးစွဲခွင့်ပေးထားပါတယ်။ မြန်မာနိုင်ငံအတွင်းရှိ ကျေးလက်ဒေသရှိ ကျောင်းသူကျောင်းသားလူငယ်များအတွက် ပညာရေးဝန်ကြီးဌာနက ထုတ်လွှင့်တဲ့သင်ခန်းစာများကို Mobile Data အသုံးပြု၍ လေ့ကျင့်သင်ကြားနိုင်ရန် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် Ericsson Myanmar Co. Ltd တို့ပူးပေါင်းဆောင်ရွက်၍ ၂၀၁၄ ခုနှစ်မှာ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ Connect to Learn စီမံကိန်းအတွက် MPT က CSR အနေဖြင့် အခြေခံပညာကျောင်းပေါင်း ၃၁ ကျောင်းမှာ အင်တာနက်အသုံးပြုနိုင်မည့် Mobile Sim Card များကို အခမဲ့ပံ့ပိုးပေးခဲ့ပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ စီမံကိန်းကာလ လေးနှစ်အနက် ၂၀၁၅-၂၀၁၆ မှ ၂၀၁၇-၂၀၁၈ အထိ Data ကို အကန့်အသတ်မရှိ အခမဲ့ဖြင့် ထောက်ပံ့ပေးခဲ့ပြီး ၂၀၁၈-၂၀၁၉ မှာ Sim Card တစ်ကတ်အတွက် တစ်လလျှင် Data 20 GB ကို အခမဲ့သုံးစွဲခွင့်ပြုခြင်းဖြင့် ထောက်ပံ့ပေးလျက်ရှိပါတယ်။ ထို့အပြင် Connect to Learn စီမံကိန်းမှာမပါဝင်တဲ့ အခြေခံပညာကျောင်းခုနစ်ကျောင်းမှာလည်း ADSL အင်တာနက်စနစ်ဖြင့် Bandwidth 3 Mbps ကိုလစဉ်အခမဲ့သုံးစွဲခွင့်ဖြင့် ထောက်ပံ့ပေးလျက်ရှိပါတယ်။

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန(ဆရာအတတ်ပညာ)အနေဖြင့် ပညာရေးကောလိပ်ကျောင်း ၂၅ ကျောင်းကို နှစ်နှစ်သင် ဒီပလိုမာသင်တန်းမှ လေးနှစ်သင် ဒီဂရီကောလိပ်များအဖြစ် အဆင့်မြှင့်တင်နေခြင်း၊ သင်ရိုးညွှန်းတမ်းများ ရေးဆွဲလျက်ရှိခြင်းနှင့် သင်ကြားသင်ယူမှုစွမ်းဆောင်ရည်မြင့်မားစေရေးအတွက် အင်တာနက်ကို အသုံးပြုခြင်းဖြင့် အထောက်အကူဖြစ်စေရန် MPT က ဖိုင်ဘာအင်တာနက်စနစ်ကို Bandwidth 10 Mbps ဖြင့် ၂၀၁၈ ခုနှစ် ဧပြီလမှစတင်၍ လစဉ်အခမဲ့သုံးစွဲခွင့်ဖြင့် ထောက်ပံ့ပေးလျက်ရှိပါတယ်။ e-Learning အတွက် Internet Access ကို အဆင်ပြေပြေကုန်ကျစရိတ်နည်းပါးစွာနှင့် ရရှိရေးအတွက် ရှေ့တွင်တင်ပြခဲ့တဲ့ဆောင်ရွက်ထားချက်များအပြင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လူမှုအကျိုးပြု(CSR)လုပ်ငန်းများနှင့်ပတ်သက်ပြီး Internet Access ဆောင်ရွက်ပေးနေသော ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရကုမ္ပဏီများ၊ မိုဘိုင်းအော်ပရေတာများနှင့် ဆွေးနွေးညှိနှိုင်း၍ ဝန်ဆောင်ခနှုန်းထားများကို ပိုမိုသက်သာစွာကောက်ခံဆောင်ရွက်ပေးနိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ၃၀ မိနစ်ခန့်ခေတ္တရပ်နားပါမယ်။ အစည်းအဝေးကို ၁၁း၃၅ အချိန်မှာ ပြန်လည်စတင်မှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော် ပြည်သူ့

ရေးရာစီမံခန့်ခွဲမှုကော်မတီက ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလင်းလင်းကျော်(အဖွဲ့ဝင်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မြစ်သားမဲဆန္ဒနယ်က ဒေါက်တာလင်းလင်းကျော် ဖြစ်ပြီး ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီဝင်လည်း ဖြစ်ပါတယ်။ ဒီကနေ့မှာ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီ၏တာဝန်ပေးချက်အရ ၂၀၁၈ ခုနှစ်၊ လောင်းကစား ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါတယ်။ ဒီဥပဒေကို လွှတ်တော်သို့ တင်သွင်းရတဲ့ရည်ရွယ်ချက်များကတော့ (၁)မျက်မှောက်ခေတ်စနစ်နှင့်ကိုက်ညီသော လောင်းကစား ဥပဒေသစ်ပေါ်ပေါက်လာစေရန်၊ (၂) ခေတ်ကာလအလျောက် ဆန်းသစ်ပေါ်ပေါက်လာသော လောင်းကစားနည်းသစ်များကို ထိန်းချုပ်နိုင်စေရန်၊ (၃) အောင်ဘာလေထီနှင့် ကာစီနိုရုံများ ကဲ့သို့သော ကံစမ်း၊ ဉာဏ်စမ်းကစားမှုများကို နိုင်ငံသားများ၏ အကျိုးစီးပွားမထိခိုက်စေဘဲ ခွင့်ပြုနိုင်စေရန်ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီသည် ကော်မတီက တာဝန်ယူစိစစ်ရသည့်ဥပဒေတစ်ရပ်ဖြစ်သည့် ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေကို မျက်မှောက်ခေတ် စနစ်နှင့်ကိုက်ညီသောဥပဒေသစ် ပေါ်ပေါက်လာစေရေးအတွက် အသစ်ရေးဆွဲရန်လေ့လာသုံးသပ် ခဲ့ပါသည်။ ယခုလက်ရှိကျင့်သုံးလျက်ရှိသော ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေသည် မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သောဥပဒေဖြစ်ရာ ယခုအုပ်ချုပ်ရေးပုံစံနှင့် ကိုက်ညီမှုမရှိခြင်း၊ ဥပဒေပါထောင်ဒဏ်၊ ငွေဒဏ်များမှာ အခုကာလနှင့် ကိုက်ညီမှုမရှိခြင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ဖွဲ့စည်းပုံအင်အားပြောင်းလဲလာခြင်းနှင့် ခေတ်မီနည်းပညာများ တိုးတက်ပေါ်ပေါက် လာခြင်းတို့ကြောင့် လက်တွေ့ကျင့်သုံးရန်အခက်အခဲရှိကြောင်း လေ့လာတွေ့ရှိခဲ့ပါသည်။ အစိုးရ ဖွင့်လှစ်လျက်ရှိသော အောင်ဘာလေထီအပြင် ကာစီနိုရုံများကဲ့သို့သော ကံစမ်း၊ ဉာဏ်စမ်းကစားမှု များကို နိုင်ငံသားများ၏အကျိုးစီးပွားမထိခိုက်စေဘဲ ခွင့်ပြုဖွင့်လှစ်ပေးနိုင်လျှင် နိုင်ငံ့ဘဏ္ဍာငွေ ပိုမိုတိုးမြင့်ရရှိလာနိုင်မည်ဟု သုံးသပ်တွေ့ရှိရပါသည်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီသည် လောင်းကစားဥပဒေကို အသစ်ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ် များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိသူများနှင့် အစည်းအဝေးငါးကြိမ်ပြုလုပ်ပြီး ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးမှုများမှရရှိလာသော အချက်အလက်များကိုအခြေခံ၍ ခေတ်စနစ် နှင့်လျော်ညီသော ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေမူကြမ်းကိုရေးဆွဲပြီးဖြစ်ပါသဖြင့် လက်ရှိကျင့်သုံး နေသော ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေကိုရုတ်သိမ်းပြီး ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်း ကိုပြဋ္ဌာန်းနိုင်ရေးအတွက် လွှတ်တော်သို့ အစီခံတင်သွင်းအပ်ပါသည်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီ။ ပြည်သူ့လွှတ်တော်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

မူကြမ်း

## ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ၂၀၁၈ ခုနှစ်၊ လောင်းကစား ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးပါထန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပါထန်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ ၂၀၁၈ ခုနှစ်၊ လောင်းကစား ဥပဒေကြမ်းနဲ့စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြမှာဖြစ်ပါတယ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

## ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၁၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈-၃၃၀

ရက် စွဲ ၊ ၂ ၀ ၁ ၈ ခု နှ စ်၊ ဩ ဂုတ် လ ၁၅ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၁-၆-၂၀၁၈ ရက်စွဲပါ စာအမှတ်၊၆/၁၂/၁၀ (၁၈၇)/ပထစ-၂၀၁၈

၁။ ပြည်ထောင်စုလွှတ်တော်ရုံးကပေးပို့သော ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီသည် အောက်ဖော်ပြပါ ရည်ရွယ်ချက်များအပေါ် အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) မျက်မှောက်ခေတ်စနစ်နှင့် ကိုက်ညီသော လောင်းကစားဥပဒေအသစ် ပေါ်ပေါက်လာစေရန်၊

(ခ) ခေတ်ကာလအလျောက် ဆန်းသစ်ပေါ်ပေါက်လာသော လောင်းကစားနည်းသစ်များကို ထိန်းချုပ်စေရန်၊

(ဂ) အောင်ဘာလေထီနှင့် ကာစီနိုများကဲ့သို့သော ကံစမ်းမဲ၊ ဉာဏ်စမ်းကစားမှုများကို နိုင်ငံသားများ၏ အကျိုးစီးပွားမထိခိုက်စေဘဲ ဥပဒေပြု၍ ခွင့်ပြုနိုင်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၈-၇-၂၀၁၈ ရက်နေ့ (ဗုဒ္ဓဟူးနေ့)တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ ၈-၈-၂၀၁၈ ရက် (ဗုဒ္ဓဟူး

နေ့)တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက် များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ ဥပဒေကြမ်းအသေးစိတ်ကို အချိန်ငဲ့ညှာသောအားဖြင့် ဖတ်ကြားခြင်းမပြုတော့ပါ။

၄။ သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင် ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၀ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့် အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံးကျေးဇူးတင်ပါ တယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈- ၃၃၀

ရက် စွဲ ၊ ၂ ၀ ၁ ၈ ခု နှစ်၊ ဩ ဂုတ် လ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁၁-၆-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၁၈၇)/ပထစ - ၂၀၁၈

၁။ ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့သော ၂၀၁၈ ခုနှစ်၊ လောင်းကစား ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကော်မတီသည် အောက်ဖော်ပြပါ ရည်ရွယ်ချက်များအပေါ်အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) မျက်မှောက်ခေတ်စနစ်နှင့် ကိုက်ညီသော လောင်းကစား ဥပဒေအသစ် ပေါ်ပေါက်လာစေရန်၊

(ခ) ခေတ်ကာလအလျောက် ဆန်းသစ်ပေါ်ပေါက်လာသော လောင်းကစားနည်းသစ်များကို ထိန်းချုပ်စေရန်၊

(ဂ) အောင်ဘာလေထီနှင့် ကာစီနိုရုံများကဲ့သို့သော ကံစမ်း၊ ဉာဏ်စမ်းကစားမှုများကို နိုင်ငံသားများ၏ အကျိုးစီးပွားမထိခိုက်စေဘဲ ဥပဒေပြု၍ ခွင့်ပြုနိုင်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ၁၈-၇-၂၀၁၈ ရက် ဗုဒ္ဓဟူးနေ့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလ အခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာ

ဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ ၈-၈-၂၀၁၈ ရက် ဗုဒ္ဓဟူးနေ့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာတွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ၂၀၁၈ ခုနှစ်၊ လောင်းကစား ဥပဒေကြမ်းတွင် အခန်း(၆)ခန်းနှင့် အပိုဒ်ပေါင်း ၂၃ ပိုဒ်ပါရှိပါသည်။

(ခ) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(က)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) လောင်းကစားခြင်းဆိုသည်မှာ ကံစမ်းကစားခြင်း၊ ကျွမ်းကျင်မှုကစားခြင်း တစ်ခုခုတွင် အကောက်အစားယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ ငွေကြေးအတွက်လည်းကောင်း၊ ငွေကြေးကဲ့သို့ တန်ဖိုးရှိသော သို့မဟုတ် ငွေကြေးတန်ဖိုးအဖြစ် လွှဲပြောင်းသတ်မှတ်ရန် သဘောတူပြီးဖြစ်သော ပစ္စည်းတစ်စုံတစ်ရာအတွက်လည်းကောင်း လောင်းကစားခြင်းကိုဆိုသည်။

(ဂ) အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)ရှိ သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့်ဆိုသည့် စကားရပ်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဟု ပြင်ဆင်ပါသည်။

(ဃ) အပိုဒ် ၂ အပိုဒ်ခွဲ(စ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(စ) မြို့နယ်အုပ်ချုပ်ရေးမှူး ဆိုသည်မှာ သက်ဆိုင်ရာ မြို့နယ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်နေသူကို ဆိုသည်။

(င) အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဆ) မြို့နယ်ရဲတပ်ဖွဲ့မှူးဆိုသည်မှာ သက်ဆိုင်ရာမြို့နယ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူး တာဝန်ထမ်းဆောင်နေသူကို ဆိုသည်။

(စ) အပိုဒ် ၂ အပိုဒ်ခွဲ(ဈ)နှင့်(ည)တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဈ) ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

(ည) ထီဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အောင်ဘာလေထီကို ဆိုသည်။

မူကြမ်း

(ဆ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂ အပိုဒ်ခွဲ(ဈ)ကို ပယ်ဖျက်ပါသည်။

(ဇ) အပိုဒ် ၂ အပိုဒ်ခွဲ(ဠ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဠ) ကာစီနိုရုံ ဆိုသည်မှာ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ထားပြီး ခွင့်ပြုထားသည့်နေရာ သို့မဟုတ် အဆောက်အဦး၌သာ ဖွင့်လှစ်ခွင့်ပြုထားသည့် နိုင်ငံခြားသားများသာ သီးသန့်လောင်းကစားခွင့်ရှိသောနေရာကိုဆိုသည်။

(ဈ) အခန်း(၂)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

## အခန်း(၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ခေတ်စနစ်နှင့်လျော်ညီသော လောင်းကစားဥပဒေ ဖြစ်စေရန်၊

(ခ) လောင်းကစားခြင်းသည် ပြည်သူများ၏ လူမှုစီးပွားဘဝကို ထိခိုက်ပျက်စီးစေနိုင်သဖြင့် ဥပဒေနှင့်အညီ ကန့်သတ်ထိန်းချုပ်မှုများ ဆောင်ရွက်နိုင်ရန်၊

(ဂ) အများပြည်သူတို့၏ အကျိုးစီးပွားနှင့် ကိုယ်ကျင့်တရားကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်။

(ည) အခန်း(၂)ကို အခန်း(၃)အဖြစ် ပြင်ဆင်ပါသည်။

(ဋ) အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(က)ခေါင်းစဉ်ကို အခန်း(၃) အပိုဒ် ၄ အပိုဒ်ခွဲ(က) ခေါင်းစဉ်အဖြစ်ပြင်ဆင်ပြီး ယင်းခေါင်းစဉ်ရှိ တစ်ဦးဦးဆိုသည့် စကားများကို ပယ်ဖျက်ပါသည်။

(ဌ) အခန်း(၃)ကို အခန်း(၄)အဖြစ် ပြင်ဆင်ပါသည်။

(ဍ) အခန်း(၃) အပိုဒ် ၄ အပိုဒ်ခွဲ(က)ကို အခန်း(၄) အပိုဒ် ၅ အပိုဒ်ခွဲ(က)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၅။(က) မြို့နယ်အုပ်ချုပ်ရေးမှူး သို့မဟုတ် မြို့နယ် ရဲတပ်ဖွဲ့မှူးသည် သက်ဆိုင်ရာ မြို့နယ်အတွင်း၌လည်းကောင်း၊ စခန်းမှူးသည် သက်ဆိုင်ရာ ရဲစခန်းနယ်မြေအတွင်း၌ လည်းကောင်း လောင်းကစားအိမ်တွင် လောင်းကစားနေကြောင်း ယုံကြည်လောက်သော သတင်းရလျှင် သို့မဟုတ် ယုံကြည်ရန် အခြားလုံလောက်သော အကြောင်းအချက်များရှိလျှင် ထိုသတင်း သို့မဟုတ် အကြောင်းအချက်များကို

ရေးမှတ်ပြီး မိမိကိုယ်တိုင် ထိုလောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေ ဖမ်းဆီးနိုင်သည်။

(ပ) အပိုဒ် ၄ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၅ အပိုဒ်ခွဲ(ခ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၁)အောက်မနိမ့်သောဆိုသည့် စကားရပ်ရှေ့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဆိုသည့် စကားရပ်ကို ဖြည့်စွက်ပါသည်။

(ဖ) အပိုဒ် ၆ အပိုဒ်ခွဲ(က)ခြေဆင်းကို အပိုဒ် ၇ အပိုဒ်ခွဲ(က)ခြေဆင်းအဖြစ် ပြင်ဆင်ပြီး ယင်းခြေဆင်းရှိ ပုဒ်မ ၄ အရဖြစ်စေ၊ ပုဒ်မ ၅ အရဖြစ်စေဆိုသည့်စကားရပ်ကို ပုဒ်မ ၅ အရဖြစ်စေ၊ ပုဒ်မ ၆ အရဖြစ်စေဟု ပြင်ဆင်ပါသည်။

(ဗ) အပိုဒ် ၆ အပိုဒ်ခွဲ(ခ)ခြေဆင်း အပိုဒ်ခွဲငယ် (၁) (၂) နှင့်(၃) တို့ကို အပိုဒ် ၇ အပိုဒ်ခွဲ(ခ) ခြေဆင်း၊ အပိုဒ်ခွဲငယ် (၁) (၂) နှင့် (၃) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၇။(ခ) ပုဒ်မ ၅ အရဖြစ်စေ၊ ပုဒ်မ ၆ အရ ဖြစ်စေ -

(၁) သတင်း သို့မဟုတ် အခြားယုံကြည်လောက်သော အကြောင်းအချက်များကိုရေးမှတ်သူသည် သတင်းပေးသူ၏အမည်ကို လျှို့ဝှက်ထားရမည်။ လိုအပ်မှသာ သတင်းပေးသူ၏အမည်ကို ဖော်ပြနိုင်သည်။

(၂) ရှာဖွေသည့်အခါတိုင်း ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရှာဖွေရမည်။

(၃) လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေ ဖမ်းဆီးသူသည် ဖမ်းဆီးရမိသူများ၊ သိမ်းဆည်းရရှိသည့်ပစ္စည်းများကို သက်ဆိုင်ရာရဲစခန်းသို့ လွှဲအပ်ရမည်။

(ဘ) အခန်း(၄)ကို အခန်း(၅)အဖြစ် ပြင်ဆင်ပါသည်။

(မ) အခန်း(၄) အပိုဒ် ၉ ကို အခန်း(၅) အပိုဒ် ၁၀ အဖြစ်ပြင်ဆင်ပြီး အပိုဒ်ခွဲ(က)ရှိ ဖွင့်လှစ်ခြင်း သို့မဟုတ် တည်ထောင်ခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်း ဆိုသည့် စကားရပ်ကို ဖွင့်လှစ်ခြင်း၊ တည်ထောင်ခြင်း၊ စီမံခန့်ခွဲခြင်း ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ခ)ရှိ ဖွင့်လှစ်ရန် သို့မဟုတ် တည်ထောင်ရန်ဆိုသည့် စကားရပ်ကို ဖွင့်လှစ်ရန်၊ တည်ထောင်ရန်ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(ယ) အပိုဒ် ၁၀ ခြေဆင်းနှင့် အပိုဒ်ခွဲ(က)တို့ကို အပိုဒ် ၁၁ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၁။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ အောက်ပါတို့ကို မပြုရ-

(က) ထီ သို့မဟုတ် ထီကဲ့သို့သော အခြားကံစမ်း ကစားနည်းတစ်ခုခုကို ဖွင့်လှစ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ လောင်းကြေးလက်ခံခြင်း၊ ဒိုင်အဖြစ် ဆောင်ရွက်ခြင်း၊ ငွေကြေးအကျိုးအမြတ်ရယူခြင်း သို့မဟုတ် ထိုသို့ ဆောင်ရွက်ခြင်းကို တစ်နည်းနည်းဖြင့် အားပေးကူညီခြင်း၊

(ခ) ကာစီနိုရုံကို တည်ထောင်ခြင်း၊ ဖွင့်လှစ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ လောင်းကြေးလက်ခံခြင်း၊ ဒိုင်အဖြစ်ဆောင်ရွက်ခြင်း၊ ငွေကြေး အကျိုးအမြတ်ရယူခြင်း သို့မဟုတ် ထိုသို့ ဆောင်ရွက်ခြင်းကို တစ်နည်းနည်းဖြင့် အားပေးကူညီခြင်း။

(န) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၀ အပိုဒ်ခွဲ(ခ)ကို ပယ်ဖျက်ပါသည်။

(ပ) အပိုဒ် ၁၀ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၁၂ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၂။ မည်သူမျှ ပုဒ်မ ၁၁ ပါခွင့်ပြုချက်မရှိသည့် ကစားနည်းတစ်မျိုးမျိုးတွင် ပါဝင်လောင်းကစားခြင်း မပြုရ။

(ဖ) အပိုဒ် ၁၃ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၁၃။ မြန်မာနိုင်ငံသား မည်သူမျှ ကာစီနိုရုံအတွင်း ဝင်ရောက်လောင်း ကစားခြင်း မပြုရ။

(ဗ) အခန်း(၅)ကို အခန်း(၆)အဖြစ် ပြင်ဆင်ပါသည်။

(ဘ) အခန်း(၅) အပိုဒ် ၁၂ ကို အခန်း(၆) အပိုဒ် ၁၅ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၅။ မည်သူမဆို -

(က) ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ခြောက်လအထိ ထောင်ဒဏ် ချမှတ် ရမည့်ပြင် ကျပ်ငါးသောင်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံးခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ကျပ်တစ်သိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်။

(မ) အပိုဒ် ၁၃ ကို အပိုဒ် ၁၆ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၆။ မည်သူမဆို -

(က) ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်ပြင် ကျပ်တစ်သိန်းထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်။

(ခ) ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ယ) အပိုဒ် ၁၄ ကို အပိုဒ် ၁၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၇။ မည်သူမဆို -

(က) ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး တစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် အနည်းဆုံး ကျပ်တစ်သိန်း မှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ထပ်မံကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် အနည်းဆုံး ကျပ် ငါးသိန်း မှ အများဆုံး ကျပ် တစ်ဆယ်သိန်းအထိ ငွေဒဏ် လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံ ပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း ခြင်း ခံရမည်။

(ရ) အပိုဒ် ၁၅ ကို အပိုဒ် ၁၈ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၈။ မည်သူမဆို -

(က) ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ် အထိ ထောင်ဒဏ် ချမှတ်ရမည့်ပြင် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၁၁ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်ပြင် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(လ) အပိုဒ် ၁၆ ကို အပိုဒ် ၁၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၉။ မည်သူမဆို -

(က) ပုဒ်မ ၁၂ သို့မဟုတ် ၁၃ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံးခြောက်လမှ အများဆုံးတစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ကျပ်တစ်သိန်း အထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင် သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း ခြင်းခံရမည်။

(ခ) ပုဒ်မ ၁၂ သို့မဟုတ် ၁၃ ပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ထပ်မံ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်ပြင် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သော သက်သေခံပစ္စည်းနှင့်ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်။

( ဝ) အပိုဒ် ၁၇ ကို အပိုဒ် ၂၀ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၀။ မည်သူမဆို -

(က) ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ

ထောင်ဒဏ်ချမှတ်ရမည့်ပြင် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ် ငါးသိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့် အကျိုးဝင်သောငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်။

(ခ) ပုဒ်မ ၁၄ ပါပြဋ္ဌာန်းချက်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်ပြင် ငွေဒဏ်အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့်အကျိုးဝင်သောငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်။

(သ) အခန်း(၆)ကို အခန်း(၇)အဖြစ် ပြင်ဆင်ပါသည်။

(ဟ) အခန်း(၇) အပိုဒ် ၂၂ နှင့် ၂၃ တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၂၂။ အောင်ဘာလေထီကို ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာနကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၂၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကာစီနိုရုံ တည်ထောင်ခြင်း၊ ဖွင့်လှစ်ခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုနိုင်သည်။

(ဠ) အပိုဒ် ၁၉ ကို အပိုဒ် ၂၄ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ တရားစွဲဆိုခြင်းခံရသူ မည်သူ့ကိုမဆို ဆိုသည့်စကားရပ်ကို တရားစွဲဆိုခြင်းခံရသူများအနက် အဓိကပါဝင်သည့် တရားခံမဟုတ်သူ မည်သူ့ကိုမဆိုဟု ပြင်ဆင်ပါသည်။

(အ) အပိုဒ် ၂၀ ကို အပိုဒ် ၂၅ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ဤဥပဒေအရချမှတ်သည့် ငွေဒဏ်မှဖြစ်စေ၊ ဆိုသည့် စကားရပ်ကိုပယ်ဖျက်ပါသည်။

( - ) အပိုဒ် ၂၁ ကို အပိုဒ် ၂၆ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ထိုသူအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအရ ဆိုသည့်စကားရပ်ကို ထိုသူအား ရာဇဝတ်ကျင့်ထုံးဥပဒေအရဟု ပြင်ဆင်ပါသည်။

( - ) အပိုဒ် ၂၂ ကို အပိုဒ် ၂၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄။ သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ်၊ လောင်းကစား ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသည့် ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းပဒေ ၁၈၆၊ ၁၈၈ တို့နဲ့အညီ ဒီဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၂၄-၈-၂၀၁၈ ရက်(သောကြာနေ့)ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ်က တင်သွင်းသည့် မြန်မာ့သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသအလိုက် စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်နေကြသော နှစ်ရှည်သီးပင်ဥယျာဉ်ခြံလုပ်ငန်းများ၏ အဓိကလိုအပ်ချက် ပင်မအရင်းအမြစ်များအပေါ် ထောက်ပံ့ကူညီပေးနိုင်သည့် စီမံကိန်းမျိုးကို ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ခွဲဝေချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ (၂၉-၅-၂၀၁၈ ရက်နေ့)တွင် တင်သွင်းသွားတဲ့ မြန်မာ့သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်ဒေသအလိုက် စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်နေကြသော နှစ်ရှည်သီးပင်ဥယျာဉ်ခြံလုပ်ငန်းများ၏ အဓိကလိုအပ်ချက် ပင်မအရင်းအမြစ်များအပေါ် ထောက်ပံ့

ကူညီပေးနိုင်သည့်စီမံကိန်းမျိုးကို ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ခွဲဝေချမှတ်အကောင်အထည် ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ်ကိုးဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကြည်သိန်း(ချောင်းဆုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း ဖြစ်ပါတယ်။ ယခု မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း တင်သွင်းတဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် ပြည်ပပို့ကုန် မြှင့်တင်ရာမှာ လယ်ယာကဏ္ဍထွက်ကုန်များဟာ အဓိကအခန်းကဏ္ဍမှာပါဝင်နေပါတယ်။ မြန်မာနိုင်ငံ ရဲ့ ၂၀၁၆-၂၀၁၇ GDP ကိုကြည့်မယ်ဆိုရင် နိုင်ငံ GDP ၏ ၁၉ ရာခိုင်နှုန်းက လယ်ယာထွက်ကုန် ပစ္စည်းများဖြစ်ပါတယ်။ လယ်ယာထွက်ကုန်ပစ္စည်းများ ပြည်ပကို အဓိကတင်ပို့ရာမှာ ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ပဲမျိုးစုံအပြင် သစ်သီးဝလံတင်ပို့မှုကိုလည်း အစိတ်အပိုင်းတစ်ရပ်အဖြစ် အားထား ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ပတင်ပို့မှုအနေနဲ့ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ပြည်ပသို့ဆန်တင်ပို့မှု အမေရိကန်ဒေါ်လာ ၉၅၇.၁၆၄ သန်းရရှိခဲ့ပြီး သစ်သီးဝလံပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၆၂.၉၀၆ သန်းရရှိခဲ့ပါတယ်။ သီးနှံရဲ့အာဟာရဓာတ်ပါဝင်မှုအနေနဲ့ကြည့်မယ်ဆိုရင် နှံစားသီးနှံများ မှာ ကဇီဓာတ်၊ အသားဓာတ်၊ ဗီတာမင်သတ္တုဓာတ်များ အနည်းငယ်ပါဝင်ပါတယ်။ ဆီထွက်သီးနှံများ တွင် အဆီ၊ အသားဓာတ် အဓိကပါဝင်ပါတယ်။ ပဲမျိုးစုံမှ အဓိက အသားဓာတ်ပါဝင်သည့်အမျှင်ဓာတ်၊ ဗီတာမင်နှင့် သတ္တုဓာတ်၊ အနည်းငယ်ပါဝင်ပါတယ်။ သစ်သီးဝလံများတွင် လူသားတို့အတွက် အကျိုး ဖြစ်ထွန်းစေတဲ့ ဗီတာမင်မျိုးပေါင်းများစွာ အမျှင်ဓာတ်၊ သတ္တုဓာတ်နှင့် အခြားသောဓာတုဗေဒ ဓာတ်ပေါင်းများစွာ ပါဝင်ပါတယ်။ ဒါကြောင့် သစ်သီးဝလံသည် နိုင်ငံအတွက် ပြည်ပဝင်ငွေရရှိနိုင် သည့်သီးနှံဖြစ်တဲ့အပြင် လူသားတို့ရဲ့ကျန်းမာရေးအတွက် အကျိုးပြုတဲ့သီးနှံဖြစ်ပါတယ်။ မြန်မာနိုင်ငံ ပထဝီအနေအထားအရ ရေမြေရာသီဥတုမျိုးစုံရှိတဲ့နိုင်ငံဖြစ်လို့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံမျိုးစုံ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ရန် အလားအလာကောင်းများပိုင်ဆိုင်တဲ့အခြေအနေမှာ တည်ရှိနေပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်သီးဝလံထုတ်လုပ်မှုမှရတဲ့ဝင်ငွေဟာ အခြားနှံစားသီးနှံများရဲ့ ထုတ်လုပ် မှုဝင်ငွေမျိုးထက် ပိုမိုမြင့်မားတဲ့ High Value Crop တန်ဖိုးမြင့်ကုန်ဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံ သင့်တဲ့လုပ်ငန်းဖြစ်ပါတယ်။ လက်ရှိအာဆီယံပတ်ဝန်းကျင်နိုင်ငံများကို လေ့လာရင်လည်း ထိုင်းနိုင်ငံ နှင့် ဗီယက်နမ်နိုင်ငံတို့မှာ လွန်ခဲ့တဲ့ ၁၀ စုနှစ်များမှစ၍ ဥယျာဉ်ခြံသီးနှံတင်ပို့မှုကို အဓိကထား အားစိုက်ကြိုးပမ်းခဲ့ရာမှာ သိသာစွာတိုးတက်လာခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ် ထိုင်းနိုင်ငံရဲ့ ဆန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၅.၂ ဘီလီယံရှိပြီး ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတင်ပို့မှုက

အမေရိကန်ဒေါ်လာ ၁၁.၂ ဘီလီယံရှိပါတယ်။ ဗီယက်နမ်နိုင်ငံရဲ့ဆန်တင်ပို့မှုဟာ အမေရိကန်ဒေါ်လာ ၁.၆ ဘီလီယံရှိပြီး ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၃.၁ ဘီလီယံဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှာလည်း လက်ရှိပြည်ပတင်ပို့ပြီး နိုင်ငံခြားဝင်ငွေရရှိနေတဲ့ ဥယျာဉ်ခြံသီးနှံမှ ပြည်ပပို့ကုန်အတွက် အလားအလာရှိတဲ့ သရက်၊ ကျွဲကော၊ အုန်း၊ ထောပတ်သီး စတဲ့သီးနှံများကိုလည်း ဇုန်အလိုက်သတ်မှတ်စိုက်ပျိုးနိုင်ရေးအတွက်လည်း တွန်းအားပေးဆောင်ရွက်ရန် လိုအပ်ပါတယ်။ ဥပမာအားဖြင့် သရက်သီးကို မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးဒေသ၊ ကျွဲကောကို ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ အုန်းကို ကမ်းရိုးတန်းဒေသ၊ ထောပတ်သီးကို ရှမ်းပြည်နယ်မှာ ဇုန်များသတ်မှတ်စိုက်ပျိုးထုတ်လုပ်ခြင်းများ ဆောင်ရွက်သင့်ပါတယ်။ မြန်မာနိုင်ငံရဲ့သီးနှံစိုက်ပျိုးမှုကို အကြမ်းအားဖြင့်ကြည့်ရင် အပူပိုင်းသီးနှံ၊ သရက်၊ ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်၊ ကျွဲကော စတဲ့သီးနှံ စီးပွားဖြစ်ထုတ်လုပ်တင်ပို့မှု တဖြည်းဖြည်းအားကောင်းလာသော်လည်း သမပိုင်းသီးနှံ သစ်တော်၊ ပန်းသီး၊ မက်မွန်၊ မက်မန်း စတဲ့သီးနှံထုတ်လုပ်မှုတွင် မျိုး၊ နည်းပညာများစွာ လိုအပ်ချက်များစွာရှိနေသေးတဲ့အခြေအနေတွေရှိနေတဲ့အတွက် ပြင်ပမှ တင်သွင်းနေရတဲ့ အခြေအနေမှာရှိနေပါတယ်။ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် အာဟာရပြည့်ဝပြီး အရည်အသွေးကောင်းတဲ့သီးနှံများ စိုက်ပျိုးထုတ်လုပ်ပြီး ဈေးကွက်ရရှိဖို့ သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာမှာ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ(Good Agriculture Practice)ကို သိရှိ လိုက်နာဆောင်ရွက်ရေးကိုလည်း အလေးထားဆောင်ရွက်သင့်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံသည်လည်း သစ်သီးဝလံများ အရည်အသွေးကောင်းမွန်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပြီး ပြည်ပသို့တင်ပို့၍ နိုင်ငံခြားဝင်ငွေမြှင့်တင်ရေး ဆောင်ရွက်ရန်လိုအပ်ပါတယ်။ နိုင်ငံခြားဝင်ငွေတိုးမြှင့်ဖို့ သစ်သီးဝလံပြည်ပကိုတင်ပို့နိုင်ရေးအတွက် တောင်သူများအား နည်းပညာ၊ မျိုးများ၊ ဖြန့်ပေးနိုင်တဲ့ခြံများတိုးချဲ့ခြင်း၊ သုတေသနလုပ်ငန်းများပိုမိုတိုးချဲ့အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်း၊ နှစ်ရှည်သီးပင် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့၊ ပျိုးပင်များ ကိုယ်ပိုင်ထုတ်လုပ်လာနိုင်သလို စပ်မျိုး(Hybrid) များလည်းတိုးပြီး ထုတ်လုပ်နိုင်ရေးအတွက် ဥယျာဉ်ခြံများ၏ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ပေးရန်လိုအပ်ပေးရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥယျာဉ်ခြံသီးနှံထုတ်လုပ်မှုနှင့် ထွက်ကုန်ဈေးကောင်းရရှိရေးအတွက် ဆက်စပ်လျက်ရှိတဲ့ရိတ်သိမ်းချိန်လို သိုလှောင်၊ သိမ်းဆည်း၊ ထုတ်ပိုးမှုနည်းပညာများလည်း ဖွံ့ဖြိုးတိုးတက်ဖို့ အားပေးမှုလိုအပ်လျက်ရှိပါတယ်။ သို့မှသာ ထွက်လာတဲ့သီးနှံများ တာရှည်ခံရောင်းကုန်ဈေးကွက်ယှဉ်ပြိုင်နိုင်သော ထုတ်ပိုးမှု၊ သန့်ရှင်းမှုစတဲ့အချက်များအား ဖြည့်ဆည်းပေးနိုင်မှာဖြစ်ပြီး ပြည်တွင်းပြည်ပဈေးကွက်ကို ယှဉ်ပြိုင်ထိုးဖောက်ဝင်ရောက်နိုင်မှာဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ပထဝီအနေအထားအရ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ပြီး တင်ပို့ရောင်းချ၍ ဝင်ငွေတိုးမြှင့်ရရှိနိုင်ပြီး အာဆီယံ၊ အာရှနှင့် ကမ္ဘာ့နိုင်ငံများအပေါ်တွင် ဦးဆောင်နိုင်ငံတစ်ခုဖြစ်လာနိုင်သော်လည်း မြေဧရိယာ၊ ငွေကြေးအရင်းအနှီး၊ မျိုးသစ်၊ စိုက်ပျိုးနည်းစနစ် ထုတ်ပိုးသယ်လှောင်သိုလှောင်စနစ်၊ ဈေးကွက်ရှာဖွေနိုင်မှု စတဲ့လိုအပ်ချက်များကြောင့် တိုးတက်ဖွံ့ဖြိုးမှု အားနည်းနေပါတယ်။ နိုင်ငံတော်အနေနဲ့ စိုက်ပျိုးတောင်သူများအား အရင်းအနှီးပံ့ပိုးပေးခြင်း၊

အစိုးရဌာနပိုင်ခြံများမှ နည်းပညာဖြန့်ဖြူးနိုင်မှု၊ မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးနိုင်မှု တိုးတက်လာနိုင်စေရန် လိုအပ်ချက်များပံ့ပိုးပေးခြင်း၊ ထုတ်ကုန်စက်မှုလုပ်ငန်းရှင်များအား ထုတ်ပိုးသယ်ဆောင်မှုစနစ်များ ဖွံ့ဖြိုးစေရန် ပံ့ပိုးပေးခြင်း၊ ဈေးကွက်ရှာဖွေရေးပညာရှင်၊ စီးပွားရေးလုပ်ငန်းရှင်များအား ဘက်ပေါင်းစုံမှပံ့ပိုးပေးခြင်းစတဲ့ လုပ်ငန်းများဆောင်ရွက်နိုင်ပါမှ တောင်သူဝင်ငွေတိုးပြီး နိုင်ငံတော်ရဲ့ စီးပွားရေးပါ ဖွံ့ဖြိုးလာနိုင်မှာဖြစ်တဲ့အတွက် ဒီအဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောထွန်းမြအောင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်အနေနဲ့ မြန်မာ့သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသအလိုက် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်သော နှစ်ရှည်သီးနှံပင်ဥယျာဉ်အမျိုးအစားကို ဒေသအလိုက် စီမံကိန်းချ၍စိုက်ပျိုးရန်နှင့် ပံ့ပိုးမှုများ ပေးနိုင်ရန် နိုင်ငံတော်အစိုးရအား အကြံပြုတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်သီးဝလံနှင့်ပတ်သက်ပြီးပြောရမယ်ဆိုလို့ရှိရင် အများအမြင်အနေနဲ့ သရက်သီးတို့၊ ပန်းသီးတို့၊ သစ်တော်သီးတို့၊ ထောပတ်သီးတို့၊ သစ်ကြားသီးတို့၊ လိုင်ချီးတို့စတဲ့ ရာသီဥတုနဲ့ကိုက်ညီတဲ့၊ ဒေသနှင့်ကိုက်ညီတဲ့အပင်တွေလည်း သိကြပါလိမ့်မယ်။ ကျွန်တော့်အတွေ့အကြုံအရ သာဓကတစ်ခုတင်ပြရမယ်ဆိုလို့ရှိရင် လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က ကျွန်တော် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို တာဝန်နဲ့နယ်စပ်ဖွံ့ဖြိုးရေးအတွက် သွားခဲ့ရပါတယ်။ အဲဒီမှာဘာတွေ့ရလဲဆိုတော့ နယ်စပ်ရေးရာဌာနကတော့ လုပ်ငန်းတွေ လူကြီးတွေကလုပ်ကြတယ်။ ဝန်ကြီးက ကျွန်တော့်ကို မင်း “ဝ” ဒေသမှာ ဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးနဲ့ပတ်သက်ပြီးတော့ မင်းလေ့လာခဲ့ဆိုပြီး ကျွန်တော့်ကိုမှာတယ်။ အဲဒါနဲ့ကျွန်တော်က အရင်တုန်းက အမေရိကန်သံအမတ်ကြီး ဦးသန်းဆွေနဲ့ညှိနှိုင်းပြီးတော့ ကျွန်တော့်ကို ကိုယ်စားလှယ်တစ်ယောက်ကိုရှာပြီးတော့ သူတို့ “ဝ” ဒေသမှာ စိုက်ပျိုးတဲ့သစ်ကြားပင်ပေါ့။ သစ်ကြားရာသီ။ ဧကဘယ်လောက်လောက်ရှိလဲဆိုတော့ ဧက ၅၀၀ နဲ့ ၁၀၀၀ ကြားမှာရှိတယ်။ ဘယ်လောက်ကြီးလဲဆိုတော့ အဲဒါကြီးပဲ။ အဲဒီမှာ ဘာစိုက်လဲဆိုတော့ သူက နံပါတ်(၁) သစ်ကြားပင်ပဲ။ သစ်ကြားပင်က ကျွန်တော်တို့ ကရင်ပြည်နယ်မှာရှိတဲ့သစ်ကြားသီးကတော့ အရိုင်းသီးတွေ၊ အဲဒီမှာသူတို့က သစ်ကြားကိုင်းဆက်တွေ၊ ကိုင်းဆက်တွေက ကျွန်တော်တို့ ပြောရမယ်ဆိုလို့ရှိရင် ခုနစ်နှစ်လောက်စိုက်ပြီးလို့ရှိရင် သူက နံပါတ်(၁)က သစ်ကြားပင်တစ်ပင်ဆိုတာ အနည်းဆုံး ယွမ်တစ်သိန်းလောက်ရပါတယ်။ သူတို့က ခြံကြီးတွေနဲ့ ကိုယ်ပိုင်ခြံလည်းရှိတယ်။ အုပ်ချုပ်ရေးအဖွဲ့တွေပိုင်တဲ့ခြံတွေလည်းရှိတယ်။ ဒီလိုစိုက်တာတွေအများကြီးတွေ့ရပါတယ်။ နောက်တစ်ခုက ကြားထဲမှာ နာနတ်တွေ၊ ကော်ဖီတွေ စီးပွားဖြစ်စိုက်တာ။ စိုက်တဲ့အခါကျတော့ အဲဒီမှာ ခြံပိုင်ရှင်အသိတစ်ယောက်နဲ့တွေ့တဲ့အခါ မေးတဲ့အခါကျတော့ သစ်ကြားပင်က ကျွန်တော်တို့က ဘာမှလုပ်စရာ

မလိုဘူး။ ဆောင်းရာသီကျလို့ရှိရင် ကျွန်တော်တို့က ပထမဆုံး မတိုင်ခင်မှာဆိုရင် အကုန်လုံး ခုနလို စာချုပ်မယ်တဲ့။ စာချုပ်ပြီးတော့ ဟိုဘက်ကမ်း တရုတ်နိုင်ငံက စာလာချုပ်မယ်။ ချုပ်ပြီးတော့ အကုန်လုံးသူတို့က ပုတ်ပြတ်အနေနဲ့ အသီးမသီးခင် သုံး၊ လေးလလောက် ကန်ထရိုက်ယူလိုက်ပြီး တော့ အစာကျွေးတယ်။ အရည်ရောင်းတယ်။ နောက်တစ်ခါ မျိုးသန့်တယ်။ အဲဒီလိုလုပ်တဲ့အခါကျ တော့ အပြတ်ပဲ သူ့ဟာသူလာလုပ်သွားတာ အလုပ်သမားတွေကလည်း အဆင်သင့်ရှိပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ တင်ပြချင်တာက အဲဒါက ဝယ်လက်က တရုတ်ပြည်ဈေးကွက်၊ ဘယ်ကိုပို့လဲဆိုတော့ အမေရိကန်တို့၊ နယူးဇီလန်တို့၊ ဩစတြေးလျတို့ကိုပို့တယ်။ ဒါက သစ်ကြားပင်၊ သစ်ကြားသီး။ အခု ကျွန်တော်တို့ ဝယ်စားနေတဲ့ဟာတွေပါ။

ဒါကြောင့်မို့လို့ ကျွန်တော်တင်ပြချင်တာက ရာသီဥတု တူတယ်။ မြေအမြင့်ချင်းတူတယ်။ လောင်ဂျီတွတ်ချင်းတူတဲ့ ချင်းဒေသ၊ အထူးသဖြင့် ချင်းတောင်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး အဲဒီလိုဒေသတူတဲ့နေရာတွေမှာ ဒါတွေကို အကွက်ကျကျ နှစ်ရှည်စီမံကိန်းကို အနည်းဆုံး ၁၀ နှစ်၊ ၁၅ နှစ်၊ အနှစ် ၂၀ လောက်တော့ကြာကြာ ရင်းထားတယ်။ ဒါပေမဲ့ ရင်းပြီးတာနဲ့၊ အပင်ဖြစ်ပြီးတာနဲ့ ဒါက မဖြစ်မနေပါ။ ဒါကြောင့်မို့လို့ ဒါက နှစ်ရှည်စီမံကိန်းအနေနဲ့ သစ်သီးဝလံတွေထွက်လာတဲ့ဟာကို ပထမအချက်အနေနဲ့ တင်ပြချင်ပါတယ်။ ဒုတိယအချက်အနေနဲ့တင်ပြချင်တာကတော့ သစ်သီးဝလံတွေနဲ့ပတ်သက်ပြီးတော့ပဲ ကျွန်တော် မလေးရှားရောက်တဲ့အခါကျတော့ ဘာတွေ့ရလဲဆိုတော့ သူတို့ မလက်ကာရေလက်ကြားကနေ ပြီးတော့ ပီနံထိ ကားလမ်းဝဲ/ယာမှာ ဆီအုန်းတွေစိုက်တယ်။ ရော်ဘာတွေစိုက်တယ်။ ထို့အတူပဲ ကျွန်တော်တို့က သူတို့နဲ့ယှဉ်ပြီးတော့ နည်းနာယူပြီးတော့ မြန်မာပြည်မှာ အမြန်လမ်းကြီးရှိတယ်။ မီးရထားလမ်းလည်းရှိတယ်။ ရန်ကုန်-မန္တလေးအမြန်လမ်း၊ ရန်ကုန်-ပြည်လမ်း၊ ဒီလိုလမ်းတွေမှာ ဝဲ/ယာမှာ ကျွန်တော်တို့ နံပါတ်(၁)က စနစ်တကျနဲ့ကျွန်းပင်တွေ၊ စနစ်တကျနဲ့ ကုက္ကိုပင်တွေ လာစိုက်ထားတာမှန်တယ်။ အဲဒီနေရာမှာထပ်ပြီးတော့ သစ်သီးဝလံနဲ့ပတ်သက်ပြီး ထန်းပင်စိုက်ရင် မဖြစ်ဘူးလား။ ဒါက နံပါတ်(၁)ဘာအကျိုးရမလဲဆိုတော့ ပျက်စီးမှုဒဏ်ခံနိုင်တယ်။ ဒုတိယအချက်က ၁၅ နှစ်ဆို မသီးမနေရသီးတယ်။ တောက်လျှောက်သီးတယ်။ သီးတာနဲ့ ဘာလဲဆိုတော့ ဆီသွပ်ဗူးလုပ်ပြီးတော့ ကမ္ဘာကိုပို့လို့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ တင်ပြချင်တာက နောက်ဆုံးတစ်ချက်အနေနဲ့ကျတော့ ဒီသစ်သီးဝလံနဲ့ပတ်သက်ပြီးလို့ရှိရင် Gamma Ray ဆိုတာ လိုပါတယ်။ Gamma Ray မရှိဘူး။ အဲဒါကို မရှိမဖြစ်ဝယ်ထားရမယ်။ ဝယ်ထားပြီးတော့ နိုင်ငံမှာ ပြည်ပပို့လို့ရှိရင် ဒါကို ကျော်ဖြတ်ပြီးမှ၊ ပို့မှ ကျွန်တော်တို့ လက်ခံခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုနှင့်ပတ်သက်ပြီးတော့ ဦးစိုင်းဝေါင်းဆိုင်ဟိန်းရဲ့အဆိုအား လေးလေးနက်နက်ထောက်ခံကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များ

အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်းရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံတွင် ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းကျော်ရှိတဲ့အနက် အများစုသည် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင်လည်း တောင်ကုန်း၊ တောင်တန်း၊ မြေပြန့်၊ ချိုင့်ဝှမ်းစတဲ့ ရေမြေသဘာဝ၊ ရာသီဥတုအပေါ် မူတည်ပြီး လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ နှစ်ရှည်သီးပင်ဥယျာဉ်ခြံ၊ စက်မှုကုန်ကြမ်းသီးနှံများ စသည့်လုပ်ငန်းအမျိုးအစားစုံလင်စွာ စိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုရှင်က ၎င်းစိုက်ပျိုးရေးလုပ်ငန်းများထဲက မြန်မာနိုင်ငံတစ်ဝန်းလုံးအတွင်း ဒေသအလိုက်စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်နေကြသော နှစ်ရှည်သီးပင်ဥယျာဉ်ခြံ၊ သစ်သီးဝလံများ စိုက်ပျိုးထုတ်လုပ်မှုမြင့်မားစွာဖြင့် ပြည်တွင်းဈေးကွက်မှတစ်ဆင့် ပြည်ပသို့ တင်ပို့ကုန်ပစ္စည်းများအဖြစ်ရောက်ရှိပြီး ကျေးလက်နှင့်မြို့ပြနေ ပြည်သူများ၏လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ အဆိုတင်သွင်းဆောင်ရွက်ခဲ့ကြောင်း သိရှိနားလည်ရပါတယ်။ အဆိုရှင်ရဲ့အဆိုနှင့်စပ်လျဉ်းပြီး ကျွန်တော့်မဲဆန္ဒနယ် ရပ်စောက်မြို့နယ် သရက်စိုက်တောင်သူအစုအဖွဲ့များ၏စိုက်ပျိုးထုတ်လုပ်ရောင်းချမှု အခက်အခဲများ၊ လိုအပ်ချက်၊ အတွေ့အကြုံရှင်းလင်းဆွေးနွေးချက်များအပေါ် အခြေခံ၍ နှိုင်းယှဉ်အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်သော ရပ်စောက်မြို့နယ်တွင် ရေမြေတောတောင်၊ ရာသီဥတုကောင်းမွန်မှုများကြောင့် နှစ်ရှည်သီးပင်ဥယျာဉ်ခြံ၊ သစ်သီးဝလံများ အမျိုးအစားစုံလင်စွာ ဖြစ်ထွန်းအောင်မြင်စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ သရက်သီးသည် အခြားသစ်သီးများနှင့်မတူ အရောင်အဆင်း၊ အနံ့အရသာထူးကဲကောင်းမွန်သောကြောင့် ကမ္ဘာတစ်ဝှမ်းလူကြိုက်များသော သစ်သီးတစ်မျိုးဖြစ်ခဲ့ရပြီး ကျွန်တော်တို့မြို့နယ်တွင် သရက်သီးသည် အဓိကထွက်ကုန်အဖြစ် စိုက်ပျိုးလျက်ရှိပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် သရက်စိုက်ဧက ၁၅၀၀၀ ကျော်ရှိတဲ့အနက် ရပ်စောက်မြို့နယ်တွင် သရက်စိုက်ဧက ၉၀၀၀ ကျော်ရှိတဲ့အတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် သရက်စိုက်ပျိုးမှုအများဆုံးဖြစ်ပြီး ပြည်နယ်စိုက်ဧက၏ သုံးပုံနှစ်ပုံ စိုက်ပျိုးထုတ်လုပ်သည့်အတွက် သရက်နှင့်ပတ်သက်ပြီး ကျွမ်းကျင်ပညာရှင်တစ်ဦးကို ရုံးများဖွင့်လှစ်ဆောင်ရွက်စေပြီး ဈေးကွက်ဝင်သရက်မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးနိုင်ရေးနှင့် ပိုးမွှားများအန္တရာယ်နှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုများအတွက် စောင့်ကြည့်အကြံဉာဏ်များပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။

သရက်စိုက်ပျိုးသည့်တောင်သူများ ဝင်ငွေတိုးတက်ရရှိရန်အတွက် ထွက်ရှိသောသရက်သီးများအား ရိတ်သိမ်းချိန်လွန်နည်းပညာများအသုံးပြုပြီး ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် သရက်လုပ်ငန်းရှင်များ၊ ပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ သရက်ထုပ်ပိုးစက်ရုံတစ်ခုတည်ဆောက်ပေးရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် ဒုတိယအများဆုံးသရက်စိုက်ပျိုးသည့် ရပ်စောက်

မြို့နယ်တွင် သရက်ထုပ်ပိုးစက်ရုံတစ်ခုတည်ဆောက်နိုင်ရန် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(FAO)မှ ၂၀၁၃ ခုနှစ်က လှူဒါန်းပေးမည်ဖြစ်သော်လည်း စက်ရုံမြေနေရာနှင့် အဆောက်အဦကို စိုက်ပျိုးရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိခဲ့၍ မအောင်မြင်ခဲ့ပါဘူး။ ယခုအချိန်တွင် သရက်စိုက်တောင်သူများ အချိန်အခါမီ ဝင်ငွေတိုးတက်စေရန်အတွက် သရက်ထုပ်ပိုးစက်ရုံတစ်ခု တည်ဆောက်ပေးနိုင်ရန်လည်း အကြံပြုတင်ပြလိုပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသော တောင်သူလယ်သမားများနဲ့ သရက်စိုက်တောင်သူများသည် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေးများကို တရုတ်နိုင်ငံ၊ ယိုးဒယားနိုင်ငံစသည့်နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် တန်ဖိုးနှစ်ဆခန့်ဈေးကြီးပေးသုံးစွဲရပြီး အရည်အသွေးအာမခံချက်များနဲ့ စစ်ဆေးကြီးကြပ်မှုများ အားနည်းချက်များ ဖြစ်ပေါ်နေပြီး မလိုလားအပ်သော ဈေးနှုန်းကြီးမြင့်မှု၊ ဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနများ အနေဖြင့် တောင်သူများ ကုန်ကျစရိတ်လျှော့နည်းအောင်နှင့် အရည်အသွေးကောင်းမွန်စေရန်အတွက် ပိုမိုစိစစ်ကြပ်မတ်ဆောင်ရွက်သင့်ကြောင်းလည်း အကြံပြုတင်ပြလိုပါတယ်။ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော တောင်သူများ မိမိတို့စိုက်ပျိုးထားသော ဒေသထွက်ကုန်ပစ္စည်းများ အချိန်မီဈေးကွက်တင်ပို့ရောင်းချနိုင်ရန်အတွက် စိုက်ခင်းများမှ သီးနှံပွဲရုံသို့ ဆက်သွယ်သွားလာရသော ကုန်ထုတ်လမ်းများကိုလည်း သက်ဆိုင်ရာဌာနများမှ အဓိကထား၍ အလေးထားဖောက်လုပ်ဆောင်ရွက်ပေးသင့်ကြောင်းလည်း အကြံပြုတင်ပြလိုပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အချုပ်အားဖြင့် တင်ပြဆွေးနွေးရမည်ဆိုလျှင် မြန်မာနိုင်ငံတွင် သရက်မျိုးပေါင်းများစွာရှိတဲ့အနက် အနံ့အရသာနှင့်ပြည့်စုံသော စိန်တစ်လုံးသရက်မျိုးများနှင့် အခြားရောင်းတန်းဝင်သရက်သီးများ နိုင်ငံတကာသို့အဆင့်မီတင်ပို့ရောင်းချနိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်၊ စိုက်ပျိုးနည်း ဖြန့်ဝေခြင်းလုပ်ငန်းများ၊ သွင်းအားစုပိုးသတ်ဆေးများနှင့်ပတ်သက်သည့် ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းများ၊ သီးနှံနှန်းထိန်းသိမ်းခြင်းနည်းစနစ်များ၊ တန်ဖိုးမြင့်ထုတ်ကုန်လုပ်ငန်းများ၊ အဆင့်မီထုပ်ပိုးနည်းစနစ်များစသည့်လုပ်ငန်းရပ်များ ကျယ်ကျယ်ပြန့်ပြန့်ကူညီဆောင်ရွက်ပေးရန် လိုအပ်နေသေးပါကြောင်း အကြံပြုတင်ပြလိုပါတယ်။ ယခုနှစ် သရက်သီးများထွက်ရှိရာသီတွင် နိုင်ငံတစ်ဝန်းလုံးရှိ သရက်စိုက်တောင်သူများမှာ ဈေးကွက်နှင့် ဈေးနှုန်းမကောင်းခြင်း၊ ကုန်ကျစရိတ်များလွန်းခြင်း၊ အသီးအရည်အသွေးအားနည်းခြင်းစတဲ့ အကြောင်းအမျိုးမျိုး၊ အခက်အခဲများစွာကြုံတွေ့နေရပြီး ဝင်ငွေအမြတ်ရရှိမှု လျော့နည်းနေပြီး တောင်သူအချို့ဆိုလျှင် အရှုံးဘက်သို့ဦးတည်နေတာလည်း တွေ့ရှိကြားသိရပါတယ်။ ဒါကြောင့် ပြည်တွင်းဈေးကွက်တွင်လည်း ရောင်းတန်းဝင်၍ ပြည်ပဈေးကွက်များကလည်း တည်ငြိမ်စွာဖြင့် အချိန်မရွေးလက်ခံနိုင်သည့်အဆင့်မျိုးရောက်ရှိအောင် ဆောင်ရွက်နိုင်ရေးအတွက် အစိုးရ၊ သက်ဆိုင်ရာဌာနများမှ ကူညီထောက်ပံ့ဆောင်ရွက်ပေးနိုင်ရန် အကြံပြုဆွေးနွေးအပ်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုရှင်၏အဆိုတွင်ပါရှိသော ဒေသအလိုက် စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်နေကြသော နှစ်ရှည်ပင်ဥယျာဉ်ခြံလုပ်ငန်းများ၏အဓိကလိုအပ်ချက် ပင်မအရင်းအမြစ်များအပေါ် ထောက်ပံ့ကူညီပေးနိုင်သည့် စီမံကိန်းများဖော်ဆောင်ပေးရေးနှင့်စပ်လျဉ်းပြီး နိုင်ငံတစ်ဝန်းရှိဒေသနှင့်ကိုက်ညီသည့် သစ်သီးဝလံများအတွက် ကူညီဆောင်ရွက်ပေးရန် သင့်သလို ကျွန်တော့်မဲဆန္ဒနယ် ရပ်စောက်မြို့နယ်

မူကြမ်း

သရက်စိုက်တောင်သူများအပါအဝင် နိုင်ငံတစ်ဝန်းလုံးရှိ သရက်စိုက်တောင်သူများအားလုံး၏ လိုအင်ဆန္ဒလိုအပ်ချက်များနှင့်အညီ ထောက်ပံ့ကူညီပေးသင့်ကြောင်း အကြံပြုတင်ပြဆွေးနွေးရင်း မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း၏အဆိုကို လေးစားစွာဖြင့် ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးနန်မွန်ထင်(မချမ်းဘောမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မချမ်းဘောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနန်မွန်ထင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း တင်သွင်းသွားတဲ့ မြန်မာ့သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အစိုးရမှ စီမံကိန်းချမှတ်၍ ကူညီထောက်ပံ့ရန် အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ယခုအချိန်အထိ စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံဖြစ်တယ်ဆိုတာ သိရှိရပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ စိုက်ပျိုးရေးကဏ္ဍကို ဦးစားပေးဆောင်ရွက်သွားဖို့ လိုပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းမှာ နှစ်ရှည်သီးနှံသည် သစ်သီးပင်များလည်းပဲ ပါဝင်နေပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ သစ်သီးဝလံမျိုးစုံပေါများ၍ နေရာဒေသ၊ ရာသီဥတု၊ ရေမြေသဘာဝအလိုက် ဖြစ်ထွန်းတဲ့နိုင်ငံတစ်ခုဖြစ်ပါတယ်။ စိုက်ပျိုးသီးနှံများအနက် သစ်သီးဟာ ဖြည့်စွက်အာဟာရအဖြစ် ကျန်းမာရေးအတွက် အင်မတန်အကျိုးရှိတဲ့သီးနှံဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ရေမြေ၊ ရာသီဥတု၊ သဘာဝအခြေအနေ စုံလင်စွာတည်ရှိသောနိုင်ငံဖြစ်တဲ့အတွက် သစ်သီးဝလံမျိုးစုံ သူ့နေရာနှင့်သူစိုက်ပျိုးထုတ်လုပ်နိုင်သော နိုင်ငံတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံတွင် နှစ်ရှည်ခံသီးနှံပင် နေရာအနှံ့တွင် စိုက်ပျိုးသည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ သစ်သီးဝလံအမျိုးအစားပေါင်း ၂၇၀၀၀၀ ခန့်ရှိတယ်လို့ သိရှိရပါတယ်။ အဲဒီသစ်သီးများဟာ ရာသီဥတု၊ ရေမြေသဘာဝအလိုက် ကွဲပြားလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပမာ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသမှာဖြစ်ထွန်းတဲ့သီးနှံများ၊ သစ်သီးများဟာ ကျွန်တော်တို့တောင်ပေါ်ဒေသ၊ ကုန်းမြင့်ဒေသမှာ စိုက်မယ်ဆိုရင် ဖြစ်ထွန်းမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ကချင်ပြည်နယ်၊ ပူတာအိုဒေသမှာ အဓိကစိုက်ပျိုးဖြစ်ထွန်းတဲ့ သစ်သီးများဟာ ဥပမာ - Grapefruit ၊ လိမ္မော်သီး၊ ဝါရှင်တန် အမေရိကန်သံပရာ၊ သွေးသီး၊ ရူဘီ၊ ဝလင်ချာ စသည်ဖြင့် အမျိုးပေါင်း ၂၀ လောက် ရှိပါတယ်။ ဒီပူတာအိုဒေသမှာ ဖြစ်ထွန်းတဲ့သစ်သီးများ အကြောင်းကိုနည်းနည်းပြောချင်တယ်။ ဒီအသီးများဟာ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မှာ အများဆုံးစိုက်တဲ့သီးနှံများဖြစ်ကြောင်း သိရှိရပါတယ်။ အရင်တုန်းက အမေရိကန်သာသနာပြုဆရာကြီးက ယူလာတဲ့သစ်သီးမျိုးတွေဖြစ်တယ်လို့ သိရှိရပါတယ်။ ပူတာအိုဒေသရဲ့ ရေမြေ၊ ရာသီဥတုဟာ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရဲ့ရာသီဥတု သဘာဝအခြေအနေ

နဲ့ ကိုက်ညီတယ်လို့ဆိုတဲ့အကြောင်းလေး သိရှိရပါတယ်။ ဒါကြောင့် ဒီသစ်သီးများဟာ အခြားဒေသမှာ ဖြစ်ထွန်းတာမဟုတ်ဘူး။ အဲဒီဒေသမှာပဲ ဖြစ်ထွန်းတယ်လို့ သိရှိရပါတယ်။ အခုအချိန်မှာ Grapefruit ကို တခြားမြစ်ကြီးနားမြေပြန့်ဒေသမှာလည်း အများအားဖြင့် စိုက်ပျိုးနေပါတယ်။ သို့သော် သစ်သီး အရသာဟာ ပူတာအိုသစ်သီးနဲ့ လုံးဝကွာနေတယ်။ ရှမ်းပြည်နယ်မှာစိုက်ပျိုးတဲ့ လိမ္မော်၊ ချင်းပြည်နယ် မှာ စိုက်ပျိုးတဲ့လိမ္မော်အရသာချင်းမတူဘူးဆိုတာ လက်တွေ့သိရှိရပါတယ်။ ဒါကြောင့် ပူတာအိုဒေသ မှာ ဥပမာ-အဲဒီသစ်သီးဟာ အိမ်ခြံတိုင်းမှာ စိုက်ပျိုးနေပါတယ်။ သို့သော် အစိုးရက ဈေးကွက်ဖန်တီး ပေးဖို့ လိုလိမ့်မယ်လို့ ကျွန်တော်အကြံပြုချင်ပါတယ်။ ဥပမာ ဖျော်ရည်လုပ်ငန်း၊ ယိုလုပ်ငန်းတွေ ကူညီမယ် ဆိုရင် အဲဒီဒေသမှာ သစ်သီးများများထွက်မယ်။ ဒေသခံများရဲ့ဝင်ငွေကောင်းကောင်းရမယ်။ စီးပွားရေး ဖြစ်ထွန်းလာမယ်လို့ ကျွန်တော်ဒီလိုပဲသုံးသပ်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့မြန်မာ့သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာ စေရန် ဒေသအလိုက် စိုက်ပျိုးမယ့် နှစ်ရှည်သီးပင်များ၊ ဥယျာဉ်ခြံလုပ်ငန်းများကို နိုင်ငံတော်အစိုးရ အနေဖြင့် စီမံကိန်းချမှတ်၍ ကူညီထောက်ပံ့ပေးသင့်ကြောင်းဆိုတဲ့အဆိုကို လေးလေးနက်နက် ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခမ်ခန့်ထန်(တွန်းဇံမဲဆန္ဒနယ်)**။ ။ လေးစားရတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ တွန်းဇံ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမ်ခန့်ထန် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်၊ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း အဆိုတင်သွင်းတဲ့ မြန်မာ့သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသအလိုက်စီးပွားဖြစ် လုပ်ကိုင်နေကြသော နှစ်ရှည်သီးနှံပင် ဥယျာဉ်ခြံလုပ်ငန်းများ၏ အဓိကလိုအပ်ချက် ပင်မအရင်းအမြစ်များအပေါ် ထောက်ပံ့ ကူညီပေးနိုင်သည့်စီမံကိန်းမျိုးကို ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ခွဲဝေချမှတ်အကောင်အထည် ဖော်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွား မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရှေ့မှာ ကိုယ်စားလှယ်လေးဦးက ပြည့်ပြည့်စုံစုံဆွေးနွေးပြီးဖြစ်တဲ့ အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် ကျွန်တော့်မဲဆန္ဒနယ်ကိုအခြေခံပြီး ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်မှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀၊ ၄၀ ပတ်ဝန်းကျင် တုန်းက ပန်းသီး၊ လိမ္မော်သီး၊ နာနတ်၊ စပျစ်၊ စတော်ဘယ်ရီ၊ ထောပတ်၊ မျှောက်ငို၊ ကော်ဖီ စတဲ့ နှစ်ရှည်သီးနှံပင်များကို စိုက်ပျိုးခဲ့ကြပါတယ်။ အဲဒီသီးနှံတွေထဲမှာ ချင်းတောင် ပန်းသီး၊ လိမ္မော်သီး တို့ဟာ အတိုင်းအတာတစ်ခုအထိ နာမည်ရပြီးအောင်မြင်ခဲ့တာကိုလည်း တွေ့ရပါတယ်။ အဲဒီအချိန်တုန်း ကဆိုရင် ချင်းတောင် ပန်းသီး၊ လိမ္မော်သီးများကို ပင်မမြို့ကြီးများဖြစ်တဲ့ ကလေး၊ မုံရွာ၊ မန္တလေး၊ ရန်ကုန်၊ မြစ်ကြီးနားတို့သို့ တင်ပို့ရောင်းချနေတာကိုလည်း သိရှိရပါတယ်။ အဲဒီအချိန်တုန်းကဆိုရင် စိုက်ပျိုးတဲ့တောင်သူများနှင့် ကုန်သည်များဟာလည်း အတိုင်းအတာတစ်ခုအထိ စီးပွားဖွံ့ဖြိုးခဲ့တာ

မူကြမ်း

ကိုလည်း တွေ့ရှိရပါတယ်။ သို့သော်လည်းပဲ ဒီအဆိုရှင်တင်ပြသွားသလို ၁၉၉၀ ခုနှစ် ဒီဘက် နောက်ပိုင်းမှာကျတော့ နယ်စပ်ဝင်ပေါက်များမှ ဒေသထွက်သီးနှံထက် အရည်အသွေးကောင်းမွန်သော ပန်းသီး၊ လိမ္မော်သီး၊ သစ်သီးဝလံများ ဝင်ရောက်နေရာယူခဲ့ခြင်းအားဖြင့် ဒေသထွက်သီးနှံများ၏ ဈေးကွက်ဟာ တဖြည်းဖြည်းကျဆင်းပျောက်ကွယ်လာခဲ့ရပါတယ်။ ယခုအချိန်ဆိုရင် တင်ပို့ရောင်းချမယ့်ဈေးကွက်အခက်အခဲများကြောင့် နှစ်ရှည်သီးနှံပင်စိုက်ပျိုးမှုဟာ လျော့နည်းလာခဲ့ရတာကို တွေ့ရှိရပါတယ်။

ကျေးလက်နေပြည်သူများ၏ စီးပွားဖွံ့ဖြိုးမှုဟာလည်းပဲ ကျဆင်းလာတာကို တွေ့ရှိရပါတယ်။ ဖော်ပြပါဒေသထွက်သစ်သီးဝလံများကို တိုးတက်ဖွံ့ဖြိုးနိုင်ရန် အစိုးရအနေဖြင့် မျိုးကောင်းမျိုးသန့်၊ ခေတ်မီနည်းစနစ်၊ အရင်းအနှီး၊ ခိုင်မာတဲ့ဈေးကွက်များကို ဖန်တီးပေးရန် အဓိကလိုအပ်လျက်ရှိပါတယ်။ ဤကဲ့သို့ဖန်တီးပေးမှသာ ကျေးလက်နေပြည်သူများ၏ လူနေမှုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဦးစိုင်းငေါင်းဆိုင်ဟိန်းက မြန်မာ့သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အဓိကလိုအပ်ချက်များ ထောက်ပံ့ကူညီပေးနိုင်သည့်စီမံကိန်းများ ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းစိန်(မိုင်းပျဉ်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခအပေါင်းနှင့် ပြည့်စုံခညောင်းပါစေကြောင်း ရှေးဦးပဏာမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၃-၁၁-၂၀၁၈ ရက်နေ့ မောက်မယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူတွေမှာ စားဝတ်နေရေးဟူတဲ့ ကျင့်သုံးဆောင်ရွက်ရမယ့်ကိစ္စရပ်များအနက် စားရေးသည် မပါမဖြစ် အဓိကဆောင်ရွက်နေကြရတဲ့လိုအပ်ချက်များဖြစ်ကြပါတယ်။ ၎င်းအပြင် အာဟာရအတွက်လည်းကောင်း၊ ကျန်းမာရေးနှင့်အညီ အသက်ရှည်အနာမဲ့စွာ နေထိုင်သွားရန်အတွက်လည်းကောင်း၊ အစားအစာမျိုးစုံကို သင့်တင့်မျှတစွာ နေ့စဉ်စားသုံးကြရပါတယ်။ ၎င်းအစားအစာများအနက် လူတို့ရဲ့ကျန်းမာရေးကို အထောက်အကူပြုပြီး အာဟာရပြည့်ဝစေတဲ့ သစ်သီးဝလံအမျိုးမျိုးကိုလည်း နေ့စဉ်စားသုံးကြရပါတယ်။ ယနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မိသားစုစီးပွားရေးနှင့် တစ်နိုင်တစ်ပိုင်စားသုံးနိုင်ရေးအတွက် သစ်သီးဝလံမျိုးစုံကို ရာသီဥတုနှင့် ရေမြေတောတောင်အနိမ့်အမြင့်အလိုက် ဖြစ်ထွန်းရှင်သန်ဖောက်ဖွားနိုင်တဲ့နေရာများမှာ စိုက်ပျိုးလျက်ရှိပါတယ်။ သို့ရာမှာ နည်းပညာအားနည်းမှု၊ မြေဆီမြေနှစ်နှင့် မြေဩဇာထိရောက်စွာမသုံးစွဲနိုင်မှု စိုက်ပျိုးမှုစရိတ်နှင့် ဈေးကွက်ဈေးနှုန်းကွာဟမှုစတဲ့အခက်အခဲများကြောင့် နိုင်ငံခြားမှတင်သွင်းလာတဲ့

သစ်သီးဝလံအမျိုးအစားနှင့် ကျွန်တော်တို့နိုင်ငံကထွက်လာတဲ့ သစ်သီးဝလံအမျိုးအစားများဖြစ်ထွန်း အောင်မြင်မှုကွာဟနေတာကို တွေ့ရှိရပါတယ်။ ဒေသခံများ ကြိုးစားပမ်းစားနှင့် စိုက်ပျိုးဖြစ်ထွန်း လာတဲ့ သစ်သီးဝလံများကို အခြားဒေသများသို့ တင်ပို့ရောင်းချရာမှာလည်း ဝင်ပေါက်/ထွက်ပေါက် ဂိတ်အချို့အမြဲတမ်းပိတ်ဆို့နေပြီး ပို့ဆောင်သွားလာခွင့်မရှိတော့ ဖွံ့ဖြိုးဖြစ်ထွန်းမှုအလားအလာ မကောင်းနိုင်ပါဘူး။ သာဓကအားဖြင့် ကျိုင်းတုံ၊ မိုင်းလားသွားရာ မိုင်းလားတာပြင်းဂိတ်ကို ပိတ်ထား သည်မှာ ယနေ့ကာလအထိ ဖြစ်ပါတယ်။ ဒေသခံများ စိုက်ပျိုးထွက်ရှိလာတဲ့ သစ်သီးဝလံများကို အချိန်မီပို့ဆောင်နိုင်ခြင်းမရှိလို့ သစ်သီးဝလံဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုအတွက် မည်ကဲ့သို့ ဆက်လက် ရှိနိုင်ပါမည်နည်း။ ဒေသခံများရဲ့ ရှေ့ဆက်ဘဝရပ်တည်မှုနှင့် အခက်အခဲပေါင်းစုံတို့ကို ကူညီ ဖြေရှင်းနိုင်ဖို့ သစ်သီးဝလံစိုက်ပျိုးရေး အသိပညာပေးဟောပြောပွဲများကျင်းပပေးခြင်း၊ သစ်သီးဝလံ များကို ဘိန်းအစားထိုးသီးနှံအဖြစ် စီးပွားဖြစ်စိုက်ပျိုးနိုင်ရေးလှုံ့ဆော်၍ စံပြစိုက်ခင်းများ စိုက်ပျိုးပြသ ပေးခြင်း၊ မျိုးကောင်းမျိုးသန့်နှင့်ရာသီဥတု မြေအမျိုးအစားအလိုက် သစ်သီးဝလံများအောင်မြင်စွာ စိုက်ပျိုးနိုင်ခြင်းကို တတ်နိုင်တဲ့အားနဲ့ စီစဉ်ဆောင်ရွက်ပေးသင့်ပါကြောင်း ဆွေးနွေးအကြံပြုလိုပါ တယ်။

ဆက်လက်ပြီး သစ်သီးဝလံများရှင်သန်ဖွံ့ဖြိုးရန် မြေဩဇာနှင့် ပိုးသတ်ဆေးသုံးစွဲမှုသည်လည်း အလွန်အရေးကြီးသည့်ကဏ္ဍဖြစ်ပါတယ်။ လေ့လာဆန်းစစ်ချက်များအရ ကမ္ဘာမှာ ပိုးသတ်ဆေး အများဆုံးနိုင်ငံက EU နိုင်ငံဖြစ်ပါတယ်။ ဒုတိယအများဆုံးနိုင်ငံက အမေရိကန်နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံက ကမ္ဘာ့နိုင်ငံများနှင့်ယှဉ်လျှင် တစ်ရာခိုင်နှုန်းတောင် မသုံးစွဲနိုင်ပါဘူး။ ဒါပေမဲ့ ကင်ဆာအဖြစ်ဆုံးအဆင့်က နံပါတ်(၂)နေရာကို ရရှိထားပါတယ်။ အဲဒါဘာကြောင့်ဖြစ်သလဲ။ စနစ်တကျမသုံးစွဲနိုင်လို့၊ မသုံးစွဲတတ်လို့၊ သူများနိုင်ငံက ပိတ်ထားတဲ့ပိုးသတ်ဆေးကို သုံးမိလို့၊ သက်တမ်းလွန်ပိုးသတ်ဆေးကိုသုံးမိလို့ အဲဒီပိုးသတ်ဆေးနဲ့ သစ်သီးဝလံကို ဖြန်းတဲ့အခါမှာ မကောင်း တဲ့ဓာတ်တွေပြုပြီး ရောဂါရကြတာပဲမဟုတ်လား။ စားသုံးသူများမှာ တစ်ဖက်က သစ်သီးဝလံများ အန္တရာယ်ကင်းမဲ့စွာ၊ ရောဂါကင်းစွာစားသုံးတတ်ရန်လိုသလို မိမိတို့နိုင်ငံထွက် သစ်သီးဝလံများကို အခြားတိုင်းပြည်များသို့ ဥပဒေနှင့်အညီ လွတ်လပ်စွာရောင်းဝယ်ဖောက်ကားနိုင်ရန် တစ်နိုင်တစ်ပိုင် ဈေးကွက်မှ ပြည်ပပို့ကုန်အဖြစ် အရည်အသွေးပြည့်မီစွာပို့ဆောင်နိုင်ရန်၊ လုံခြုံရေးအားကောင်း လာတဲ့အချိန်အခါမှာ အဟန့်အတားဖြစ်နေတဲ့ဂိတ်များကို ဥပဒေနှင့်အညီ သစ်သီးဝလံများအား လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားနိုင်ရန်အတွက် ကူညီဆောင်ရွက်ပေးသင့်ပါကြောင်း ဦးစိုင်းဝေါင်းဆိုင်ဟိန်းရဲ့အဆိုကို ဆွေးနွေးထောက်ခံအကြံပြုအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးရန်လင်း(ကျိုက်လတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ယနေ့ အခမ်းအနားကို ကြွရောက်လာသူအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ဆက် ပါတယ်။ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မဲနဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရန်လင်း ဖြစ်ပါတယ်။ မြန်မာ့သစ်သီးဝလံဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်တဲ့အဆိုကို

ဆွေးနွေးမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ဆွေးနွေးခွင့်ပြုဖို့ ပန်ကြားအပ်ပါတယ်။ အဲဒီတော့ ဒီအဆိုမှာ သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးဖို့ဆိုတဲ့ရည်ရွယ်ချက်ရှိပါတယ်။ ဘာလုပ်ပေးရမလဲဆိုလို့ရှိရင် နှစ်ရှည်သီးပင်ဥယျာဉ်ခြံများ၊ ဒီသီးနှံပင်များကို ထောက်ပံ့နိုင်ဖို့အတွက် စီမံကိန်းတွေကို ပြည်နယ်/တိုင်းဒေသကြီးတွေမှာ ချထားခွဲဝေပေးဖို့ တင်ပြထားတဲ့အဆိုဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့ စိုက်ပျိုးရေးပညာသင်ကြားတုန်းက ဥယျာဉ်ခြံဌာနဆိုတာ Horticulture ဖြစ်ပါတယ်။ Horticulture ထဲမှာ သစ်သီးတင်မကဘဲနဲ့ ဟင်းသီးဟင်းရွက်တွေ၊ သစ်ခွတို့၊ သဇင်တို့လို အပါအဝင် ပန်းတွေလည်းပါပါတယ်။ ဒီနေရာမှာတော့ သစ်သီးဝလံအတွက် တစ်ခုတည်းပဲ သူက တင်ပြထားတဲ့အတွက် ကျွန်တော်ကတော့ Horticulture Crop ခေါ်တဲ့ ဟင်းသီးဟင်းရွက်၊ သစ်သီးနဲ့ ပန်းမန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးတွဲဆွေးနွေးတင်ပြမှာဖြစ်ပါတယ်။

ဦးစွာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ သုံးနေတဲ့သီးနှံများကို ဒေသအလိုက်ပြောချင်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ် ဒီနေရာတွေမှာထွက်တဲ့ ဒူးရင်းသီး၊ မင်းကွတ်သီး၊ သင်္ဘောသီးများ အားလုံးသိပြီးဖြစ်ပါတယ်။ ဒါကတော့ ရှောက်မျိုးဝင်သံပရာနဲ့ လိမ္မော်များဖြစ်ပါတယ်။ သရက်၊ ဩဇာသီးများဖြစ်ပါတယ်။ ဒါကတော့ လိုင်ချီးနဲ့ ဒူးရင်းခြံအသီးများလည်းဖြစ်ပါတယ်။ ဒါကတော့ အသုံးများတဲ့သီးနှံတွေဖြစ်ပါတယ်။ ဒါတွေ နှစ်ရှည်သီးနှံများအတွက် မဟုတ်ပါဘူး။ သို့သော် တစ်နှစ်ခံပင်များဖြစ်ပြီးတော့ လူတိုင်းစားသုံးနေတဲ့သီးနှံဖြစ်တဲ့အတွက် ဖော်ပြခြင်းဖြစ်ပါတယ်။ ဒါ အထမ်းတွေနဲ့ တွန်းလှည်းတွေနဲ့ မြန်မာ့သီးနှံတွေရောင်းချတဲ့ပုံကိုပြလို၍ ဖြစ်ပါတယ်။ ဒီမှာလည်းပဲ နိုင်ငံခြားမှာရောင်းတဲ့ Super Market တွေမှာရောင်းတဲ့ သီးနှံပုံစံနဲ့ ကျွန်တော်တို့ရောင်းနေတဲ့ သီးနှံပုံစံလေးကို ယှဉ်ပြလို၍ ဒီ Slide ကိုပြပါတယ်။ သီးနှံကိုမြင်တာနဲ့ သန့်ရှင်းပုံချင်း၊ လိုချင်တပ်မက်ပုံချင်း ကွာခြားတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါလည်းအတူတူပါပဲ။ ကျွန်တော်တို့နိုင်ငံရဲ့ ရောင်းချပုံနဲ့ ပြည်ပအခြားနိုင်ငံများ ရောင်းချပုံကွဲပြားပါတယ်။ ကျွဲကောသီးကို လှီးပြထားတဲ့ပုံနဲ့ ကျွန်တော်တို့ နိုင်ငံက မင်းကွတ်သီးကို လှီးပြထားတဲ့ပုံ ဘယ်လောက်ကွာလဲ။ ဘယ်လောက်စားချင်စရာဖြစ်လဲ ဆိုတာကိုလည်း မြင်တွေ့စေလို့ ဒါ တင်ပြတာဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ဇုန်တွေ ခွဲခြားမယ်ဆိုရင် ရေခဲလိုအေးတဲ့နေရာကနေပြီးတော့မှ ပူးပြင်းခြောက်တွေ့တဲ့နေရာအထိရှိပါတယ်။ ကုန်းမြေမြင့်တွေရှိတယ်။ ချိုင့်ဝှမ်းဒေသတွေ၊ မြစ်ဝှမ်းဒေသတွေရှိပါတယ်။ အဲဒီတော့ ရေငန်ရှိတဲ့ Coastal Area တွေလည်း ရှိပါတယ်။ ဆိုလိုတာက မြန်မာနိုင်ငံဟာ သီးနှံပေါင်းစုံကို စိုက်ပျိုးထုတ်လုပ်လို့ရတယ်ဆိုတဲ့ အချက်ကို ပြောပြချင်လို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ စိုက်ပျိုးရေးဌာနရဲ့အဆိုအရ သီးနှံပေါင်း ၁၃၀ ကို စိုက်ပျိုးထုတ်လုပ်နိုင်တယ်လို့ ဆိုပါတယ်။ အဲဒီတော့ ဒါက ၂၀၁၆ ခုနှစ် မြန်မာ့စိုက်ပျိုးရေးဌာနက ထုတ်တဲ့စာအုပ်မှာ ဖော်ပြထားတဲ့ ဒီသီးနှံ ၁၅ မျိုးရဲ့ စိုက်ဧက အထွက်နှုန်းထွက်တဲ့ သီးနှံတန်ချိန် စုစုပေါင်းဖော်ပြထားတာကို တွေ့ရတဲ့အတွက် အဓိကသီးနှံနာမည်တွေကို ရေးတာဖြစ်ပါတယ်။ သီးနှံဖွံ့ဖြိုးဖို့ အခုလက်ရှိမှာ Food and Vegetable Research Development Center လို့ခေါ်တဲ့ VFRDC ကို လှည်းကူးနားက အင်းတိုင်မှာ ဖွင့်ထားတာရှိပါတယ်။ ဒါဟာ မြန်မာနိုင်ငံရဲ့ဗဟိုဖြစ်ပါ

တယ်။ အဲဒါတွေမဖွင့်ခင်တုန်းက သီးနှံဖြစ်ထွန်းရာဒေသအလိုက် သုတေသနနဲ့ ပညာပေးစခန်းတွေကို အရင်တုန်းက ဖွင့်ခဲ့ပါတယ်။ ဥပမာအားဖြင့် မုဒုံကန်ကလေးဥယျာဉ်ဆိုရင် ကျွဲကော၊ ကြက်မောက်၊ နာနတ်၊ ဒူးရင်းပင်များကို ဖြန့်ဝေထားတဲ့အတွက် အဲဒီတိုင်းဟာ အဲဒီခြံရဲ့ကျေးဇူးနဲ့ ဒီသီးနှံပင်များဖြစ်ထွန်းခဲ့တာဖြစ်ပါတယ်။ ထို့အတူ ကျောက်ဆည်က မြနဒီသရက်ခြံဆိုလည်းပဲ ဟန်မြင့်မိုရ်တစ်ဝိုက်မှာ သရက်ပင်တွေအများကြီးပေါ်လာအောင် စွမ်းဆောင်နိုင်တဲ့ခြံဖြစ်ပါတယ်။ နောက်တစ်ခါ အရင်တုန်းက ကျောက်ပန်းတောင်းမှာ ဆည်ပေါက်စပျစ်ခြံဆိုလို့ရှိရင်လည်း စပျစ်သီးနဲ့ပတ်သက်လို့ တော်တော်လေးကို တီထွင်ဆန်းသစ်ခဲ့တဲ့ခြံဖြစ်ပါတယ်။ အခု ဒီခြံတွေဟာ ခြံအမည်ခံရှိပြီးတော့မှ သီးနှံဖွံ့ဖြိုးတိုးတက်အောင် ဘာမှသိပ်ပြီးတော့မှ ထိထိရောက်ရောက်ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါဘူး။ မူလတုန်းကဆိုရင် ဒီခြံတွေဟာ မျိုးကောင်းမျိုးသန့်တွေထုတ်ပေးတယ်။ မြေဩဇာတွေကို ဘယ်လိုသွင်းရမယ် စသည်ဖြင့် သုတေသနက ရတဲ့ရလဒ်တွေနဲ့ တောင်သူကို ပညာပေးတယ်။ အပင်ပြုပြင်ခြင်းဆိုတာက ကျွန်တော်တို့တွေက အသီးခူးဖို့ပဲ သိပါတယ်။ ဒီအပင်ကိုခူးပြီးရင် ကိုင်းခြောက်တွေဖယ်ဖို့၊ ရောဂါရတဲ့အကိုင်းတွေဖယ်ဖို့၊ အပင် Aproning လို့ခေါ်တဲ့ သစ်ပင်ကို ညှိဖို့ ထိန်းချုပ်တာတွေ၊ အလုပ်တွေ သင်ကြားပေးပါတယ်။ နောက် အခုလက်ရှိလိုတာကတော့ ဈေးကွက်နှင့် ချိတ်ဆက်ပေးတာ၊ နောက်ဆုံးသတင်းတွေ ထောက်ပံ့ပေးတာ၊ ဒီလုပ်ငန်းတွေ၊ သုတေသနလုပ်ငန်းတွေ၊ သုတေသနစာစောင်များ ထုတ်ဝေခြင်း၊ ဒီလုပ်ငန်းတွေကို အခုလက်ရှိမလုပ်နိုင်ပါဘူး။ ဒါတွေကို လုပ်ပေးဖို့ လိုပါတယ်။ အဲဒီတော့ သီးနှံဖွံ့ဖြိုးဖို့၊ ပန်းမန်များဖွံ့ဖြိုးဖို့၊ ဟင်းသီးဟင်းရွက်များဖွံ့ဖြိုးဖို့ ဆိုရင် ဒေသအလိုက်၊ ဒေသအလိုက်မှာ ဆိုပါတော့ ရှမ်းပြည်နယ် ဥယျာဉ်ခြံသီးနှံများ ဖွံ့ဖြိုးတိုးတက်ရေးစင်တာဆိုတာမျိုး ရှိဖို့လိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မောက်မယ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်းရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရဲ့ရည်ရွယ်ချက်ကတော့ မြန်မာ့သစ်သီးဝလံဈေးကွက်ပိုမိုဖြစ်ထွန်းစေရန်၊ ပြည်သူလူထုများ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိစေရန်နှင့် ခေတ်မီစိုက်ပျိုးရေးဆိုင်ရာနည်းပညာရပ်များ ပြန့်ပွားလာစေရန်တို့ပဲ ဖြစ်ပါတယ်။ အဆိုကိုလေ့လာတဲ့အခါမှာ အပိုင်းသုံးပိုင်းတွေ့ရမှာဖြစ်ပါတယ်။ မြန်မာ့သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်လာဖို့၊ ဒေသအလိုက် စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်နေကြတဲ့ နှစ်ရှည်သီးပင် ဥယျာဉ်ခြံလုပ်ငန်းများရဲ့ အဓိကလိုအပ်ချက် ပင်မအရင်းအမြစ်များအပေါ် ထောက်ပံ့ကူညီပေးနိုင်တဲ့စီမံကိန်းများဆောင်ရွက်ဖို့နဲ့ အဲဒီစီမံကိန်းများကို ပြည်နယ်/တိုင်းဒေသကြီးများမှာ ခွဲဝေချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ဖို့ပဲ ဖြစ်ပါတယ်။ မြန်မာ့သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးလာဖို့ဆိုရင်တော့ ဈေးကွက်ကောင်းရဖို့ ဖန်တီးရပါတယ်။ အရည်အသွေးမြင့်ဖို့ လိုအပ်အပ်ပါတယ်။ မျိုးကောင်းမျိုးသန့်ရဖို့ လိုအပ်ပါတယ်။ နည်းပညာရရှိဖို့ အထူးလိုအပ်ပါ

တယ်။ အခြားနိုင်ငံကိုတင်ပို့ဖို့ဆိုရင် ထုတ်ပိုးမှုကောင်းဖို့ လိုအပ်ပါတယ်။ အရေးကြီးဆုံးကတော့ အရင်းအနှီးပဲဖြစ်ပါတယ်။ နိုင်ငံတော်ပိုင်းကလည်း တောင်သူများအား အရင်းအနှီးလုံလောက်စွာ ထုတ်ပေးနိုင်ဖို့ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်စပ်ပြီးတော့ ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ သေချာရေရာတဲ့ဈေးကွက်ရှိမှသာ တောင်သူလယ်သမားများ မျှော်လင့်ချက်နဲ့ တွက်ချေကိုက်တဲ့ သီးနှံမျိုးများကို ရွေးချယ်စိုက်ပျိုးနိုင်မှာဖြစ်ပါတယ်။ မရေရာ မသေချာတဲ့ ဈေးကွက်ဖြစ်နေမယ်ဆိုရင်တော့ တောင်သူလယ်သမားများ သီးနှံရွေးချယ်စိုက်ပျိုးဖို့ အင်မတန်မှ ခက်ခဲပါမယ်။ မနှစ်က မတ်ပဲကို ကန့်သတ်ဝယ်မယ်လို့ သိရတဲ့အချိန်မှာ တောင်သူများ ဆောင်းသီးနှံမှာ ဟိုဟာစိုက်ရမလိုလို၊ ဒီဟာစိုက်ရမလိုလိုနဲ့ နောက်ဆုံးတော့ တောင်သူတွေအားလုံး ဒုက္ခရောက်ကြရပါတယ်။ ယခုဆိုရင် မတ်ပဲဈေးက ထင်တဲ့အတိုင်းပါပဲ။ တစ်တင်းကို ၁၅၀၀၀ လောက်ပဲရတော့ တောင်သူတွေ ရှုံးကြပါတယ်။ နှစ်ရှည်သီးနှံပင်များဟာ ရာသီသီးနှံကဲ့သို့မဟုတ်ဘဲနဲ့ အနည်းဆုံးတစ်နှစ်၊ နှစ်နှစ်၊ ငါးနှစ် စသည်မှ ထွက်ရှိတာဖြစ်တဲ့အတွက်ကြောင့် ဈေးကွက်ခိုင်မာဖို့ လိုအပ်ပါတယ်။ တစ်ချိန်က ဧရာဝတီတိုင်းဒေသကြီးရဲ့ နှစ်ရှည်သီးနှံဖြစ်တဲ့အုန်းပင်ဟာ ဒီကနေ့ အုန်းပင်တက်ခတောင် မရနိုင်တဲ့အခြေအနေအထိကို ရောက်ရှိနေပါပြီ။ အရင်က ဧရာဝတီ တိုင်းဒေသကြီး ပင်လယ်ဘက်ဒေသတွေက ထွက်ရှိတဲ့ အုန်းတွေကို အုန်းသား၊ အုန်းဆီ၊ ဟာလဝါ စတဲ့ မုန့်မျိုးစုံမှာ လှိုင်လှိုင်အသုံးပြုပြီး ဈေးကောင်းရနေသော်လည်း ယနေ့ အုန်းပင် နှစ်ရှည်ပင်များဟာ တွက်ချေမကိုက်တော့ပါဘူး။ အလားတူ အညာဒေသက ထန်းပင်မှ ထန်းလျက်၊ သကာရည်၊ လူသုံး ပစ္စည်းအမျိုးမျိုး ထုတ်လုပ်အသုံးပြုနေကြသော်လည်း ယနေ့ကာလမှာတော့ ထန်းပင်များ ခုတ်လှဲ ရောင်းချနေတဲ့အတွက် ထန်းပင်များပြုန်းတီးကာ သဘာဝပတ်ဝန်းကျင်ကိုပင် ထိခိုက်လာစေနိုင်ပါ တယ်။

မြန်မာပြည်မှာ ဒေသသရက်မျိုးပေါင်း ၂၀၀ ကျော်ရှိတဲ့အထဲက ဒီကနေ့ နာမည်ရနေတဲ့ စိန်တလုံး၊ ရွှေဟင်္သာ၊ မြကျောက်၊ ပတ္တမြားငါးမောက် စတဲ့သရက်တွေတောင် ဈေးကွက်ပျောက်နေတဲ့ အဆင့်ဖြစ်နေပါပြီ။ မနှစ်က စိန်တလုံးတစ်ဖာကို တရုတ်ယွမ်ငွေ ၂၀၀ အထက်ရသော်လည်း ဒီနှစ်ဆို ၁၀၀ အောက်အဆင့်ဖြစ်သွားပြီ။ သရက်သမားတွေ အထိနာကြပါတယ်။ အဓိကဈေးကွက်ကြောင့်ပဲ ဖြစ်ပါတယ်။ Export ဝင်အောင် နည်းပညာအရ မြေပြင်ခြင်း၊ အစာကျွေးခြင်း၊ ရွက်ဖြန်းဆေးဖြန်းခြင်း၊ အိတ်စွပ်ခြင်းစတဲ့ စနစ်တကျလုပ်သော်လည်း ဈေးကွက်မကောင်းတဲ့အတွက် ကုန်ကျစရိတ်မကာမိ တဲ့အပြင် အရှုံးကြီးရှုံးနေကြတာကိုလည်း သိနေပါတယ်။ တရုတ်ဈေးကွက်တစ်ခုတည်းကိုပဲ အားကိုးနေရတဲ့အဆင့်ဖြစ်ပါတယ်။ ဒေသမျိုးစုံကထွက်တဲ့ သရက်မျိုးစုံဟာလည်း ကျီးစာ၊ ငှက်စာနဲ့ပဲ ကျေနပ်နေရပါတယ်။ အထူးသဖြင့် တန်ဖိုးမြင့်ထုတ်ကုန်(Value Added)မလုပ်နိုင်တာလည်း ပါပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကုန်ထုတ်အရင်းအနှီးလိုအပ်ချက်ကိုလည်း ဆွေးနွေးလို ပါတယ်။ တောင်သူလယ်သမားအများစုက ဆန်စပါးနှင့်ပဲမျိုးစုံကို အဓိကစိုက်ပျိုးကြပါတယ်။ နှစ်ရှည် သီးနှံများနဲ့ပန်းမန်၊ ဟင်းသီးဟင်းရွက်များကိုလည်းပဲ ဒေသအလိုက် အများအပြားစိုက်ပျိုးကြပါတယ်။

ဧရာဝတီတိုင်းဒေသကြီးမှာလည်း ကွမ်းခြံများကို မြောက်မြားစွာစိုက်ပျိုးနေကြပါတယ်။ အဓိကက ရင်းနှီးမတည်ငွေပဲလိုအပ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ ဒီနှစ်ငွေချေးတဲ့စနစ်သစ်ကို ဆောင်ရွက်လျက်ရှိပါတယ်။ အရင်က ငါးဦး၊ ၁၀ ဦး ဝိုင်းကြီးချုပ်စနစ်ကနေပြီးတော့ တောင်သူသုံးဦး အာမခံစနစ်နဲ့ ထုတ်ချေးခဲ့ပြီး ဒီကနေ့မှာတော့ တောင်သူတွေဆန္ဒနှင့်အညီ တစ်ဦးချင်းချေးတဲ့စနစ် ဆောင်ရွက်ပေးတဲ့အတွက် ကြိုဆိုပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ဒါပေမဲ့ ပုံစံ(၇)မူရင်း သိမ်းဆည်းမှုနှင့် ပုံစံ(၇)ရှိသော်လည်း အိုးခွဲစားများသာထုတ်ပေးရန်ဆိုတဲ့အချက်ကတော့ တောင်သူ လယ်သမားများအတွက် အခက်အခဲနဲ့ကြုံတွေ့နေရတဲ့စိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်ပါတယ်။ ဒီနှစ်ချက်ကို ယခင်အတိုင်းဖြေလျှော့ပေးမယ်ဆိုရင်တော့ တောင်သူများအတွက်ပိုမိုအဆင်ပြေနိုင်မယ်လို့ တင်ပြလို ပါတယ်။

လေးစားအပ်ပါတဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာကထွက်တဲ့စိုက်ပျိုးရေးထွက်ကုန်များ ဈေးကွက် ပျောက်နေသော်လည်း ပြည်ပကသစ်သီးဝလံများ ဝင်လာမစဲတစ်သဲသဲပါပဲ။ မြန်မာ့အုန်းသီးဈေး မကောင်းသော်လည်း ထိုင်းကဝင်လာတဲ့ အရည်သောက်အုန်းချိုမွှေးဟာ နေရာစယူလာပါပြီ။ ပျိုးပင် ကအစ တစ်ပင် ၈၀၀၀၊ ၁၀၀၀၀ ခန့် ပေးဝယ်နေရပါတယ်။ မြန်မာသရက်ဈေးမကောင်းသော်လည်း ထိုင်းကဝင်လာတဲ့ နန်းတော်မှိုင်း၊ စိမ်းစားသရက်တို့က ဈေးကောင်းလျက်ပါပဲ။ ဒေသမှာရှိတဲ့ ငှက်ပျောစိုက်တောင်သူတွေ တွက်ခြေမကိုက်သော်လည်း တရုတ်နိုင်ငံက ကချင်ပြည်နယ်၊ ဝိုင်းမော် မြို့နယ်မှာ မြေလွတ်၊ မြေလပ်တွေကိုငှားပြီး ငှက်ပျောကို ဧကသောင်းချီစိုက်ပြီး ဆောင်ရွက်နေကြတာ။ ကိုးရီးယားနိုင်ငံက Tissue Culture ဖြင့် မျိုးဖောက်ထားတဲ့ သီးမွှေးငှက်ပျောပင်မော်များကို ဧရာဝတီ တိုင်းဒေသကြီးက ကျုံပျော်မြို့နယ်၊ ပန်းတနော်မြို့နယ်မှာ မြောက်မြားစွာစိုက်ပြီးတော့ ကိုးရီးယားကို ပြန်ပို့တာမျိုးတွေဟာ လုပ်နေကြတာလည်းရှိပါတယ်။ သူတို့ဘာကြောင့်လုပ်နေကြတာလဲ။ တစ်နည်းအားဖြင့် တွက်ခြေကိုက်လို့ပါပဲ။ ဈေးကွက်ရှိနေလို့ပါ။ စနစ်ကောင်းရှိနေလို့ပါ။ မြန်မာနိုင်ငံမှာ အများစုဟာ တောင်သူလယ်သမားများဖြစ်ပါတယ်။ တိုင်းပြည်ပြည်သူလူထုတစ်ရပ်လုံး အတွက် ရိက္ခာကိုအပြည့်အဝဆောင်ရွက်နေတဲ့ ထမင်းရှင်၊ ဟင်းရှင်များဖြစ်ပါတယ်။ အများစုဖြစ်တဲ့ တောင်သူများအဆင်ပြေမှသာ၊ ချမ်းသာမှသာ တိုင်းပြည်ချမ်းသာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်အနေနဲ့ တိုင်းပြည်ရဲ့စားနပ်ရိက္ခာကို ဖူလုံအောင်ဆောင်ရွက်ပေးနေတဲ့ စိုက်ပျိုးရေးလုပ်ငန်း ကို အခြားလုပ်ငန်းများထက် ပိုမိုဦးစားပေးပြီးတော့ အထူးစီမံကိန်းတစ်ရပ်အနေနဲ့ စနစ်တကျရေးဆွဲ ပြီးတော့ ထောက်ပံ့ကူညီပေးသွားရမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ စီမံကိန်းများဆောင်ရွက်ရာမှာလည်း တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ခွဲခြားဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒေသအလိုက်၊ ဇုန်အလိုက်ဖြစ်ထွန်းနိုင်မယ့် သဲနုန်းမြေများရွေးချယ်ပြီးတော့ မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးနိုင်ရေး၊ နည်းပညာများပေးနိုင်ရေး၊ စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်ထိ စက်ကိရိယာများအသုံးပြုနိုင်ရေး၊ အရင်းအနှီးရရှိနိုင်မည့်နည်းလမ်း များ ချိတ်ဆက်ဆောင်ရွက်ပေးရေး၊ ပြည်တွင်းပြည်ပဈေးကွက်ရှာဖွေဖန်တီးပေးနိုင်ရေးစတဲ့ အချက်များပါတဲ့စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဤကဲ့သို့

စီမံကိန်းများကို တိုင်းဒေသကြီး/ပြည်နယ်အလိုက်၊ ဒေသအလိုက်၊ ဇုန်အလိုက်ရေးဆွဲဆောင်ရွက်လုပ်ပေးခြင်းဖြင့် နှစ်ရှည်သစ်သီးဝလံများသာမက အခြားသောသီးနှံများပါ အောင်မြင်မှာဖြစ်တဲ့အတွက်ကြောင့် မောက်မယ်မဲဆန္ဒနယ်က ဦးစိုင်းဝေါင်းဆိုင်ဟိန်း တင်သွင်းတဲ့အဆိုကို လေးလေးနက်နက်ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ဝင့်ဝါထွန်း(ရှားတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဖြစ်ပါတယ်ရှင့်။ ကျွန်မအနေနဲ့ အဆိုရှင် ဦးစိုင်းဝေါင်းဆိုင်ဟိန်းရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဒီအဆိုဟာ ကျွန်မတို့နိုင်ငံရဲ့ ပကတိအရှိတရားနှင့်ကိုက်ညီတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ထောက်ခံရတာဖြစ်ပါတယ်။ ယနေ့ ကျွန်မတို့ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာလိုဖြစ်လာပါပြီ။ ကျွန်မတို့ဖြစ်ပေါ်တိုးတက်မှုတိုင်းအင်မတန်လျင်မြန်မြန်ဆန်ပါတယ်။ ဒီလို မြန်မြန်ဆန်တဲ့အမြန်နှုန်းတွေကို ကျွန်မတို့ဟာ မိမိတို့ရဲ့ ရေခံ၊ မြေခံသဘာဝတရားတွေပေါ်မှာ မှန်ကန်စွာ ကျွန်မတို့စီမံခန့်ခွဲနိုင်မှသာလျှင် အမြန်နှုန်းကိုလိုက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ စိုက်ပျိုးထုတ်လုပ်မှုလို့ပြောတဲ့အခါမှာ စိုက်ပျိုးရေးကဏ္ဍတစ်ခုလုံးကို မြင်နိုင်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍလို့ဆိုလိုက်တာနဲ့ ကျွန်မတို့ဟာ စိုက်ပျိုးရေးလို့ဆိုလိုက်ပြီဆိုရင် စနစ်တစ်ခုလုံးကိုခြုံကြည့်ဖို့လိုပါတယ်။ ဒီစနစ်ထဲမှာပါတဲ့ ကျွန်မတို့ ဘတ်ဂျက်လိုငွေဖြည့်ဆည်းမှုတွေ၊ ပို့ကုန်ပမာဏမြင့်တင်မှုတွေ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် တစ်ဦးချင်းဆီရဲ့ဝင်ငွေတွေ၊ GDP တွေပေါ်မှာ သက်ရောက်မှုတွေများစွာရှိနေတာဖြစ်တဲ့အတွက်ကြောင့်မို့လို့လည်း ဒီအဆိုကို ထောက်ခံရခြင်းဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဒီအဆိုကိုအောင်မြင်ဖို့ရာအတွက်ဆိုလို့ရှိရင် အောက်ပါအချက်များကို ကျွန်မအနေနဲ့ အကြံပြုလိုပါတယ်။ ပထမအချက်အနေနဲ့ဆိုရင် ကျွန်မတို့ဥပဒေပိုင်းဆိုင်ရာကိုဆွေးနွေးလိုပါတယ်။ ထုတ်လုပ်မှုလို့ဆိုလိုက်တာနှင့်အမျှ ကျွန်မတို့ဟာ ပြည်တွင်း ပြည်ပစားသုံးမှုဈေးကွက်ကိုရှာဖွေရမှာဖြစ်ပါတယ်။ ဒီလိုရှာဖွေတဲ့အခါမှာ ကျွန်မတို့ အစားအသောက်ဘေးကင်းလုံခြုံရေးနှင့် အန္တရာယ်ကင်းရှင်းတဲ့အစားအစာဖြစ်ရေးဟာ ပထမအချက်ဖြစ်ပါတယ်။ ဒီအတွက်ကြောင့်မို့လို့ ကျွန်မတို့ မြန်မာနိုင်ငံမှာ အမျိုးသားစားသောက်ဥပဒေကို ၁၉၇၉ ခုနှစ်ကနေစတင်ရေးဆွဲခဲ့ပြီးတော့မှ ၂၀၁၃ ခုနှစ်မှာ ပြင်ဆင်ပြဋ္ဌာန်းခဲ့တယ်လို့သိရှိရပါတယ်။ ထို့အတူပဲ ကျွန်မတို့စားသုံးသူကာကွယ်ပေးရေးဥပဒေကိုလည်း လွှတ်တော်ထဲမှာ တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ ကျွန်မတို့အထက်ဖော်ပြပါ အမျိုးသားစားသောက်ဥပဒေကို ဘယ်လိုရေးသွင်းထည့်ထားလည်းဆိုလို့ရှိရင် ၎င်းဥပဒေမှာ အစားအသောက်နှင့်ဆက်စပ်သည့် ဆောင်ရွက်မှုများလုပ်ဆောင်ရန်အတွက် အာဏာပိုင်ဘုတ်အဖွဲ့ ဖွဲ့စည်းရမယ်လို့ဆိုထားပါတယ်။ လုပ်ငန်းတာဝန်များမှာ အစားအသောက်ထုတ်လုပ်ရေး၊ သိုလှောင်ရေး၊ ဖြန့်ချိရေး၊ စစ်ဆေးရေး၊ ထိန်းချုပ်ရေး၊ ဓာတ်ခွဲစမ်းသပ်ခွဲခြမ်းစိတ်ဖြာရေး အစရှိတဲ့

ကိစ္စရပ်တွေနဲ့ပတ်သက်တဲ့မူဝါဒတွေ ချမှတ်ပြီးတော့မှ သက်ဆိုင်တဲ့တာဝန်ရှိတဲ့ဌာနတွေကို ပေါင်းစပ်ညှိနှိုင်းပြီးဆောင်ရွက်ရမယ်လို့ ပါပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဥပဒေတစ်ရပ်သက်ဝင်မှုရှိဖို့အတွက်ဆိုလို့ရှိရင် ကျွန်မတို့ဆက်စပ်ဌာနတွေ တာဝန်ရှိသူတွေက စနစ်တကျပူးပေါင်းအကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။ ဒီအတွက်ကြောင့်မို့လို့ ဥပဒေပိုင်းဆိုင်ရာမှာ အားနည်းချက်၊ အားသာချက်တွေကို လေ့လာဆန်းစစ်ပြီးတော့မှ ခေတ်စနစ်နှင့်ကိုက်ညီတဲ့၊ နိုင်ငံတကာစံနှုန်းနဲ့ကိုက်ညီတဲ့ ဥပဒေတစ်ရပ်ဖြစ်ပေါ်ရေးကို ကြုံဆောင်ပေးပါလို့ ကျွန်မအနေနဲ့ အကြံပြုတိုက်တွန်းလိုပါတယ်။ ဒုတိယအချက်အနေနဲ့တော့ ကျွန်မတို့ GAP စနစ်နဲ့ပတ်သက်ပြီး ဆွေးနွေးလိုပါတယ်။ GAP စနစ်နဲ့ပတ်သက်ပြီးတော့မှ ကျွန်မတို့အမျိုးသားလွှတ်တော်မှာဆိုလို့ရှိရင်လည်း အဆိုတစ်ခုဟာ တင်သွင်းပြီးအောင်မြင်ခဲ့ပြီးဖြစ်ပါတယ်။ ထို့အတူပဲ ကျွန်မတို့ GAP စနစ်ကို ၂၀၁၄ ခုနှစ်ကတည်းက စတင်အကောင်အထည်ဖော်ခဲ့ပြီးတော့မှ ၂၀၁၇ ခုနှစ်အောက်တိုဘာလထဲမှာ စံနှုန်းတွေသတ်မှတ်ခဲ့ပြီးဖြစ်ပါတယ်။ GAP စနစ်ရဲ့ အဓိကစံနှုန်းတွေရဲ့လိုအပ်ချက်ထဲမှာ ကျွန်မအနေနဲ့ ခံယူထားတာကတော့ စဉ်ဆက်မပြတ်လေ့လာစောင့်ကြည့်ခြင်းနှင့် အသိပညာပေးခြင်းလို့ ယူဆတာဖြစ်တဲ့အတွက် ဒီအတွက်ကြောင့်မို့လို့ ကျွန်မတို့ လူ့စွမ်းအားအရင်းအမြစ်ကို ပိုမိုဖြည့်ဆည်းပေးဖို့လိုပါတယ်။ ဒီအခါမှာ ကျွန်မတို့ ပညာရှင်တွေရဲ့အခန်းကဏ္ဍကို ပိုမိုထည့်သွင်းပေးဖို့လိုအပ်တယ်လို့ အကြံပြုဆွေးနွေးလိုပါတယ်ရှင်။ တတိယအချက်အနေနဲ့ကတော့ ကျွန်မတို့ နယ်စပ်ကုန်သွယ်ရေးကိစ္စရပ်တွေပဲ ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့်ထိစပ်လျက်ရှိပြီးတော့မှ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းဟာအင်မတန်ရှည်လျားပါတယ်။ ဒီနယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှာ ကျွန်မတို့ တရားမဝင်ကုန်သွယ်စီးဆင်းမှုတွေရှိနေတယ်ဆိုတာလည်း ကျွန်မတို့ မျက်မြင်ဒိဋ္ဌပါပဲ။ ဒီတရားမဝင်ကုန်သွယ်စီးဆင်းမှုတွေထဲကနေ ရာသီအလိုက်သီးနှံတွေဟာ ကျွန်မတို့ ပြည်တွင်းကိုဝင်ရောက်လာနိုင်ပါတယ်။ ဒီလိုပြည်တွင်းကိုဝင်ရောက်လာနိုင်တယ်ဆိုရင် ပြည်တွင်းမှာရှိတဲ့ မိမိတို့နိုင်ငံရဲ့စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ဈေးကွက်ယှဉ်ပြိုင်မှုစွမ်းအားကျဆင်းနိုင်တယ်ဆိုလို့ရှိရင် ကျွန်မတို့ရဲ့လုပ်ငန်းရှင်တွေဟာ ထိခိုက်နစ်နာမှုတွေဖြစ်လာနိုင်ပါတယ်။ ထို့အတူပဲ ကျွန်မတို့ အခွန်အကောက်ရငွေတွေ လျော့နည်းနိုင်ပါတယ်။ အစားအသောက်ဘေးကင်းလုံခြုံရေးအတွက်လည်း ဒါဟာအင်မတန်မှ စိုးရိမ်စရာကောင်းတဲ့အချက်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ နယ်စပ်ကုန်သွယ်ရေးတစ်လျှောက်မှာရှိတဲ့ တရားမဝင်ကုန်သွယ်မှုတွေကို စနစ်တကျထိန်းချုပ်ကာကွယ်တားဆီးပေးဖို့ရာအတွက်လည်း အကြံပြုဆွေးနွေးလိုပါတယ်ရှင့်။ စတုတ္ထအချက်အနေနဲ့ကတော့ ကျွန်မတို့ ငွေရေး၊ ကြေးရေးဆိုင်ရာကိစ္စရပ်တွေကို ဆွေးနွေးလိုပါတယ်။ ပြီးခဲ့တဲ့နှစ်ပတ် ကျွန်မတို့လွှတ်တော်ကြီးမှာပဲ ကျွန်မတို့ ချေးငွေတွေနှင့်ပတ်သက်တဲ့ကိစ္စရပ်တွေကို ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ချေးငွေတွေနှင့်ပတ်သက်တဲ့ ပြည်တွင်းပြည်ပချေးငွေတွေနှင့်ပတ်သက်ပြီးတော့မှ ကျွန်မတို့ စိုက်ပျိုးရေးကဏ္ဍကိုအများကြီးပံ့ပိုးထားပါတယ်။ ဒီလိုပံ့ပိုးတဲ့အခါမှာ ကျွန်မတို့ အမှန်တကယ်ရည်ရွယ်ထားတဲ့ စိုက်ပျိုးတောင်သူတွေလက်ထဲကို လွယ်ကူလျင်မြန်စွာရောက်ရှိပြီလား။ ဒါကိုလည်း စနစ်တကျစိစစ်သုံးသပ်ဖို့လိုပါတယ်ရှင်။ စိုက်ပျိုးထုတ်လုပ်ကြတဲ့ လုပ်ငန်းရှင်တွေရဲ့အောင်မြင်မှုဟာ တန်ဖိုးကွင်းဆက်တစ်လျှောက်လုံးမှာပါတဲ့ နိုင်ငံသားတစ်ဦးစီ၊ တစ်ဦးစီရဲ့အောင်မြင်မှု

ဖြစ်ပါတယ်။ ဒီအောင်မြင်မှုဟာ ကျွန်မတို့မြန်မာနိုင်ငံတော်ကြီးရဲ့ ဖြစ်ပေါ်တိုးတက်မှုအတွက်လည်း အများကြီးအထောက်အကူဖြစ်တာဖြစ်ပါတယ်။ ဒီအတွက်ကြောင့်မို့လို့ ကျွန်မတို့ နိုင်ငံရဲ့စိုက်ပျိုးရေး ကဏ္ဍမှတစ်ဆင့် တိုင်းပြည်တည်ဆောက်ရေးမှာ လွယ်ကူလျင်မြန်စွာဖြင့် လျင်မြန်စွာတည်ဆောက်နိုင်ဖို့ရာအတွက် ဘဏ္ဍာငွေပံ့ပိုးမှုအပိုင်းတွေမှာ ပိုမိုလွယ်ကူရှင်းလင်းတဲ့စနစ်တွေထူထောင်ဖို့ လိုအပ်ပါကြောင်း အကြံပြုဆွေးနွေးလိုပါတယ်ရှင်။ နောက်ဆုံးအနေနဲ့ ဆွေးနွေးလိုတာကတော့ စိုက်ပျိုးထုတ်လုပ်တဲ့အခါမှာ ပြည်တွင်းသုံးနှင့်ပြည်ပကိုလည်း တင်ပို့နိုင်တဲ့လုပ်ငန်းတွေဖြစ်ရမယ်။ ပြီးလို့ရှိရင် စက်မှုကုန်ကြမ်းလည်းဖြစ်နိုင်ရမယ်။ ဒီအချက်သုံးချက်ကိုအခြေခံပြီး ထုတ်လုပ်ဖို့လိုအပ်တယ်လို့ မြင်ပါတယ်။ ဒီအခါမှာ ကျွန်မတို့ နိုင်ငံတကာစီးပွားရေးပြိုင်ဆိုင်မှုတွေ ဖြစ်ပေါ်တိုးတက်လာပါတယ်။ နိုင်ငံတကာစီးပွားရေးပြိုင်ဆိုင်မှုလို့ပြောလိုက်ပြီဆိုလို့ရှိရင် နိုင်ငံအချင်းချင်း Policy တွေပြိုင်ဆိုင်ရတာဖြစ်သလို ကျွန်မတို့ စီးပွားရေးလုပ်ငန်းရှင်တွေကြားကသာလျှင် ပြိုင်ဆိုင်ရတာမဟုတ်ပါဘူး။ အစိုးရ Policy တွေမှာပါဝင်ကြတဲ့ ဝန်ထမ်းတွေနဲ့အနေအထား အလုပ်ရှင်၊ အလုပ်သမားတွေရဲ့အစွမ်းတွေ လုပ်ငန်းနှင့်ချိတ်စပ်နေတဲ့ အဖက်ဖက်သောသက်ဆိုင်ရာတာဝန်ရှိသူတွေအားလုံးက ညီညွတ်မျှတစွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှသာလျှင် ဒီအဆိုရှင်ရဲ့အဆိုဟာ အောင်မြင်ပြီးတော့မှ ကျွန်မတို့နိုင်ငံရဲ့ စိုက်ပျိုးရေးကဏ္ဍမှတစ်ဆင့် ကျွန်မတို့နိုင်ငံရဲ့ဖြစ်ပေါ်တိုးတက်မှုကို များစွာအထောက်အကူဖြစ်မှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အထက်ပါအချက်များကိုအကြံပြုပြီးတော့ အဆိုရှင်ရဲ့အဆိုကို လေးနက်စွာ ထောက်ခံဆွေးနွေးရပါတယ်ရှင်။ အားလုံးကို ကျေးဇူးအများကြီးတင်ပါတယ်။

## ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ မောက်မယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်းရဲ့ မြန်မာ့သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်ထောင်စုအစိုးရကို တိုက်တွန်းတဲ့အဆိုနဲ့စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဆွေးနွေး တင်ပြအပ်ပါတယ်။ အဆိုနဲ့ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်းပဲ သုံးသပ်ဆွေးနွေးသွားမှု ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ စိုက်ပျိုးထုတ်လုပ်လျက်ရှိတဲ့ သစ်သီးဝလံ၊ ဥယျာဉ်ခြံသီးနှံတွေ ဖွံ့ဖြိုးတိုးတက်လာဖို့ အတွက် တာဝန်ရှိတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန အနေနဲ့ မျိုးစေ့၊ ပျိုးပင်ထုတ်လုပ်မှုနဲ့အတူ စားသုံးမှုအန္တရာယ်ကင်းရှင်းစေရေးနဲ့ ပြည်ပဈေးကွက်သို့

အရည်အသွေးပြည့်ဝစွာ တင်ပို့နိုင်ရေးအပါအဝင် နည်းပညာပေးရေးနဲ့ ဈေးကွက်သတင်းအချက်အလက်ဖြန့်ဖြူးရေးလုပ်ငန်းတွေကို သက်ဆိုင်ရာသစ်သီးဝလံ၊ ဥယျာဉ်ခြံသီးနှံအလိုက် စိုက်ပျိုးဖြစ်ထွန်းမှုရှိတဲ့ဒေသတွေမှာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆောင်ရွက်နေတဲ့အခြေအနေရှိပါတယ်။ ယင်းနဲ့စပ်လျဉ်းပြီးတော့ ဦးစွာရှင်းလင်းတင်ပြပါ့မယ်။ မျိုးစေ့၊ ပျိုးပင်ထုတ်လုပ်မှုအပိုင်းမှာ မျိုးကောင်း၊ မျိုးသန့်တွေကို ဌာနပိုင်ခြံတွေကဖြန့်ဖြူးပေးသလို ပုဂ္ဂလိကပျိုးဥယျာဉ်တွေကလည်းပဲ ထုတ်လုပ်ဖြန့်ဖြူးမှုအပေါ်မှာ အားပေးဆောင်ရွက်လျက်ရှိပါတယ်။ ပြည်တွင်းမှာရှိတဲ့ လက်ရှိစိုက်ပျိုးထုတ်လုပ်လျက်ရှိတဲ့ အရည်အသွေးကောင်းမျိုးများအပြင် ပြည်ပမှမျိုးသစ်များ တင်သွင်းစိုက်ပျိုးနိုင်ရေးအတွက်ကိုလည်းပဲ ပြဋ္ဌာန်းထားရှိပြီးဖြစ်တဲ့ မျိုးစေ့ဥပဒေနဲ့အညီ စိစစ်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စားသုံးမှုအန္တရာယ်ကင်းရှင်းစေရေးနဲ့ ပြည်ပဈေးကွက်တင်ပို့ရာမှာ အရည်အသွေးပြည့်ဝစေရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်တဲ့ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ(Good Agriculture Practice-GAP)စနစ်နဲ့ စိုက်ပျိုးထုတ်လုပ်နိုင်စေဖို့ နည်းပညာပေးလုပ်ငန်းတွေကိုလည်းပဲ အစဉ်တစိုက်အားပေးဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ GAP စနစ်ဟာ အစားအစာတွေ ဘေးအန္တရာယ်ကင်းရှင်းရေးကဏ္ဍ၊ ထုတ်ကုန်အရည်အသွေးပြည့်ဝကောင်းမွန်ရေးကဏ္ဍ၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းရေးကဏ္ဍနဲ့ လုပ်သားတွေရဲ့ ကျန်းမာရေးနှင့် လူမှုဘဝသာယာရေးကဏ္ဍဆိုတဲ့ ကဏ္ဍ(၄)ရပ်ပေါ်မှာ အခြေခံတည်ထားခြင်းဖြစ်ပါတယ်။ ဒီ GAP စနစ်ကို အများပြည်သူတွေသိရှိနားလည်စေဖို့ Public Awareness ရရှိရေးအတွက် အသိပေးကြေညာမှုကိုလည်း ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအတွင်းကလည်းပဲ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့အညီ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ထားပြီးလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ စားသုံးမှုများပြီး ပြည်ပပို့ကုန်လည်းအားထားရတဲ့ သီးနှံ ၁၅ မျိုးအတွက် GAP နည်းပညာကနေ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိရာမှာ အဲဒီသီးနှံ ၁၅ မျိုးထဲမှာ သစ်သီးဝလံ၊ ဥယျာဉ်ခြံသီးနှံတွေဖြစ်တဲ့ သရက်၊ ကျွဲကော၊ ဖရဲ၊ သခွားမွှေး၊ ခရမ်းချဉ်၊ ငရုတ်၊ ဂေါ်ဖီထုပ်၊ ကြက်သွန်နီ၊ ထောပတ်သီးနဲ့ ကော်ဖီစတဲ့ သီးနှံ ၁၀ မျိုးလည်းပါဝင်ပါတယ်။ GAP စနစ်ကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်သွားနိုင်ဖို့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးမှာ မကွေးတိုင်းဒေသကြီး၊ အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်းက အဆိုတင်သွင်းခဲ့မှုအပေါ်မှာ ၂၀၁၈ ခုနှစ်၊ မေလ ၃၀ ရက်နေ့မှာပြုလုပ်တဲ့ အမျိုးသားလွှတ်တော်အစည်းအဝေးမှာ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့အလျောက်လည်းပဲ မိမိတို့ဌာနအနေနဲ့ အစီအမံများချမှတ်ပြီးတော့ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နည်းပညာပေးသင်တန်းလုပ်ငန်းတွေ၊ တောင်သူတွေကြုံတွေ့ရတဲ့ အခက်အခဲတွေကို အချိန်မီဖြေရှင်းနိုင်ဖို့အတွက်ကိုလည်းပဲ သိရှိလိုတဲ့ စိုက်ပျိုးရေးဆိုင်ရာမေးမြန်းချက်တွေကိုလည်း Call Center ဖွင့်လှစ်ဖြေကြားနိုင်ရေးကိုလည်းပဲ စီမံဆောင်ရွက်ပေးလျက်ရှိတဲ့အတူ သီးနှံဈေးနှုန်းများနဲ့ပတ်သက်

တဲ့ စျေးကွက်သတင်းအချက်အလက်(Market Information)တွေကိုလည်းပဲ ကြိုတင်ဖြန့်ဝေ ဆောင်ရွက်ပေးနိုင်ဖို့အတွက် မိမိတို့မှာရှိတဲ့ Website ကိုလည်းပဲ ဖွင့်ထားပြီးလည်းဖြစ်ပါတယ်။ အလားတူ Facebook မှာလည်းပဲ ကြည့်ရှုနိုင်အောင် ဆောင်ရွက်ထားပြီးလည်းဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနလက်အောက်မှာ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံသုတေသနနှင့် ဖွံ့ဖြိုးရေးဗဟို ဌာန၊ အပင်ဇီဝနည်းပညာဗဟိုဌာန၊ ရိတ်သိမ်းချိန်လွန်နည်းပညာဌာနနဲ့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံဖွံ့ဖြိုးရေးဌာန၊ ရိတ်သိမ်းချိန်သင်တန်းကျောင်းတွေကနေပြီးတော့ သုတေသနလုပ်ငန်း တွေကိုလည်းပဲ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းစဉ်နဲ့ချိတ်ဆက်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းလည်း တင်ပြအပ်ပါတယ်။ ဒီသုတေသနတွေ့ရှိချက်တွေကို အခြေခံပြီး တော့ တိုင်းဒေသကြီး/ပြည်နယ်တွေမှာ ရာသီဥတုနဲ့မြေအနေအထားကိုလိုက်၍ အပူပိုင်းရာသီဥတု သီးနှံ၊ ဒေသသီးနှံ၊ သမခွေးပိုင်းရာသီဥတုသီးနှံနှင့် သမပိုင်းရာသီဥတုသီးနှံများအတွက် မျိုး၊ နည်းပညာဖြန့်ဝေပေးခြင်းနှင့် သင်တန်းပို့ချခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့်တနင်္သာရီတိုင်းဒေသကြီးတွေမှာဆိုရင် ကမ်းရိုးတန်းဒေသနှင့် အပူပိုင်းရာသီဥတုမှာဖြစ်ထွန်းတဲ့ သီးနှံများဖြစ်တဲ့ ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်၊ ရေငန်း၊ ကနစိုး၊ ကျွဲကောစတဲ့ သစ်သီးပင်များ အောင်မြင်ဖြစ်ထွန်းပြီး အဲဒီသီးနှံတွေနဲ့ပတ်သက်တဲ့ နည်းပညာ၊ မျိုးစေ့၊ ပျိုးပင်တွေကို ရန်ကုန်တိုင်း ဒေသကြီး၊ လှည်းကူးမြို့နယ်မှာရှိတဲ့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံသုတေသနနှင့် ဖွံ့ဖြိုးရေးဗဟို ဌာန(VFRDC)၊ မွန်ပြည်နယ်မှာရှိတဲ့ ကျုံကခြံ၊ ကန်ကလေးခြံ၊ အဇင်းခြံနှင့်အင်္ဂဟိုခြံတွေက နည်းပညာ နှင့် မျိုးကောင်း၊ မျိုးသန့်တွေကိုလည်းပဲ ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ မြန်မာပြည်အလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတွေမှာ သရက်၊ နဂါးမောက်၊ စပျစ်၊ မာလကာ၊ ပိန္နဲ၊ ဆီးစတဲ့ သစ်သီးပင်များစိုက်ပျိုးလျက်ရှိပြီးတော့ မြနဒီသရက်ခြံ၊ မိတ္ထီလာခြံ၊ ညောင်ဦးခြံ၊ ဆည်ပေါက်ခြံနှင့် ထုံးဘိုခြံတို့ကလည်းပဲ အလားတူ နည်းပညာနှင့်မျိုးကောင်း၊ မျိုးသန့် များ ဖြန့်ဖြူးပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ဒေသ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကချင်ပြည်နယ် တွေမှာ ထောပတ်၊ လိုက်ချီး၊ လောင်ဂန်၊ လိမ္မော်၊ နဂါးမောက်၊ မက်မန်း၊ မက်မွန်၊ မျောက်ဒိုစတဲ့ သစ်သီးပင်များစိုက်ပျိုးလျက်ရှိပြီး ပြင်ဦးလွင်မြို့နယ်မှာရှိတဲ့ ဒိုးကွင်းခြံ၊ ပွေးတောင်ခြံ၊ သက္ကန့်ခြံ၊ ရှမ်းပြည်နယ်မှာရှိတဲ့ နောင်ချိုခြံ၊ သီပေါခြံနှင့် နမ့်လတ်ခြံများမှာလည်းပဲ အလားတူ နည်းပညာနှင့် မျိုးကောင်း၊ မျိုးသန့်များဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းဒေသတွေမှာဆိုရင် လက်ဖက်၊ သစ်တော်၊ ပန်းသီး၊ သစ်အယ်၊ မက်မွန်စတဲ့ သစ်သီးပင်များစိုက်ပျိုးလျက်ရှိပါတယ်။ ပြင်ဦးလွင်မြို့နယ်မှာရှိတဲ့ ကျွန်းတိုင်ခြံ၊ ချင်းပြည်နယ်မှာရှိတဲ့ ကျောဘုတ်ခြံ၊ ဘော်ခွီးခြံ၊ လုံပီးခြံ၊ ရှမ်းပြည်နယ်မှာရှိတဲ့ ပင်လောင်းခြံများမှ နည်းပညာနှင့်မျိုးကောင်း၊ မျိုးသန့်များကိုလည်း ဖြန့်ဖြူးပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

အလားတူပဲ ရှမ်းပြည်နယ်မှာရှိတဲ့ ဟဲဟိုးခြံမှာဆိုရင် အာလူးမျိုးတွေကို တစ်သျှူးနည်းနဲ့မျိုးပွားခြင်းနဲ့ အာလူးမျိုးသစ်သုတေသနလုပ်ငန်းများကိုလည်းပဲ တွဲဖက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ဘဏ်နဲ့ပူးပေါင်းဆောင်ရွက်မယ့် အရေးပေါ်ပြန်လည်ထူထောင်ရေး အစီအစဉ် စီမံကိန်းကိုဆောင်ရွက်တဲ့နေရာမှာ ဥယျာဉ်ခြံသီးနှံများအတွက် မျိုးစေ့ပျိုးပင်ထောက်ပံ့ခြင်း၊ စံပြပျိုးရုံများတည်ထောင်ပြီး ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းဒေသကြီးတွေမှာ အအေးခန်းသိုလှောင်အိတ်များ ပံ့ပိုးမယ့်အစီအစဉ်၊ မျိုးစေ့သိုလှောင်ရုံများ တည်ဆောက်မယ့်အစီအစဉ်များကိုလည်း အဓိကဆောင်ရွက်သွားဖို့အတွက် စီစဉ်ထားရှိပြီးဖြစ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍအနေနဲ့ကလည်းပဲ မြန်မာနိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ ဗဟိုအသင်း(MFVPEA)ကို ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ၎င်းအောက်မှာ သီးနှံအလိုက်အစုအဖွဲ့ဖြစ်တဲ့ သရက်၊ ထောပတ်၊ ပန်းမာန်၊ သခွားမွှေးနဲ့ လက်ဖက်အစုအဖွဲ့များကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ယင်းအစုအဖွဲ့တွေရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ နည်းပညာဖလှယ်ခြင်း၊ မျိုးကောင်း၊ မျိုးသန့်ထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် ကုန်စည်ပြပွဲနှင့် စျေးကွက်တင်ပို့ခြင်းလုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကဲ့သို့ သစ်သီးဝလံ၊ ဥယျာဉ်ခြံသီးနှံများဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာမှာ ကုန်ကျစရိတ်၊ ရင်းနှီးမြှုပ်နှံမှုမြင့်မားတဲ့ စီမံကိန်းအသွင်သဏ္ဍာန်ထက် ဒေသရေ၊ မြေနဲ့ လိုက်လျောညီထွေဖြစ်ပြီး လက်တွေ့အကျိုးရှိထိရောက်မယ့် ခေတ်မီနည်းပညာအသုံးချ လုပ်ငန်းအစီအမံများနဲ့ သစ်သီးဝလံ၊ ဥယျာဉ်ခြံသီးနှံများ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပြည်တွင်းအတွက်သာမက ပြည်ပတင်ပို့မှုအတွက်ပါ အလားအလာကောင်းရှိတဲ့ အရည်အသွေးမီသစ်သီးဝလံ၊ ဥယျာဉ်ခြံသီးနှံတွေကို ဦးစားပေးအစီအစဉ်ဖြင့် အောင်မြင်ဖြစ်ထွန်းတဲ့ဒေသအလိုက် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသလို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်တဲ့အလျောက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့အဆိုဟာ မိမိတို့လုပ်မယ့် လုပ်ငန်းစဉ်အပေါ်မှာ များစွာအားဖြည့် အထောက်အကူရရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့အဆိုကို အတည်ပြုနိုင်ပါရန် ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့ သဘောထားပြောပါ။

**ဦးစိုင်းဝေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ ဒီကနေ့ ကျွန်တော်တင်သွင်းတဲ့အဆိုအပေါ် ဝိုင်းဝန်းထောက်ခံဆွေးနွေးသွားကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။ ဒီသစ်သီးဝလံ ဖွံ့ဖြိုးတိုးတက်ရေး တိုက်တွန်းချက်အဆိုဟာ ကျွန်တော်တို့ နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် နိုင်ငံတော်ကအမှန်တကယ်ဆောင်ရွက်သွားရမည့် အဆိုတစ်ခုဖြစ်နေပါတယ်။ ကျွန်တော်တို့ ဒီသစ်သီးဝလံတွေစိုက်တောင်သူတွေအနေနဲ့ လတ်တလော ရင်ဆိုင်ကြုံတွေ့နေရတဲ့အခက်အခဲတွေကနေ ကင်းလွတ်နိုင်ဖို့အတွက် ကူညီပံ့ပိုးပေးပါ။ ပြီးရင် ကျွန်တော့်အဆိုထဲမှာတင်ပြထားသလိုပဲ ပြည်နယ်နှင့်တိုင်းဒေသကြီးတွေမှာလိုအပ်တဲ့၊ ဒေသမှာစီးပွားဖြစ်ဖြစ်ထွန်းနေတဲ့ သစ်သီးဝလံတွေအပေါ်မှာ ပိုမိုပြီးမှ ပံ့ပိုးကူညီဆောင်ရွက်ပေးပါ။ ကျွန်တော်တို့

အိမ်နီးချင်းနိုင်ငံတွေကနေ မှီခိုပံ့ပိုးနေရတဲ့၊ မှီခိုအားထားနေရတဲ့ဘဝကနေ လွတ်မြောက်ပြီးတော့မှ ကျွန်တော်တို့ မိသားစုတစ်ပိုင်တစ်နိုင်ဘဝကနေ နိုင်ငံခြားပို့ကုန်အထိ တင်ပို့နိုင်တဲ့ သစ်သီးဝလံတွေ များစွာဖြစ်ထွန်းအောင်မြင်နိုင်ပါစေလို့ ကျွန်တော့်အနေနဲ့ဆန္ဒပြုရင်း ဆုတောင်းအပ်ပါတယ်။ ကျွန်တော့်ရဲ့အဆိုကို အတည်ပြုပေးတဲ့အတွက် အများကြီးပဲ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ်ကိုးဦးက ဆွေးနွေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အဆိုအားအတည်ပြုသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်က လည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးစိုင်းဝေါင်းဆိုင်ဟိန်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ သြဂုတ်လ ၂၃ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၁၂း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ (၂၁.၈.၂၀၁၈)
ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ

pyithu.hluttaw.mm


Dr Tin Htay Aung


U Hla Kyaw

pyithu.hluttaw.mm


U Hla Kyaw


U Ohn Lwin

pyithu.hluttaw.mm


U Sai Kyaw Moe


U Kyaw Myo

pyithu.hluttaw.mm


U Zaw Min Thein


U Kyaw Myo

pyithu.hluttaw.mm


U Aung Hlaing Win


U Kyaw Myo

pyithu.hluttaw.mm


Dr San Shwe Win


U Kyaw Myo

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်